# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


ညစ်ကြေးတရား အားလုံးမှာ
ကြောက်ဖွယ်ကောင်းဆုံး ညစ်ကြေးကား
အဝိဇ္ဇာခေါ် မသိတရား။
မသိတရား ပယ်စွန့်က
ညစ်ကြေးကင်းသည် ဖြစ်စေသား။
ငါ၏ ချစ်သား ရဟန်းများ။
မလဝဂ်၊ အညစ်အကြေး-၂၄၃။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် အင်္ဂါနေ့ | 26, Tuesday April 2016 | (၈၅၄၃)




# အဝေးပြေးယာဉ်ရပ်နားစခန်းပါ အဆင့်မြင့်အိမ်ရာစီမံကိန်းကို ကန်ဒေါ်လာ သန်း ၁၂၀ အကုန်အကျခံ တည်ဆောက်မည်

ရန်ကုန် ဧပြီ ၂၅

**မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်းပါ INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့် (ယခင်ပါရမီကားကြီးကွင်းနေရာ) ၌ အမေရိကန်ဒေါ်လာ သန်း ၁၂၀ အကုန်အကျခံကာ တောင်ကိုရီးယားနိုင်ငံ INNO Group မှ အကောင်အထည်ဖော် စတင်ဆောက်လုပ်တော့မည်ဖြစ်သည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့

## အနာဂတ်ရှိသော ခိုင်မာသည့် ရန်ကုန်မြို့ပြစီမံကိန်းတစ်ခု ရေးဆွဲမည်

ဆုနှင်းလဲ့

လက်ရှိအစိုးရလက်ထက်တွင် အနာဂတ်ရှိသော ခိုင်မာသည့် ရန်ကုန်မြို့ပြစီမံကိန်းတစ်ခုကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံ့ဂျီဒီပီ၏ အရေးပါဆုံးဖြစ်သော ရန်ကုန်မြို့တွင် မြို့ပြစီမံကိန်းများ ဆောင်ရွက်ခဲ့မှုများရှိသော်လည်း ခိုင်မာ၍ အနာဂတ်ရှိသော မြို့ပြစီမံကိန်းကြီးတစ်ခုကို ရေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ယနေ့ပြုလုပ်ခဲ့သော တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ စက်မှုဇုန်တွေဟာ ဒီမြို့ပြစီမံကိန်းရဲ့ အစိတ်အပိုင်းအဖြစ်ပါဝင်လာမှာပါ။ ရန်ကုန်မြို့ပြစီမံကိန်းကြီးတစ်ခုကို အခိုင်အမာပြန်ပြီးရေးဆွဲသွားဖို့ရှိပါတယ်။ JICA က လုပ်နေတဲ့ ၂၀၄၀ အထိ စီမံကိန်းရှိသလို ဒီမှာ ပုံပျက်ပန်းပျက်နဲ့ စံနှုန်းပျက်သွားတဲ့ အခြေအနေတွေ အများကြီးရှိပါတယ်။ ဒီအခြေအနေတွေကို ပြန်လည်ပြုပြင်ပြီး ပြန်လည်သုံးသပ်ရမှာတွေ ရှိပါတယ်။ KOICA က ကူညီပေးချင်တာတို့၊ အင်္ဂလန်ကလည်း ကျွန်တော်တို့တိုင်းပြည်က တစ်ချိန်က အင်္ဂလိပ်ရေးဆွဲခဲ့တဲ့ မြို့ကြီးဖြစ်တဲ့အတွက် ကူညီပေးချင်တာတို့ ရှိပါတယ်။ ကျွန်တော်တို့ မျှော်မှန်းထားတဲ့မြို့ဟာ ရှေ့နှစ် ၅၀၊ ၆၀ အနာဂတ်ရှိတဲ့ မြို့ပြစီမံကိန်းဖြစ်ရပါမယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားမှုများကို တပ်မတော်သားများက ရှင်းလင်းဖယ်ရှား၍ ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (သတင်း စာမျက်နှာ -၁၁) (မြဝတီ)




ကြေးမုံ

# ပြည်သူ့ဝန်ဆောင်မှုကို အသိစိတ်ဓာတ်ဖြင့် ကျေပွန်စွာထမ်းဆောင်

သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်း၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် လူထုဆက်သွယ်ရေးလုပ်ငန်းများသည် တိုင်းပြည်အတွက်အရေးပါသောလုပ်ငန်းများ ဖြစ်သည်။ တိုင်းပြည်အတွက် အလွန်ထက်မြက်သော လက်နက်များလည်းဖြစ်သည်။

လူထုဆက်သွယ်ရေးဟုဆိုရာတွင် အထက်ပါလုပ်ငန်းများအပြင် ပြည်သူတို့နှင့်နေ့စဉ်ထိတွေ့ဆက်ဆံနေရသော လုပ်ငန်းများစွာလည်းပါဝင်သည်။ ပြည်သူနှင့် နေ့စဉ်ထိတွေ့ဆက်ဆံရသောကြောင့် နိုင်ငံအတွက် အရေးကြီးသောလက်နက်များဟု ဆိုနိုင်သည်။

ထိုလက်နက်များသည် တိုင်းပြည်အကျိုးကို စောင့်ရှောက်နိုင်သလို တိုင်းပြည်အကျိုးကိုလည်း ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် လူထုဆက်သွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ကြသူတို့သည် တိုင်းပြည်အကျိုးကို မြော်တွေးပြီး ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝရမည်။ ရည်မှန်းချက်ရှိရမည်။ တာဝန်သိရမည်။ တာဝန်ယူရမည်။

တစ်ချိန်သောကာလက ပြည်သူလူထုအကျိုးအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်ကြရာတွင် ပြည်သူကိုဗဟိုပြုကြမည်ဟု ဆိုကြသော်လည်း လက်တွေ့တွင်ပြည်သူလူထုအကျိုးစီးပွားကို ထိရောက်အောင် ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည်ကိုတွေ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ အဆင့်လိုက်တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ အထက်ကလည်း ညွှန်ကြား၊ အောက်ကလည်း လိုက်နာကြပြီး ဝန်ထမ်းများ တာဝန်ကျေလုပ်ကိုင်ဆောင်ရွက်ကြသောကြောင့် ပြည်သူလူထုလိုအပ်ချက်နှင့် ကင်းကွာခဲ့ရသည်။

လက်ရှိကာလတွင် လူထုဆက်သွယ်ရေးလုပ်ငန်းများစွာတို့ကို လုပ်ကိုင်ကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အထက်က ကြီးကြပ်ကွပ်ကဲပြီးညွှန်ကြားမှသာ လုပ်တတ် ကိုင်တတ်သည်မျိုး မဖြစ်သင့်တော့ချေ။ မိမိတို့၏ကိုယ်စီတာဝန်အပေါ် မူတည်ပြီး ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အလုပ်တိုင်းတွင် ကိုယ်ပိုင်လုပ်ခွင့်ရှိသလောက် တီထွင်ကြံဆလုပ်ကိုင်တတ်ကြဖို့လိုပြီ ဖြစ်သည်။ အရေးကြီးသည်မှာ ဌာနအကျိုးနှင့် ပြည်သူလူထုအကျိုးစီးပွားကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးဖို့သာ ဖြစ်သည်။

လူထုဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသူတို့သည် အထက်ကကြီးကြပ်ကွပ်ကဲပြီး ညွှန်ကြားခိုင်းစေမှသာ လုပ်တတ်သလို လုပ်သည့်အပြုအမူသည် ပျော့ညံ့သောအမူအကျင့်နှင့် တာဝန်သိမှုလျော့ရဲသော စိတ်နေစိတ်ထားများကို အကြောင်းမတန် မွေးမြူမိတတ်သည်။ လူထုဆက်သွယ်ရေးတာဝန်များကို မဖြည့်နိုင်၊ မစည်းနိုင် ဖြစ်ကြရသည်။ ကိုယ်ပိုင်တီထွင်လုပ်ကိုင်ခွင့်ရှိလျှင် ရှိသလောက် တီထွင်ကြံဆလုပ်ကိုင်ခြင်းမပြုသည့် ထုံထိုင်းသောအမူအကျင့်နှင့် ထက်မြက်မှု ဆိတ်သုဉ်းသည့် စိတ်နေစိတ်ထားများကို မွေးမြူမိတတ်သောကြောင့် ပြည်သူကိုထိထိရောက်ရောက်အကျိုးပြုသည့် ခေတ်သစ်လူထုဆက်သွယ်ရေးလုပ်ငန်းသို့ မရောက်နိုင်ဖြစ်ကြရသည်။

လူထုဆက်သွယ်ရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသော နိုင်ငံပိုင်မီဒီယာလုပ်ငန်းများသာမက ပြည်သူလူထုနှင့် နေ့စဉ် ထိတွေ့ဆက်ဆံနေကြရသော ပြည်သူ့အကျိုးဆောင်လုပ်ငန်းများအနေဖြင့် အထက်က ကြီးကြပ်ကွပ်ကဲပြီး အမိန့်ပေးခိုင်းစေမှသာ လုပ်တတ်ကိုင်တတ်သည့် ရေစုန်မျောအကျင့်၊ ခေါက်ရိုးကျိုးအကျင့်များကို ပယ်ဖျောက်ကြရမည်ဖြစ်သည်။ ပြည်သူလူထုအကျိုးစီးပွားအတွက် သတ်မှတ်ထားသောဘောင်အတွင်းမှ ကိုယ်ပိုင်လုပ်ခွင့်ရှိသလောက် ကြိုးပမ်းအားထုတ်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူထုဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ပြီးခဲ့သည့်ကာလများအတွင်း ပြည်သူဗဟိုပြုသည့်လုပ်ငန်းများဖြစ်စေရမည်ဟု ကြွေးကြော်ခဲ့ကြသော်လည်း လက်တွေ့တွင် အထက်ကလည်းအထက်၊ အောက်ကလည်းအောက် အလိုက်သင့်မျှောကာ လုပ်ကိုင်ခဲ့ကြသောကြောင့် ပြည်သူအတွက် ထိထိရောက်ရောက်မဖြစ်ခဲ့သည်မှာ အမှန်ဖြစ်သည်။ ယခုကဲ့သို့ ပြည်သူလူထုအကျိုးဖြစ်ထွန်းစေရန်ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ခိုက်တွင် အမှန်တကယ်မလိုအပ်သော အထက်မှ ကြီးကြပ်ကွပ်ကဲပြီး ညွှန်ကြားခိုင်းစေနေခြင်းမျိုး၊ ဌာနဆိုင်ရာအကျိုးသက်သက်၊ ကိုယ်ပိုင်အကျိုးသက်သက်၊ ကွက်ကွက်လေးသာကြည့်ပြီး ပြည်သူ့ဝန်ဆောင်မှုပြုကြသည့် အဟန့်အတားဖြစ်စေသည်တို့ကို ရှောင်ရှားရမည် ဖြစ်သည်။

လူထုဆက်သွယ်ရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို တာဝန်သိသိ၊ သစ္စာရှိရှိ ယုံကြည်ချက်၊ ရည်မှန်းချက်အပြည့်ဖြင့် ဆောင်ရွက်ကြရာတွင် ပေးအပ်ထားသောတာဝန်များကို အထက်ကညွှန်ကြားမှ လုပ်မည်ဟုသဘောမထားဘဲ မိမိတို့၏ကိုယ်ပိုင်တီထွင်ကြံဆမှုဖြင့် တာဝန်သိစွာဖြင့် အကောင်းဆုံးထမ်းဆောင်သွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် OECD မှ ညွှန်ကြားရေးမှူးတို့ သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Gautam Mukhopadhaya သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD) မှ ညွှန်ကြားရေးမှူး Mr. Pete Silvester သည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း **(အပေါ်ပုံ)**အဆိုပါ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံစဉ် အိန္ဒိယ-မြန်မာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း၊ OECD မှ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍနှင့် ပတ်သက်၍ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် မီဒီယာကဏ္ဍ ပိုမိုဖြစ်ထွန်းရေးအတွက် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ ဆက်လက်စစ်ဆေး

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား ဆက်လက်စစ်ဆေးလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲ ခုံရုံးတရားခွင်၌ ရွေးကောက်ပွဲခုံအဖွဲ့ (၄) ဥက္ကဋ္ဌ ဦးလှတင့်၊ အဖွဲ့ဝင် ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့က ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၁၀/၂၀၁၅)၊ (၁၁/၂၀၁၅)၊ (၃၉/၂၀၁၅)၊ (၄၀/၂၀၁၅)၊ (၄၂/၂၀၁၅)၊ (၄၃/၂၀၁၅)နှင့် (၄၄/၂၀၁၅) တို့အား ဆက်လက်စစ်ဆေးခဲ့ပြီး အမှုရုံးချိန်းများ ချိန်းဆိုခဲ့သည်။

**(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၁ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ဒေသတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပင်မစီမံကိန်းရေးဆွဲချမှတ် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား မလေးရှားနိုင်ငံ United Business Media (UBM) မှ Co-Chairman General Tan Sri Dato' Seri Panglima Mohd Azumi ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ SUZUKI (Myanmar) Co., Ltd. မှ Managing Director Mr. Takayuki SUGIYAMA ဦးဆောင်သောအဖွဲ့က မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

UBM နှင့် တွေ့ဆုံရာတွင် ၎င်းတို့ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော Exhibition Organising လုပ်ငန်းများ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် "Myanmar Water 2016, Renewable Energy & Energy Efficiency" ပြပွဲနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး ၂၀၁၆ ခုနှစ် မေလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် INTERMATCH 2016 သို့ တက်ရောက်၍ ဒေသတွင်းစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပင်မစီမံကိန်း (Industrial Master Plan) ရေးဆွဲချမှတ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အတွက် ပြည်ထောင်စုဝန်ကြီးအား ဖိတ်ကြားသည်။

SUZUKI (Myanmar) Co., Ltd. မှ Managing Director Mr. Takayuki SUGIYAMA နှင့်တွေ့ဆုံရာ၌ သီလဝါအထူးစီးပွားရေးဇုန်တွင် SUZUKI ကုမ္ပဏီမှ တည်ဆောက်လျက်ရှိသော SUZUKI Ertiga Model မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံ၏လက်ရှိအခြေအနေ၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ဆောက်လျက်ရှိသည့် SUZUKI စက်ရုံ လုပ်ငန်းများပြီးစီးမှုအခြေအနေနှင့် စီမံကိန်းစတင်နိုင်မည့် ၂၀၁၈ ခုနှစ် မတိုင်မီကာလအတွင်းကုမ္ပဏီမှ ငှားရမ်းအသုံးပြုလျက်ရှိသည့် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ တောင်ဒဂုံစက်ရုံကို သက်တမ်းတစ်နှစ်ထပ်မံတိုးမြှင့် ငှားရမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်ဖွယ်ရှိ

**မန္တလေး မေ ၂၅**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှု ရက်ဆက်ဖြစ်ပေါ်ခဲ့သဖြင့် ဧရာဝတီမြစ်ရေသည် မေ ၂၅ ရက် တိုင်းထွာချက်အရ ရက်သတ္တပတ်အတွင်း ၁၃ ပေနီးပါး မြင့်တက်ခဲ့ပြီး မိုးရာသီရောက်တော့မည်ဖြစ်၍ မြစ်ရေဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း မိုး/ဇလ (မန္တလေး)မှ သိရသည်။

ပြီးခဲ့သည့် မေ ၁၉ ရက်က မြစ်ရေတိုင်းထွာချက်အရ ၄၀၁ စင်တီမီတာရှိ၍ မေ ၂၅ ရက်တွင် ၇၈၉ စင်တီမီတာရှိသဖြင့် ရက်သတ္တပတ်အတွင်း ၃၈၈ စင်တီမီတာ (၁၃ ပေနီးပါး) မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"စိုးရိမ်ရမယ့် အနေအထားမဟုတ်ပါဘူး။ ပျမ်းမျှဆိုရင် ဒီရက်ပိုင်းအတွင်း တစ်ရက်ကို နှစ်ပေ၊ သုံးပေလောက်ပဲ တက်တာပါ။ မေလမှာတော့ အရင်နှစ်တွေကလည်း Danger Level ရောက်တာမရှိဘူး။ အခုလို မြစ်ရေတက်တာကလည်း မိုးရွာသွန်းမှုဖြစ်ပြီး တောင်ကျရေတွေကြောင့်ဖြစ်တာပါ"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မန္တလေး)နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)တို့သည် ဧရာဝတီ မြစ်ရေတိုင်းတာမှုမှတ်တမ်းများကို နေ့စဉ် ဌာနချင်းချိတ်ဆက်ကာ မှတ်တမ်းပြုစုကြောင်း၊ ပြီးခဲ့သည့်ရက်များက မြစ်ကြီးနား၊ မချမ်းဘော၊ ခန္တီး၊ ဗန်းမော်စသည့် အထက်ပိုင်းဒေသများတွင် ရက်ဆက်မိုးရွာသွန်းခဲ့ပြီး မိုးရေချိန် တစ်လက်မကျော်ထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

"မြစ်ရေ ၇၄၆ စင်တီမီတာကို ပေဖွဲ့ရင် ၂၄ ပေပါ။ ဒါကို မြစ်ရေ ၂၄ ပေတက်တယ်လို့ပြောရင် အများကြောင့် ပြည်သူတွေ အထိတ်တလန့်ဖြစ်သွားမှာ။ မြေအောက်ကြမ်းပြင် Zero Level ကတိုင်းသလို ဖြစ်နေတာပါ။ အတက်အကျဆိုတာ ပြီးခဲ့တဲ့ မြစ်ရေအမှတ်တွေနဲ့ ယှဉ်ရမှာဖြစ်တယ်။ ကျွန်တော်တို့ဌာနက မြစ်ရေအမှတ်နဲ့ ဌာနလုပ်ငန်းတွေကို လုပ်ဆောင်နေရတာဖြစ်လို့ မိုး/ဇလကနေ ရေအမှတ်ကို နေ့တိုင်းယူရတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)မှ ဦးစီးအရာရှိ ဦးကိုကိုအောင်က ပြောသည်။

မြစ်ကြီးနားတွင် ဧရာဝတီမြစ်ရေတိုင်းတာသည့် မှတ်တမ်းများအရ မေ ၁၉ ရက်က ၄၀၁ စင်တီမီတာ၊ ၂၀ ရက်က ၄၃၆ စင်တီမီတာ၊ ၂၁ ရက်က ၅၄၆ စင်တီမီတာ၊ ၂၂ ရက်က ၅၅၆ စင်တီမီတာ၊ ၂၃ ရက်က ၇၄၆ စင်တီမီတာ၊၂၄ ရက်က ၇၀၈ စင်တီမီတာနှင့် ၂၅ ရက်က ၇၈၉ စင်တီမီတာဖြစ်ပြီး မေ ၁၉ ရက်မှ ၂၅ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၈၈ စင်တီမီတာ (၁၃ ပေနီးပါး) မြင့်တက်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မိုင်းရယ်၌ လေပြင်းတိုက်ခတ် မိုးသီးများကြွေကျ လူနေအဆောက်အအုံများ ပျက်စီး

**လားရှိုး မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့၌ မေ ၂၅ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က လေပြင်းတိုက်ခတ်ကာ မိုးသီးများကြွေကျခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းရယ်မြို့၌ အဆောက်အအုံများ၊ လူနေအိမ်ခြေများ အမိုးသွပ်လန်ခြင်းနှင့် သစ်ပင်ကြီးများ ကျိုးကျခြင်းကြောင့် လမ်းဘေးဓာတ်အားလိုင်းတိုင်များ ကျိုးကျပျက်စီးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှာ လေပြင်းတိုက်ခတ်ပြီး မိုးသီးများကြွေကျခြင်းကြောင့် သွပ်မိုးများ ပေါက်ပြဲခဲ့ပြီး မြေစိုက်နံရံကပ်ဘုတ်မှာလည်း ပြိုလဲခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

# မော်လမြိုင်မြို့နှင့် သထုံမြို့တို့တွင် လွှတ်တော်ကိုယ်စားလှယ်များ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၂၅**


မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မွန်ပြည်နယ် မော်လမြိုင်မြို့၌ မေ ၂၄ ရက် နံနက် ၆ နာရီခွဲမှစ၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ကြီးကြပ်မှုဖြင့် ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း ဦးစီးသည့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်လုံခြုံရေးတပ်ခွဲ၊ အမှတ်(၁၂) ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲနှင့် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်အရာရှိ/အခြားအဆင့် စုစုပေါင်း ၁၅၈ ဦးတို့က မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်၊ မြိုင်ရတနာဈေးပတ်ဝန်းကျင်၊ သာသနာ့ဗိမာန်လမ်းတစ်လျှောက်နှင့် အနောက်တပ်မြေလမ်းတစ်လျှောက်ရှိ ချုံနွယ်များ၊ အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြရာ အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်သောင်းညွှန့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



အလားတူ နံနက် ၆ နာရီမှစ၍ မွန်ပြည်နယ် သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ စေတီတော်ပတ်ဝန်းကျင်နှင့် သထုံမြို့မဈေးတို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်ကျော်သူနှင့် ဒေါ်လဲ့လဲ့ခိုင်တို့ဦးစီးသည့် ပြည်သူ ၁၀၀၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်း ဦးစီးသည့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ သထုံမြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်/မိသားစုဝင်များ စုစုပေါင်း ၈၉ ဦး၊ သထုံမြို့နယ်စည်ပင်မှဝန်ထမ်းများ၊ နောင်ကုလားကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး စက်ချုပ်သင်တန်းကျောင်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသူများ၊ စုစုပေါင်း ၂၃၀ ခန့်တို့က စည်ပင်အမှိုက်သိမ်းယာဉ် နှစ်စီးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



## ဂျပန်၌ မြေငလျင်ပြန်လည်ထူထောင်ရေး ဘတ်ဂျက်ရေးဆွဲရန် ဝန်ကြီးချုပ်ညွှန်ကြား

**တိုကျို ဧပြီ ၂၅**

ဂျပန်နိုင်ငံ၌ မကြာသေးမီက မြေငလျင်လှုပ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့နိုင်ရန် နောက်ဆက်တွဲ ဘတ်ဂျက်ရေးဆွဲ ဆောင်ရွက်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အစိုးရ အဖွဲ့အား ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်း ဌာနများက ဧပြီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်း၌ မကြာသေးမီက လှုပ်ခဲ့သော မြေငလျင်ကြောင့် လူပေါင်း ၅၀ ခန့် သေဆုံး ခဲ့ပြီး နေအိမ်အလုံးပေါင်း ၅၀၀၀ ထက်မနည်း ပျက်စီးခဲ့ ရသည်။ ဧပြီ ၂၂ ရက်အခြေပြစာရင်းအရ ပြည်သူ ၈၀၀၀၀ ခန့်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရ သည်။

ဂျီ-၇ အုပ်စု၏ ထိပ်သီးအစည်းအဝေးမတိုင်မီတွင် ဂျပန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် ဝန်ကြီးချုပ် အာဘေး၏ အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက် နေချိန်တွင် မြေငလျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် နောက်ဆက်တွဲဘတ်ဂျက်အသုံးစရိတ် ရရှိရန် လုပ်ဆောင်လာရခြင်းဖြစ်သည်။ ဂျီ-၇ ထိပ်သီးအစည်း အဝေးကို ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်ဇီရှီးမားမြို့၌ မေလနှောင်းပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

လက်ရှိကျင်းပနေသော ပါလီမန်အစည်းအဝေးတွင် နောက်ဆက်တွဲ ဘတ်ဂျက်ငွေစာရင်းကို အတည်ပြုပေး နိုင်ရန်အတွက် အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်အာဘေးက သဘာဝဘေး အန္တရာယ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးတွင် ပြောကြားသည်။ လက်ရှိ ပါလီမန်အစည်းအဝေးသည် ဇွန် ၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

မြေငလျင်ကြီး လှုပ်ခဲ့ပြီးနောက် မြေငလျင်ငယ်များ ဆက်လက်လှုပ်နေဆဲဖြစ်သဖြင့် နောက်ဆက်တွဲ ဘတ်ဂျက် အသုံးစရိတ်၏ ငွေကြေးပမာဏကို ပုံသေသတ်မှတ်နိုင် မည်မဟုတ်ကြောင်း အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေး ဝန်ကြီး တာရိုအာဇိုက သတင်းထောက်များကို ပြောကြား သည်။

**ရိုက်တာ။**



ရီပတ်ဘလီကန်သမ္မတလောင်းများဖြစ်သည့် ဂျွန်ကဆစ်၊ ဒေါ်နယ်လ်ထရမ့်နှင့် တက်ဒ်ခရုဇ်။

## ဒေါ်နယ်လ်ထရမ့်ကို ယှဉ်ပြိုင်ရန် တက်ဒ်ခရုဇ်နှင့် ဂျွန်ကဆစ်တို့ ပူးပေါင်း

**ဝါရှင်တန် ဧပြီ ၂၅**

အမေရိကန်နိုင်ငံမှ ရီပတ်ဘလီကန်ပြိုင်ဘက်သမ္မတလောင်းနှစ်ဦးဖြစ်သည့် တက်ဒ်ခရုဇ်နှင့် ဂျွန်ကဆစ်တို့သည် ဒေါ်နယ်လ်ထရမ့်ကို ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်နယ်အချို့ကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ခွဲဝေပေးသွားကြ မည်ဖြစ်ကြောင်း တနင်္ဂနွေညပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။ ရီပတ်ဘလီကန်ပါတီတွင် ဒေါ်နယ်လ်ထရမ့်သည် ၎င်းတို့နှစ်ဦးအပေါ် သိသိသာသာ အသာစီးရထားပြီး လိုအပ်သည့် ကိုယ်စားလှယ်ထောက်ခံမဲရရှိရန် ကြိုးစား လျက်ရှိသည်။

မျှော်လင့်မထားသော ထုတ်ပြန်ကြေညာချက်များတွင် တက္ကဆက်အထက်လွှတ်တော်အမတ် တက်ဒ်ခရုဇ်က ၎င်းအနေဖြင့် အင်ဒီယားနားပြည်နယ်တွင်သာ အဓိကအာရုံစိုက်မဲဆွယ်စည်းရုံးသွားမည်ဖြစ်ပြီး ယင်းပြည်နယ်တွင် အိုဟိုင်းယိုးပြည်နယ်အုပ်ချုပ်ရေးမှူး ဂျွန်ကဆစ်က မဲဆွယ်စည်းရုံးခြင်းပြုလုပ်မည်မဟုတ်ပေ။ ထို့အတူ အော်ရီဂွန် ပြည်နယ်နှင့် နယူးမက္ကဆီကိုပြည်နယ်များတွင် ဂျွန်ကဆစ်ကသာ ဦးစားပေးမဲဆွယ်စည်းရုံးသွားမည်ဖြစ်ပြီး ယင်းပြည်နယ် များတွင် တက်ဒ်ခရုဇ်က မဲဆွယ်စည်းရုံးခြင်းပြုလုပ်မည်မဟုတ်ပေ။ တက်ဒ်ခရုဇ်နှင့် ဂျွန်ကဆစ်တို့က ၎င်းတို့အား ထောက်ခံသူများ ယင်းအစီအစဉ်အတိုင်း ထောက်ခံပေးကြရန် တောင်းဆိုခဲ့သည်။

၎င်းတို့နှစ်ဦး၏ ရည်ရွယ်ချက်မှာ အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး ဒေါ်နယ်လ်ထရမ့်အနေဖြင့် ရီပတ် ဘလီကန်ပါတီတွင်း ပထမအကြိမ်မဲပေးရွေးချယ်ပွဲတွင် လိုအပ်သော ကိုယ်စားလှယ်ထောက်ခံမဲ မရရှိနိုင်စေရန် ဖြစ်သည်။

အဆိုပါထုတ်ပြန်ကြေညာချက်ထွက်ပေါ်လာပြီးနောက် ဒေါ်နယ်လ်ထရမ့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် တက်ဒ်ခရုဇ်နှင့် ဂျွန်ကဆစ်တို့သည် ရီပတ်ဘလီကန်သမ္မတလောင်း ပြိုင်ပွဲတွင် မိမိကို အမီလိုက်ယှဉ်ပြိုင်နိုင်ရေးအတွက် လိမ်လည်လှည့်ဖြားရန် ပူးပေါင်းကြံစည်နေပြီး ကြံရာမရဖြစ်နေကြပြီဟု ရေးသားထားသည်။

**ဆင်ဟွာ။**

## မြောက်ကိုရီးယားရန်မှကာကွယ်ရန် ဒုံးကျည်ကာကွယ်ရေးစနစ် တောင်ကိုရီးယား အရှိန်မြှင့်လုပ်ဆောင်

**ဆိုးလ် ဧပြီ ၂၅**

ပြီးခဲ့သည့် ဧပြီ ၂၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံက ရေငုပ်သင်္ဘောတစ်စင်းမှ တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ် ပစ်ခတ်ပြီးနောက် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အရှိန် မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း တောင်ကိုရီးယား နိုင်ငံက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ရေငုပ်သင်္ဘောမှ ပစ်ခတ် ရသော တိုက်ချင်းပစ်ဒုံးကျည်များ သို့မဟုတ် (SLBMs) ကို ကိုင်တွယ်ဖြေရှင်းရန် တောင်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည် ကြိုတင်အချက်ပေးစနစ်ကို အရှိန် မြှင့်တင်လုပ်ဆောင်နေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်းဆန်ဂျန်းက ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းဆောင်ရွက်၍ ရေဒါ စနစ်တောင့်တင်းခိုင်မာအောင် လုပ်ဆောင်လျက်ရှိကြောင်း သူကဆိုသည်။ မြောက်ကိုရီးယားနိုင်ငံသည် ဧပြီ ၂၃ ရက် က နိုင်ငံအရှေ့ပိုင်း ဟမ်ဂျောင်နမ်ဒိုပြည်နယ် ဆင်ပိုကမ်း လွန်ရှိ ရေငုပ်သင်္ဘောမှ တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ဟု ထင်ရသော ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက ယင်း၏ SLBM စွမ်းပကား တိုးတက်အောင်ကြိုးပမ်းနေကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ရေအောက်မှပစ်ခတ်သောဒုံးကျည်များမှာ မြေပြင်မှ ပစ်ခတ်သောဒုံးကျည်များထက် ထောက်လှမ်းရပိုမိုခက်ခဲ ကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းသို့သော ဒုံးကျည်များကို ၃-၄ နှစ်အတွင်း ဖြန့်ကြက် နိုင်စွမ်းရှိတော့မည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံ ဟမ်ဂျောင်ပွတ်ခ်ဒိုပြည်နယ်ရှိ ပွန်းကျဲရိ နျူကလီးယားစမ်းသပ်နယ်မြေ၌ စစ်ဘက်တပ်ဖွဲ့ ဝင်များနှင့် မော်တော်ယာဉ်များ၏လှုပ်ရှားမှုများကိုလည်း မွန်းက ညွှန်ပြလိုက်သည်။ ကိုရီးယားပြည်သူ့တပ်မတော် တည်ထောင်သော နှစ်ပတ်လည်နေ့နှင့်တိုက်ဆိုင်၍ မြောက်ကိုရီးယားနိုင်ငံက ငါးကြိမ်မြောက် နျူကလီးယား စမ်းသပ်မှုပြုလုပ်ခြင်းရှိ၊ မရှိကို တောင်ကိုရီးယားနိုင်ငံက စောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



## အစွန်းရောက်ဝါဒများ ပျံ့နှံ့မှုမရှိစေရေး တားဆီးကာကွယ်မည်ဟု တရုတ်သမ္မတ ရှီပြော

**ပေကျင်း ဧပြီ ၂၅**

ဘာသာရေးကို အသုံးပြု၍ ပြည်ပမှ စိမ့်ဝင်ထိုးဖောက်မှု မပြုနိုင်ရေးအတွက်လည်းကောင်း၊ အစွန်းရောက်ဝါဒီများ၏ ဝါဒသဘောတရားများ ပျံ့နှံ့လာခြင်းမရှိစေရေးအတွက် လည်းကောင်း တားဆီးကာကွယ်ရန် တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဟု သမ္မတ ရှီကျင့်ဖျင်က အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်အဆင့် အစည်းအဝေးတွင် တိုက်တွန်းလိုက် ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန် သည်။

တရုတ်နိုင်ငံသည် ကွန်မြူနစ်ပါတီ၏ ဘာသာရေး သဘောတရားများနှင့် မူဝါဒများအား မြှင့်တင်နိုင်ရေး အတွက် အင်တာနက်ကို စီမံခန့်ခွဲရန်လည်း လိုအပ်မည်ဖြစ် ကြောင်း သမ္မတရှီက ပြောကြားသည်။

ဧပြီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သော ဘာသာရေးဆိုင်ရာ နိုင်ငံတော်အဆင့် အစည်းအဝေးတွင် သမ္မတရှီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဘာသာရေး လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက် မည်ဟု အာဏာရ ကွန်မြူနစ်ပါတီက ပြောကြားသော်လည်း ဘာသာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များကို ပိုမိုထိန်းချုပ်လျက်ရှိသည်။ တရားဝင်တည်ရှိသော ဘာသာရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကိုသာ လျှင် ကွန်မြူနစ်ပါတီက ခွင့်ပြုပေးကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဒေသ၌ အစ္စလာမ္မစ် ဝါဒီများ၏ ဩဇာတိက္ကမကြီးမားလာမှုနှင့် ပတ်သက်၍ အစိုးရအဖွဲ့က စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ရှင်ကျန်းဒေသ၌ လူနည်းစု မွတ်စလင်အူဂါမျိုးနွယ်စုဝင် များနှင့် လူများစုဟန်တရုတ်တို့အကြား အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

## မွေးမြူရေးတိရစ္ဆာန် ရောဂါဘယတားဆီးရေး ဂျီ-၇ နိုင်ငံများ သတင်းအချက်အလက်ဖလှယ်မည်

**နီဂတ ဧပြီ ၂၅**

မွေးမြူရေး တိရစ္ဆာန်များနှင့် ပတ်သက်နေသော ရောဂါ ဘယများ တားဆီးကာကွယ်နိုင်ရေးအတွက် ကျန်းမာရေး ဆိုင်ရာ သတင်းအချက်အလက်များကို အပြန်အလှန် ဖလှယ်မှု မြှင့်တင်သွားရန် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများက သဘောတူညီကြ ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၂၅ ရက် တွင် သတင်းထုတ်ပြန်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ အမျိုးသမီးများ နှင့် လူငယ်များ ပါဝင်လုပ်ကိုင်မှု တိုးတက်ဖြစ်ပေါ်လာ စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာထောက်ပံ့မှု မထိခိုက် စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံကို ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးများ၏ နှစ်ရက်ကြာ အစည်းအဝေးအပြီး ဧပြီ ၂၄ ရက်က ထုတ်ပြန်သော ပူးတွဲကြေညာချက်တွင် ဖော်ပြထား သည်။

ဂျီ-၇ အုပ်စု၏ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများ၏ အစည်းအဝေးကို ဂျပန်နိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ ရှိ မြို့ကြီးတစ်မြို့ဖြစ်သော နီဂတမြို့၌ ကျင်းပခဲ့သည်။

ကမ္ဘာ့လူဦးရေ တိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကမ္ဘာ့ စားနပ်ရိက္ခာ ထုတ်လုပ်မှုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက် ကြမည်ဟု ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

**ကျိုဒို။**



❍ **ရှေ့ဖုံးမှ**

ကျွန်တော်တို့ ပိတ်မမိသွားစေဖို့လိုပါတယ်။ အနာဂတ်ရှိတဲ့ စီမံကိန်းဖြစ်ဖို့ လိုပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနာဂတ်မျှော်မှန်းချက်အပေါ် စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

ယင်းသို့ ကောင်းမွန်ခိုင်မာ၍ အနာဂတ်ရှိသော မြို့ပြစီမံကိန်းကြီးတစ်ခုရေးဆွဲရာတွင် စက်မှုဇုန်များသည်လည်း အစိတ်အပိုင်းအဖြစ် ပါဝင်လာမည်ဖြစ်ပြီး စက်မှုဇုန်ကော်မတီများက အနာဂတ်စီမံကိန်းများ ရေးဆွဲရာတွင်လည်း အနာဂတ်မျှော်မှန်းချက်ရှိသော စီမံကိန်းများကို ရေးဆွဲရန် လိုအပ်သည်ဟု တိုက်တွန်းပြောကြားခဲ့သည်။ ယင်းတွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိစေရေး တို့ အပါအဝင် ဖြေရှင်းဆောင်ရွက်သွားရမည်များကို အစိုးရ၊ လုပ်ငန်းရှင်၊ အလုပ်သမား၊ ပြည်သူလူထုတို့၏ အသံအားလုံးကို နားထောင်ကာ ပြုပြင်ပြောင်းလဲမှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်ချင်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

ရန်ကုန်မြို့၏ ခေတ်အဆက်ဆက်တွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြပြီး လက်ရှိ ဒီမိုကရေစီအစိုးရ ငါးနှစ်သက်တမ်းမတိုင်မီကလည်း ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းများကို ဂျပန်နိုင်ငံနှင့်လည်းကောင်း၊ မလေးရှားနိုင်ငံနှင့် လည်းကောင်း စသည့် နိုင်ငံတကာအတွေ့အကြုံရှိ ပညာရှင်များနှင့် ပူးပေါင်းကာ ရေးဆွဲခဲ့ကြသည်။ သို့ရာတွင် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုတို့တွင် အခက်အခဲများရှိကြောင်း သိရသည်။ မြို့ပြစီမံကိန်းများကို ရေးဆွဲခဲ့ရာတွင် နှစ် ၃၀ နှစ်ရှည်စီမံကိန်းများကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့၏ အခြေအနေများနှင့် ပတ်သက်၍ ယခင် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) လေ့လာရေးအဖွဲ့တို့သည် ၂၀၁၂ ခုနှစ် ဩဂုတ်မှ စတင်၍ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းနှင့် အနာဂတ်မျှော်မှန်းချက် လေ့လာပြင်ဆင်မှုများ စတင်ပြင်ဆင်ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် JICA တို့ ဆွေးနွေးခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ တညီတညွတ်တည်း သဘောတူလျက် လာမည့် ၂၀၄၀ ခုနှစ်တွင် ရန်ကုန်မြို့သည် ငြိမ်းချမ်း၍ သာယာလှပသောမြို့တော်၊ စိမ်းလန်းစိုပြည်သော ရွှေဝါရောင်မြေ ဖြစ်စေရမည်ဟူသော




ဆောင်ပုဒ်ကို ချမှတ်ခဲ့သည်ဟု သိရသည်။ ယင်းမှ အနာဂတ်ရန်ကုန် ၂၀၁၁-၂၀၁၆ မှသည် ၂၀၄၀ အထိ နှစ်ရှည်စီမံကိန်းတစ်ခုဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မှတ်တမ်းများအရ သိရသည်။

မြို့ပြစီမံကိန်းများ နှစ်ရှည်ရေးဆွဲထားသော်လည်း အကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းချက်များ ရှိခဲ့ပြီး စီမံကိန်းအတွင်း ပါဝင်မှုမရှိသည့် ခုံးကျော်တံတားများ၊ စီမံကိန်းအချို့တို့ကြောင့် စံနှုန်းမညီသည်တို့လည်း ဖြစ်ပေါ်လာသည်ဟု သိရသည်။ ယင်းကြောင့် အနာဂတ်ရှိသည့် ရန်ကုန်မြို့ပြစီမံကိန်းကြီးတစ်ခုကို လက်ရှိအစိုးရအဖွဲ့က ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသွားခဲ့သည်။

❑ **အဝေးပြေးမှ**

အဆိုပါ INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်းကို ဆောက်လုပ်ရန်အတွက် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ “မူ”အားဖြင့် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ၂၀၁၅ ခုနှစ် မေ ၇ ရက်တွင် ခွင့်ပြုချက်ရရှိခဲ့ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် “မူ” အားဖြင့် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ တစ်ခုတည်းသော အဆောက်အအုံအဖြစ် အကြီးဆုံးဆောက်လုပ်ခဲ့သော ကြမ်းခင်းဧရိယာစုစုပေါင်း ၄၉ ဧကကျယ်ဝန်းသည့် ဆိုဖွန်းစီမံကိန်းကို အဆိုပါတောင်ကိုရီးယားနိုင်ငံ INNO Group ကပင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်းပါ INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်းမြေကွက်မှာ ဧရိယာစုစုပေါင်း ၇ ဒသမ ၆၂၉ ဧကကျယ်ဝန်းကြောင်း သိရသည်။ INNO CITY စီမံကိန်း၏အဆောက်အအုံအမြင့်မှာ ၃၅၆ ပေ ၁၀ လက်မရှိပြီး ရွှေတိဂုံဘုရားပတ်ဝန်းကျင်ကန့်သတ်ဇုန်အပြင်ဘက်တွင်ရှိကာ လူနေအိမ်ခန်း ၂၁၆ ခန်းပါအထပ် ၃၀ မြင့် အဆောက်အအုံ နှစ်လုံး၊ လူနေအိမ်ခန်း ၁၀၄ ခန်းပါ ၂၉ ထပ်မြင့် အဆောက်အအုံသုံးလုံး၊ ၁၃ ထပ်မြင့် ဟိုတယ်တစ်လုံး၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ရှော့ပင်းမောနှင့် Convention Centre တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

INNO CITY အဆင့်မြင့်အိမ်ရာစီမံကိန်းအတွင်း နေထိုင်သူမိသားစုများ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်၊ယာဉ်ရပ်နားစခန်းနှင့် ခန်းမဆောင်သို့လာကြသောယာဉ်များအတွက် ယာဉ်စီးရေ ၁၁၃၉ စီး ရပ်နားနိုင်မည့် ကားပါကင်စနစ်ပါဝင်မည်ဖြစ်ပြီး စည်ပင်ရေပေးဝေမှု၊ သောက်သုံးရေစံချိန်စံညွှန်းများနှင့် ကိုက်ညီသည်အထိ Treatment ပြုလုပ်ထားသော အဝီစိတွင်းရေသန့်စနစ်များဖြင့် ပရောဂျက်တစ်ခုလုံး တစ်ရက်ခွဲစာသုံးစွဲရန် လိုအပ်သောရေဂါလန်ပေါင်း ၃၆၄၆၇၂ ဂါလန်ကို လုံလောက်စွာ ရေဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

မီးငြိမ်းသတ်နိုင်ရန်အတွက် ရေဂါလန် ၆၉၂၉၂ ဂါလန်ကို ရေလှောင်ကန်ဖြင့် ထားရှိသုံးစွဲနိုင်မည့် စနစ်ပါဝင်ပြီး ရှော့ပင်းမော၊ ဟိုတယ်၊ မင်္ဂလာခန်းမ၊ အဝေးပြေးကားဂိတ်များပါ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သောကြောင့် INNO CITY သည်သီးသန့်မြို့ငယ်လေးတစ်ခုအဖြစ် တည်ရှိလာနိုင်စရာအကြောင်း ရှိနေသည်။ ထို့ပြင် Service Apartment ၌ နေထိုင်သူများအတွက်လည်း ရေကူးကန်များ၊ အားကစားခန်းမများ၊ ကလေးကစားကွင်းများနှင့်ပန်းခြံများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ပြီး ၂၄ နာရီ လုံခြုံရေးအတွက် လုံခြုံရေးကင်မရာများတပ်ဆင်ထားခြင်း၊ ကားအဝင်အထွက်များအတွက် RF System စီစဉ်ထားရှိခြင်း၊ မီးဘေးလုံခြုံရေးစနစ်များနှင့် မီးစက်များ ဆောင်ရွက်ထားရှိခြင်း၊ ဂြိုဟ်တုနှင့် ချိတ်ဆက်ထားသော အင်တာနက်များ ဆောင်ရွက်ထားခြင်းနှင့် အခြားသော Facility များ စီစဉ်ထားသည့်အတွက် ရန်ကုန်မြို့၏ ထိပ်တန်းအဆင့်မြင့်အဆောက်အအုံများထဲ၌ တစ်ခုအပါအဝင် ဖြစ်လာမည်ဖြစ်သည်။

“INNO CITY အဆင့်မြင့်အိမ်ရာစီမံကိန်းမှာ အဆင့်မြင့်လူနေမှုအဆောက်အအုံတွေ၊ ရုံးခန်းနေရာတွေ၊ ဝန်ဆောင်မှုအပြည့် တိုက်ခန်းတွေ၊ ဈေးဝယ်စင်တာတွေ၊ ဟိုတယ်တွေနဲ့ ရေကူးကန်တို့ ပါဝင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် INNO CITY ဟာ ရန်ကုန်မြို့တော်ကြီးရဲ့ ပြီးပြည့်စုံတဲ့ နေရာတစ်ခုဖြစ်လာနိုင်တယ်ဆိုတာ အားလုံးလက်ခံယုံကြည်ကြမှာပါ။”ဟု INNO CITY စီမံကိန်းမှ တာဝန်ရှိသူက ပြောကြားသည်။

လူဦးရေ ၅၀၀၀ ခန့် အဆင်သင့်နေထိုင်နိုင်မည့် နေရာကောင်းတစ်ခုဖြစ်သော အဆိုပါ INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်းမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ၆ ဒသမ ၅ ကီလိုမီတာ၊ ရန်ကုန်မြို့လယ်မှ ၈ ကီလိုမီတာမျှသာ ကွာဝေးသောနေရာတွင်တည်ရှိပြီး ဥက္ကလာဂေါက်ကွင်းနှင့်လည်း နီးကပ်စွာတစ်ဆက်တည်းတည်ရှိကာ အင်းလျားကန်၊ ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်တို့၏ မြင်ကွင်းများကိုလည်း ခံစားတွေ့မြင်နိုင်ကြမည်ဖြစ်သည်။

အဆိုပါ INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်း ဆောက်လုပ်ရန်အတွက် ယနေ့နံနက် ၇ နာရီက ပန္နက်တော်တင်မင်္ဂလာနှင့် သမ္ဗုတိတွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို စီမံကိန်းမြေနေရာ၌ စတင်ခဲ့ကြောင်း သိရပြီး INNO CITY အမည်ရှိ စုပေါင်းအဆောက်အအုံစီမံကိန်းကို လာမည့် ၂၀၁၈ ခုနှစ်ကုန်ပိုင်း၌ အပြီးသတ်ဆောက်လုပ်ရန် စီစဉ်ထားကြောင်းနှင့် အဆိုပါစီမံကိန်းဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့သို့ အကြောင်းကိစ္စအရပ်ရပ်ကြောင့် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကာ ရန်ကုန်မြို့ရှိ လူဦးရေအချို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြစေတော့မည်ဖြစ်ကြောင်း INNO CITY အဆင့်မြင့်အိမ်ရာစီမံကိန်းမှ သိရသည်။ **စိုးဝင်း(MLA)**

# ၂၀၁၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြှင့်သင်တန်းများ စတင်ဖွင့်လှစ်

**နေပြည်တော် မေ ၂၅**

၂၀၁၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားကျောင်းသူ မျိုးဆက်သစ်လူငယ်များ၏ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြှင့်သင်တန်းများ၊ တပ်မတော်(လေ)က လေကြောင်းလူငယ်အခြေခံနှင့်တန်းမြှင့်သင်တန်းများကို ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြသည်။



အဆိုပါရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆)ကို သင်တန်းသား သင်တန်းသူ ၆၃ ဦး ဖြင့်လည်းကောင်း၊ ရေကြောင်းလူငယ်တန်းမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ရတနာပုံခန်းမ၌ ဖွင့်လှစ်ရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်မိုးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သင်တန်းများကို ကျောက်ဖြူမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မြိတ်မြို့၊ ကွန်းစုမြို့နှင့် ဟိန်းဇဲတို့ရှိ ရေကြောင်းလူငယ်စခန်းများတွင် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၀၀ ဖြင့် အသီးသီး ဖွင့်လှစ်ခဲ့ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ရေတပ်စခန်း ဌာနချုပ်မှူးများ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းတွင် ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ နက္ခတ္တဗေဒနှင့် ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံအချက်ပြဆက်သွယ်ရေးဆိုင်ရာနှင့် အခြေခံလှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးမည်ဖြစ်ပြီး တန်းမြှင့်သင်တန်းတွင် အသုံးချရေကြောင်းလမ်းညွှန်ဆိုင်ရာများ၊ နက္ခတ္တဗေဒနှင့် ဂျီပီအက်စ် အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အချက်ပြဆက်သွယ်ရေးဆိုင်ရာနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆)နှင့် လေကြောင်း လူငယ်တန်းမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၆)တို့ကို အင်အား ၄၀ စီဖြင့် စုစုပေါင်း သင်တန်းသား ၈၀ အား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ဖွင့်လှစ်ရာ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်မောင်မောင်ကျော် တက်ရောက်၍ အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့ပြင် သင်တန်းဖွင့်ပွဲများကို မြစ်ကြီးနားမြို့၊ နမ့်စန်မြို့၊ မြိတ်မြို့၊ ပုသိမ်မြို့၊ ဟုမ္မလင်းမြို့၊ မိတ္ထီလာမြို့၊ မကွေးမြို့နှင့် တောင်ငူမြို့တို့ရှိ သင်တန်းစခန်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၀ ဖြင့် အသီးသီးဖွင့်လှစ်ခဲ့ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် လေတပ်စခန်းဌာနချုပ်မှူးများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

လေကြောင်း လူငယ်အခြေခံသင်တန်းတွင် ပျံသန်းရေးဆိုင်ရာနှင့် လေယာဉ် တည်ဆောက်ရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားပေးမည်ဖြစ်ပြီး လေကြောင်းလူငယ်တန်းမြှင့်သင်တန်းတွင် လက်တွေ့ လေယာဉ်တည်ဆောက်မှု၊ အဝေးထိန်း လေယာဉ်ပျံသန်းမှုနှင့် လေယာဉ်ပျံသန်းမှု လက်တွေ့ဆောင်ရွက်ချက်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြှင့်သင်တန်းများကို မေ ၂၅ ရက်မှ မေ ၂၀ ရက်ထိ ရက်သတ္တပတ် လေးပတ်ကြာဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

ညွန့်ဝင်းလေး

# အသိုက်ကို ထုဆစ်သူများ

ခရမ်းလွန်ရောင်ခြည်အညွန်းကိန်းတွေ မြင့်မားနေတဲ့ ရန်ကုန်ရဲ့ သင်္ကြန်အကြိုနေ့မှာ နတ်မောက်လမ်းက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကို ရောက်ခဲ့ပါတယ်။ နံနက်ခင်းရဲ့ နေရောင်ခြည်ဟာ နုထွေးတောက်ပနေပါတယ်။ ဝိပဿနာတရားကျင့်ကြံအားထုတ်နေတဲ့ သံဃာ၊ ယောဂီတွေနဲ့အတူ မိုးကုတ်ရိပ်သာကြီးဟာ တောရကျောင်းလေးလို ငြိမ်သက်ခြင်းဖြင့် လှပလို့နေပါတယ်။

ကားကို ပထမဆုံးကုန်းမြင့်မှာပဲ ရပ်လိုက်ပါတယ်။ ရုံးခန်းက အပေါ်ဘက်မှာလို့ ဝန်ထမ်းတစ်ယောက်က ပြောပါတယ်။ လှေကားထစ်နားကို ဖြတ်ကျော်၍ တရားထိုင်နေသော ယောဂီအချို့ရဲ့ နေရာအခင်းအကျင်းကို တိတ်ဆိတ်စွာဖြတ်သန်းရပါတယ်။ ရုံးခန်းမှာ မိတ်ဆွေကို စောင့်ရပါတယ်။ မိတ်ဆွေဟာ ဒီအဖွဲ့ချုပ်ရိပ်သာကြီးရဲ့ အမှုဆောင်လူကြီးတစ်ယောက်ပါ။ ဝန်ထမ်းက ကော်ဖီ၊ ရေနွေးတို့ဖြင့် ဧည့်ခံထားလေရဲ့။ ခဏနေတော့ မိတ်ဆွေကြီး ကပျာကယာ ရောက်လာပါတယ်။ ဒု-ဥက္ကဋ္ဌကို ဝင်ကြိုနေ၍ နောက်ကျရတဲ့အကြောင်း ပြောပါတယ်။

ဆရာတော်ရှိရာ ခန်းမရဲ့အပေါ်ထပ်ကို ဖြည်းဖြည်းချင်း တက်လှမ်းလာရပါတယ်။ သင်္ကြန်ရက်မို့ ထင်ပါရဲ့။ ခန်းမကြီးမှာ ယောဂီတွေအပြည့်အလျှံ တရားရှုမှတ်နေကြပါတယ်။ ဆရာတော်ရဲ့အခန်းရှေ့ကို ရောက်လာပါတယ်။ တပည့်တစ်ယောက်က ဆရာတော်ကို ခဏစောင့်ဆိုင်းဖို့ ပြောပါတယ်။ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ကြပါတယ်။ သိပ်မကြာပါ။ ဆရာတော် ကြွလာပါတယ်။ ဆရာတော်က ရိပ်သာကြီးရဲ့ နာယကဆရာတော် ကြီးတစ်ပါးဖြစ်ပြီး ပိဋကတ်နှစ်ပုံအောင်ထားတယ်လို့ မိတ်ဆွေကြီးက ပြောပါတယ်။

ဆရာတော်ကြီးကို ကျွန်တော်တို့ ဝတ်ပြုဦးချကန်တော့ကြပါတယ်။ မိတ်ဆွေကြီးက ဆရာတော်ကြီးနဲ့ မိတ်ဆက်ပေးပါတယ်။ ဆရာတော် တည်ဆောက်ချင်တဲ့ ကျောင်းဆောင်ကို ပုံစံရေးဆွဲတည်ဆောက်ပေးမယ့်သူလို့ ပြောပါတယ်။ ဆရာတော်ဟာ ယောဂီများကို အချိန်ပြည့်တရားပြနေရလို့ သင်္ကြန်တွင်းမအားလပ်နိုင်ပါဘူး။ အခါလွန်မှ ကျောင်းဆောက်မယ့်နေရာကို လိုက်လံပြသနိုင်မယ့်အကြောင်း မိန့်ဆိုပါတယ်။ ဆရာတော်ကို ဦးချကန်တော့ပြီး ရုံးခန်းရှိရာသို့ တစ်လှမ်းချင်း ဆင်းလာခဲ့ကြပါတယ်။ ရုံးခန်းမှာ ရေနွေးကြမ်းသောက်ရင်း ထွေရာလေးပါးစကားပြောကြပါတယ်။ မိတ်ဆွေက ဒု-ဥက္ကဋ္ဌဆိုသော အစ်မကြီးနဲ့ မိတ်ဆက်ပေးပါတယ်။ မိတ်ဆွေဇနီးရဲ့ အစ်မဝမ်းကွဲလို့ ပြောပါတယ်။ မိတ်ဆွေရဲ့ဇနီးက ကျွန်တော်တို့ သူငယ်ချင်းပါ။

နတ်မောက်လမ်းအတိုင်း ပြန်လာခဲ့ပါတယ်။ ကန်တော်ကြီးဟာ အိပ်မောကျနေဆဲပါ။ အရင်နှစ်တွေကနဲ့ အသွင်အပြင် အလွန်ကွာခြားလှပါတယ်။ မဏ္ဍပ်ကြီးတွေ လုံးဝမတွေ့ရပါဘူး။ ခေတ်ပေါ်တေးသံတွေ၊ ရေပက်သူ၊ ရေပက်ခံ ကစားသူတွေရဲ့ အော်သံဟစ်သံတွေလည်း မကြားရ၊ မတွေ့ရတော့ပါလား။ တစ်ယောက်စ၊ နှစ်ယောက်စသာ ကန်ပတ်လမ်းပလက်ဖောင်းပေါ်မှာ ယောင်လည်လည် သွားလာနေလေရဲ့။ ကျွန်တော်ကတော့ ကားကို မနှေးမမြန်မောင်းနေရင်း ဟိုး. . .

> ဆရာဝန်ဘွဲ့ရမဟုတ်တဲ့သူက ဆရာဝန်တွေကိုလေ့ကျင့် သင်ကြားပေးနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဖြတ်လမ်းနည်းနဲ့ ကြီးပွားချမ်းသာချင်သူတွေ တော်တော်များများ ဆောက်လုပ်ရေးနယ်ပယ်ထဲ ရောက်လာပါတယ်။ အားလုံး အာခီတက်လိုလို၊ အင်ဂျင်နီယာလိုလို၊ ကန်ထရိုက်တာလိုလို၊ ဒဲဗလော့ပါ (developer)လိုလို. . .လိုလိုတွေ ရောင်စုံပေါ်လာ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က ဆရာဒေါက်တာလွင်အောင်ရေးသားခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကို သတိရနေမိတယ်။

ဆရာဒေါက်တာလွင်အောင်ဟာ 'ဘုံဗိမာန်ကို ဖန်တီးသူ'ဆိုပြီး မိုးဝေမဂ္ဂဇင်း နိုဝင်ဘာလ ၁၉၇၇ မှာ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ အာခီတက်(Architect) ဆိုတဲ့ ဝေါဟာရကို ဖွင့်ဆိုခြင်းပါ။ ၁၉၉၈ ခုနှစ် အမှတ်(၁၀) ပုလဲမဂ္ဂဇင်းမှာ 'ဟင်းလင်းကို ဂီတဖွဲ့ဆိုသူ(သို့မဟုတ်) အာခီတက်' ဆိုပြီး ကျွန်တော် စာတစ်ပုဒ်ရေးဖြစ်ပါတယ်။ ဒါလည်း 'အာခီတက်' ကို ဖွင့်ဆိုခြင်းပါပဲ။ မိုးဝေမဂ္ဂဇင်းက တစ်ချိန်က စာသမားတွေ အလွန်အလေးထားတဲ့ မဂ္ဂဇင်းပါ။ ပုလဲ မြို့ပြမြေယာ မဂ္ဂဇင်းကတော့ ဆောက်လုပ်ရေးနယ်ပယ်အကြောင်းပါ။ အပြင်လူတွေ စိတ်ဝင်စားမှုနည်းပါတယ်။ ဆိုလိုတာက ဒီစာစု နှစ်ပုဒ်ဟာ စာပေအနုပညာနဲ့ ဆောက်လုပ်ရေးနယ်ပယ်နှစ်ခုကိုပဲ အတန်အသင့် လှုပ်ခတ်နိုင်ပါတယ်။ ရပ်ထဲ ရွာထဲ လူထုထဲမရောက်နိုင်ပါဘူး။

ဒီသင်္ကြန်မှာ ပိတောက်တွေ မပွင့်သေးပေမယ့် အိမ်နားက ပိတောက်ပင်ကြီးပေါ်ကို ဥဩငှက်လေး လာလာနားတယ်။ ဥဩ ဥဩနဲ့ တေးဆိုတယ်။ နွေရဲ့ နိမိတ်ပုံလေ။

'အာခီတက်'တွေက 'အာခီတက်ဠီကာ'ဖွင့်နေတာဟာ ရွှေဥဩက ဥဩ ဥဩနဲ့တွန်ကျူးသလို 'ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော်' ခုနစ်ပါးစာရင်းဝင်နေမလားလည်း တွေးမိတယ်။ မဟုတ်ပါဘူး။ 'အာခီတက်' ဆိုတာကို တကယ်မသိကြသေးလို့ ကျွန်တော်တို့ ရေးနေပြောနေရတာပါ။ လူတွေဟာ အိမ်ထဲမှာနေပြီး 'အာခီတက်'နဲ့ တော်တော်ဝေးနေပါသေးတယ်။

ခုပဲကြည့်လေ. . .

မိုးကုတ်အဖွဲ့ချုပ်မှာ ဆရာတော်ကြီးနဲ့ မိတ်ဆက်ပေးတဲ့ မိတ်ဆွေဆိုတာ အခြားမဟုတ်ပါဘူး။ ကျွန်တော့် လုပ်ငန်းအပ်နှံသူ(Client)ပါ။ သူက ခေတ်ပညာတတ် ဘွဲ့ရတစ်ဦးပါ။ သူတို့နေတဲ့အိမ်က ကျွန်တော်ရဲ့ ဒီဇိုင်းပါ။ ကျွန်တော် 'အာခီတက်' တစ်ဦးဆိုတာ သူကောင်းကောင်းသိပါတယ်။ 'အာခီတက်' လို့ မိတ်ဆက်ပေးလိုက်ရင် စာလုံးတစ်လုံးတည်းဖြစ်ပါတယ်။ အဆောက်အအုံပုံစံရေးဆွဲတယ်။ ကြီးကြပ်တယ်။ တည်ဆောက်တယ်ဆိုတာ လူတိုင်းလို လုပ်နေကြပါတယ်။

ကြုံကြိုက်လို့ပြောရပါဦးမယ်။ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းလည်း နည်းနည်းလုပ်ဖူး၊ အခြားစီးပွားရေးလုပ်ငန်းတွေလည်း လုပ်ကိုင်နေတဲ့ စီးပွားရေးသမားတစ်ဦးက ပွဲတစ်ပွဲမှာ အင်ဂျင်နီယာလေးတွေကို သူက လေ့ကျင့်ပျိုးထောင်(train) လုပ်နေရတဲ့သဘော ပြောသွားတယ်လို့ တစ်ဆင့်ကြားရပါတယ်။ ဆရာဝန်ဘွဲ့ရမဟုတ်တဲ့သူက ဆရာဝန်တွေကို လေ့ကျင့်သင်ကြားပေးနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးတဲ့ အကျိုးဆက်ကနေ ဆောက်လုပ်ရေးလောကဟာ ဗွက်ပေါက်သွားပါတယ်။ ဖြတ်လမ်းနည်းနဲ့ ကြီးပွားချမ်းသာချင်သူတွေ တော်တော်များများ ဆောက်လုပ်ရေးနယ်ပယ်ထဲ ရောက်လာပါတယ်။ အားလုံး အာခီတက်လိုလို၊ အင်ဂျင်နီယာလိုလို၊ ကန်ထရိုက်တာ လိုလို၊ ဒဲဗလော့ပါ (developer)လိုလို . . . လိုလိုတွေ ရောင်စုံပေါ်လာပါတယ်။ ဒါ့အပြင် အဆိုးရွားဆုံးကတော့ အာခီတက်အတု၊ အင်ဂျင်နီယာအတု၊ ဒေါက်တာဘွဲ့အတုတွေ တဖွဲဖွဲပေါ်လာနေတာပါပဲ။

စကားစပ်လို့ပါ။ အုတ်၊ သဲ၊ ကျောက်ရောင်းတဲ့ မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးလို့ လူတစ်ယောက်နဲ့ သိခွင့်ရပါတယ်။ သူတို့အုပ်စုက ရှေးဟောင်းဘုရားတစ်ဆူကို ပြုပြင်မွမ်းမံဖို့ တာစူနေကြတာပါ။ ဆောက်လုပ်ရေးက အာခီတက်လို့ပြောပါတယ်။ ကျွန်တော် သူ့ကိုမသိပါဘူး။ ကျွန်တော် ဆောက်လုပ်ရေးရုံးချုပ်မှာ လေးနှစ်လောက် လုပ်ငန်းပြ ဗိသုကာလုပ်ငန်း လုပ်ဖူးပါတယ်။ အာခီတက် စစ်စစ်ပါ။ အဲဒီတော့မှ သူက မြန်မာမှုဗိသုကာဌာနက လို့ ပြောပါတယ်။ ထားပါတော့. . .။

တစ်ခါ နေပြည်တော်မှာ ဟိုတယ်တစ်ခုရဲ့ အတွင်းမွမ်းမံမှုဒီဇိုင်း(interior design) လုပ်ဖို့ ရောက်သွားပါတယ်။ ဒီဟိုတယ်စီမံကိန်းရဲ့ ပရောဂျက်အင်ဂျင်နီယာက မြို့ပြဘွဲ့ရသူငယ်ချင်းပါ။ သူက "အာခီတက်" တစ်ယောက်ရဲ့ နာမည်ပြောပါတယ်။ ကျွန်တော့်ကို သိသလားမေးပါတယ်။ ကျွန်တော်မသိပါဘူး။ အသက်အရွယ်(၄၀) ဝန်းကျင်ရဲ့အထက် "အာခီတက်" အားလုံးနီးပါး (လူကိုမတွေ့မြင်ဖူးတောင်) နာမည်တွေကို ရင်းနှီးပြီးသားပါ။ သူငယ်ချင်းကိုတော့ ကျွန်တော်ရယ်စရာပြောလိုက်ပါတယ်။ ကျွန်တော့်ကိုသိလားမေးကြည့်ပါလို့။ မသိရင်"အာခီတက်" မဟုတ်ဘူးလို့။

မန္တလေးမှာ ဗိသုကာနာရေးကူညီမှုအသင်းဆိုတာ ရှိပါတယ်။ အဲဒါ မန္တလေးက "အာခီတက်" တွေရဲ့ နာရေးကူညီမှုအသင်း မဟုတ်ပါဘူး။ မြန်မာမှုဗိသုကာဆရာများရဲ့ အသင်းပါ။ မြိတ်မြို့မှာတော့ "ဗိသုကာ" လို့ပြောရင် လက်သမားဆရာပါ။ မြိတ်မှာ "အာခီတက်" တွေ၊ "ဗိသုကာ" တွေလို့ မပြောလိုက်ပါနဲ့။ လက်သမားဆရာလို့ ထင်သွားမှာပါ။ ဆရာဒေါက်တာလွင်အောင်က သူ့ရဲ့ ဗိသုကာဆိုင်ရာ ဆောင်းပါးတစ်ပုဒ်မှာ ကျွန်တော်တို့ "ခေတ်သစ်ဗိသုကာ"လို့ သုံးဖူးပါတယ်။ ခေတ်ပညာတတ် "အာခီတက်" လို့ နားလည်ရပါတယ်။

တီဗွီ၊ ဗီဒီယို၊ မိုနို၊ စတူဒီယို၊ ရေဒီယို၊ ရက်ကော်ဒါ၊ ကွန်ပျူတာ၊ မော်တော်ကား၊ ဖုန်း၊ ဆိုင်ကယ်၊ ကွန်ဒိုမီနီယံ၊ အီလက်ထရွန်နစ်၊ ဒါရိုက်တာ၊ ကန်ထရိုက်တာ၊ ဒဲဗလော့ပါ အများကြီးပါပဲ။

ဘိုစာလုံးကို မြန်မာစာလုံးလို မြန်မာမှုပြု အသံဖလှယ်သုံးစွဲလာတာ ခုမှ မဟုတ်ပါဘူး။ ကြာပါပြီ။ engineer ကိုလည်း အင်ဂျင်နီယာပဲ ခပ်တည်တည်သုံးစွဲလာတာ ဆိုက်ကားဆရာလည်းသိ၊ လမ်းဘေးဈေးသည်လည်း သိပါတယ်။ ပြဿနာက architect ဆိုတဲ့ ဝေါဟာရပါ။ ဗိသုကာ၊ ဗိသုကာပညာရှင်လို့ ပြန်ဆိုပါတယ်။ တကယ်တော့ ရပ်ထဲရွာထဲမှာ ဗိသုကာလို့ပြောရင် ဘုရားတည်ကျောင်းဆောက်တဲ့ မြန်မာမှုဆရာများလို့ပဲ မှတ်ယူနားလည်ထားပါတယ်။ ခေတ်ပညာတတ် အာခီတက်လို့သိသူ အလွန်ရှားပါတယ်။ ဘကြီးစိုး(ဆရာမောင်မိုးသူ) ကိုယ်တိုင်က အေအိုင် စတူဒီယိုရောက်မှ ဦးခင်မောင်ရင်၊ ဦးဘိုကြီး၊ ဦးတင်ထွန်း၊ ဦးအောင်ကြီးမြင့်၊ ဒေါက်တာလွင်အောင်တို့နဲ့ ရင်းနှီးမှ အာခီတက်ဆိုတာ အင်ဂျင်နီယာ သာမက အနုပညာသမား(artist)တွေပဲလို့ နားလည်လာတယ်လို့ ပြောပါတယ်။

ဟုတ်ကဲ့ပါ။

engineer ကို အင်ဂျင်နီယာလို့ပြောသလို၊

architect ကို အာခီတက်လို့ ပြောစေချင်ပါတယ်။

အာခီတက်လို့ပြောရတာ အရသာအလွန်ရှိပါတယ်။ အခြားဆရာတွေနဲ့လည်း အကောက်အယူ လွဲမှားမှု မရှိနိုင်တော့ပါဘူး။ အာခီတက်လို့ တရားဝင်ပြောဆိုသုံးစွဲဖို့ တိုက်တွန်းလာတာ အခုမှ မဟုတ်ပါဘူး။ ကြာပါပြီ။ တစိုက်မတ်မတ် အာခီတက်လုပ်လာတာပါ။ ကျွန်တော် ရေးသားလာတဲ့ စာပေတွေမှာ အာခီတက်ပဲ ပြောဆို သုံးစွဲပါတယ်။ အရင်ကာလက ဘယ်သူဘယ်ဝါကမှ အရေးတယူ မဆွေးနွေးခဲ့ပါ။

အခု အပြောင်းအလဲကာလတစ်ခုရောက်လာပါပြီ။

engineer ကို အင်ဂျင်နီယာလို့ သုံးခဲ့သလို၊

architect ကို အာခီတက်လို့ပြောတာ ဘာမှ ပြဿနာ ရှိမယ်မထင်ပါ။ ခက်ခဲမယ်မထင်ပါ။ ကျွန်တော်တို့ ပြောနေတဲ့ အာခီတက်ဆိုတာ အင်ဂျင်နီယာလိုပါပဲ။ တက္ကသိုလ်၊ ကောလိပ်ကျောင်းတွေမှာ စနစ်တကျ ပညာသင်ယူလေ့လာခဲ့ရတာပါ။ Academic ပါ။ အင်ဂျင်နီယာပညာရဲ့ သိပ္ပံနဲ့နည်းပညာဘာသာရပ်တွေ သင်ယူခဲ့ရသလို အနုပညာ၊ ယဉ်ကျေးမှု၊ သမိုင်းဘာသာရပ်တွေပါ သင်ယူခဲ့ရပါတယ်။ အရင် ရန်ကုန်စက်မှုတက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်)မှာ အဲဒီလို သိပ္ပံပညာရပ်အပြင် ဝိဇ္ဇာပညာရပ်ပါ တွဲဖက်သင်ယူခဲ့ရတာ အာခီတက်တစ်ခုပဲရှိပါတယ်။

လူသိနည်းလှတဲ့ 'အာခီတက်' တွေအကြောင်း နည်းနည်းပြောပါရစေ။ ပြည်တွင်း 'အာခီတက်' ဘွဲ့ပေးတာ ကျွန် တော့်တစ်သက်ပါ။ ၁၉၅၈ ခုနှစ်က ပြည်တွင်း 'အာခီတက်' ကြယ်ပွင့်ငါးပွင့်ဖူးပွင့်ပါတယ်။ ဦးမြင့်သိန်း၊ ဦးထွန်းသန်း၊ ဦးမျိုးမြင့်စိန်၊ ဦးတင်မောင်ရင်၊ ဦးတင်ထွန်းခင်တို့ပါ။ လိပ်ခုံးအင်ဂျင်နီယာကျောင်းက ဆင်းပါတယ်။

ဒီ 'အာခီတက်' ဆရာကြီးတွေ မတိုင်ခင်က ပြည်ပက ဗိသုကာဆိုင်ရာ ဒီပလိုမာဘွဲ့ဒီဂရီ သင်ယူလာကြတဲ့ ဆရာတွေ ဘောလုံးတစ်သင်းစာလောက်ရှိပါတယ်။ စစ်ကြိုခေတ် ခြောက်ဦးနဲ့ စစ်ပြီးခေတ် လေးဦးပါ။ စစ်ကြိုခေတ် ခြောက်ဦးမှာ ဦးသာထွန်း၊ စည်သူဦးတင်၊ ဦးအုန်းကြိုင်၊ ဦးလှသွင်၊ ဦးမောင်မောင်၊ ဦးအုန်းသန်း၊ စစ်ပြီးခေတ် လေးဦးမှာ ဦးအောင်မြင့်၊ ဦးခင်မောင်သင့်၊ ဦးကျော်မင်း၊ ဦးဝင်းထိန်၊ ဦးသာထွန်းဟာ ပထမဆုံး ခေတ်ပညာတတ် 'အာခီတက်' ဖြစ်ခဲ့သလို၊ မြန်မာပြည်ပန်းချီအသင်းရဲ့ ပထမဆုံးဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ စည်သူဦးတင်က မြို့တော်ခန်းမဒီဇိုင်းရေးဆွဲခဲ့လို့ လူသိများပါတယ်။ ဦးကျော်မင်းကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အမှုဆောင်လုပ်ခဲ့လို့ နိုင်ငံရေးအသိုင်းအဝိုင်းမှာ လူသိများပါတယ်။ ဦးဝင်းထိန်က ရန်ကုန်မြို့တော်စည်ပင်(ယာ-အုံ)မှာ ဌာနမှူး တော်တော်ကြာ တာဝန်ထမ်းဆောင်ခဲ့လို့ ထင်ရှားပါတယ်။

အဲဒါ. . . လူတွေသိပ်မသိတဲ့ ပြည်တွင်း 'အာခီတက်'ရဲ့ သမိုင်းအစပါ။

သင်္ကြန်မကျခင်ရက်ပိုင်းလေးမှာပဲ မြန်မာမော်ဒန်ပန်းချီ ဒုတိယမျိုးဆက်ကို ဦးဆောင်သူများ ဖြစ်ကြတဲ့ ဆရာဝင်းဖေ၊ ဆရာပေါ်ဦးသက်၊ ဆရာ ခင်မောင်ရင်တို့အကြောင်းကို မသီဂီကရေးသား ပြုစုထုတ်ဝေခဲ့ပါတယ်။ ပန်းချီဆရာခင်မောင်ရင်ဟာ 'အာခီတက်' ဘွဲ့ရတစ်ဦးပါ။ ပန်းချီနဲ့ အသက်မွေးဝမ်းကျောင်းပြီး မော်ဒန်ပန်းချီဆရာအဖြစ် လူသိများပါတယ်။ ပန်းချီဝေဖန်ရေး ဆရာတွေ၊ ပန်းချီဆရာတွေ၊ ပန်းချီမြတ်နိုးသူတွေက ပြည်တွင်း ပြည်ပ ပန်းချီဆရာတွေအကြောင်းကို တေးသီချင်းပေါင်းများစွာ သီဖွဲ့လာတာ မဆုံးနိုင်သေးပါဘူး။

ကျွန်တော်တို့လည်း 'အာခီတက်' တွေအကြောင်းကို မမောနိုင်မပမ်းနိုင် တေးသီချင်းများသီဖွဲ့ရပါဦးမယ်။

စာဘူးတောင်းငှက်ဖိုလေးဟာ လှပတဲ့ရောင်စုံ အသိုက်အမြုံလေးကို ဖန်တီးနိုင်တယ်လို့ဆိုပါတယ်။ ငှက် အာခီတက်လို့ ပြောရမယ်ထင်ပါတယ်။ နတ်ပြည်မှာ နတ်ဘုံ၊ နတ်နန်း၊ နန်းပြာသာဒ်တွေနဲ့ ဖန်တီးရှင်ဟာ ဝိသကြုံနတ်သားပါတဲ့။ ခေတ်လိုပြောရင် ဝိသကြုံနတ်သားဟာ နတ်အာခီတက်ပဲ မဟုတ်ပါလား။

ဗိသုကာဝေဖန်ရေးဆရာကြီး ရပ်စကင်(Ruskin) ပြောတာကတော့ ပန်းချီဆရာ၊ ပန်းပုဆရာဟာ အာခီတက် မဟုတ်ပါဘူးတဲ့။ ကျွန်တော်ဖြည့်စွက်ပြီးပြောချင်ပါတယ်။ အင်ဂျင်နီယာဟာ အာခီတက်မဟုတ်ပါဘူး။ မြန်မာမှုဗိသုကာဆရာတွေကလည်း အာခီတက် မဟုတ်ပါဘူး။ ကန်ထရိုက်တာဟာ အာခီတက်မဟုတ်ပါဘူး။ ဒဲဗလော့ပါ (developer)ဟာ အာခီတက်မဟုတ်ပါဘူး။ စီးပွားရေးအရ ဆောက်လုပ်ရေးလုပ်ငန်းတွေ မှာ ပါဝင်ပတ်သက်နေတဲ့သူတွေဟာ အာခီတက် မဟုတ်ပါဘူး။ ဗိသုကာပညာရပ်နဲ့

စာမျက်နှာ ၇ သို့ ❖

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လက်ဆောင်ပစ္စည်း လက်ခံခြင်း

## ကျော်ကျော်လှိုင်(SMART)

လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ကို ၂၀၁၆ ခုနှစ် မေ ၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုများကို အချိန်တိုကာလအတွင်း ပပျောက်ရေးအတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

လမ်းညွှန်ချက်သည် အထိုက်အလျောက်ပြီးပြည့်စုံသော်လည်း အဂတိလိုက်စားမှုများ၏ အခြေခံဖြစ်သော တံစိုးလက်ဆောင်ပေးခြင်း၊ လာဘ်ပေးခြင်းသည် တစ်ခါတစ်ရံသိသာမြင်သာရန် ခက်ခဲပါသည်။ အဂတိလိုက်စားမှုကို လက်တစ်လုံးခြားကျူးလွန်နိုင်သော အောက်ပါအခြေအနေများကိုလည်း ကာကွယ်တားဆီးနိုင်ရန် ပိုမို၍ ပြည့်စုံတိကျသော ညွှန်ကြားချက်များ လိုအပ်ပါသည်။

**၁။ မင်္ဂလာလက်ဖွဲ့ပေးခြင်း(ရာထူးအာဏာရှိသူ၏ သား၊ သမီး မင်္ဂလာဆောင်ခြင်း)**

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်၊ ခြွင်းချက်တစ်ခုတွင် မိမိ၏ တရားဝင်ရာထူးကြောင့်မဟုတ်ဘဲ မိသားစုဆက်ဆံရေး (Family Relationship)၊ ပုဂ္ဂိုလ်ရေးခင်မင်မှု (Personal Relationship) ပေးအပ်သော လက်ဆောင်ပစ္စည်းကို လက်ခံခွင့်ရှိနေပါသည်။ (ပေးအပ်သောလက်ဆောင်ပစ္စည်းသည် အပိုဒ်(၅)ပါ တားမြစ်ချက်များနှင့် အကျုံးဝင်သော လက်ဆောင်ပစ္စည်းများ မဖြစ်စေရ)ဟု ဆိုထားသော်လည်း ရာထူးအာဏာရှိသူ၏ ဇနီးနှင့် မိသားစု ခင်မင်ရင်းနှီးမှုကြောင့်ဟုဆိုကာ တန်ဖိုးကြီးသော မင်္ဂလာလက်ဖွဲ့ပစ္စည်းကို အကျိုးခံစားခွင့်ရရှိသူက ပေးနိုင်ပါသည်။

ရာထူးအာဏာရှိသူ၏ သားသမီး မင်္ဂလာဆောင်တွင် အကျိုးခံစားခွင့်ရှိသူများထံမှ လက်ဆောင်ပစ္စည်း မယူရဟု ကန့်သတ်သင့်ပါသည်။ မင်္ဂလာလက်ဆောင်ရရှိသော စာရင်းကို သက်ဆိုင်ရာသို့ တင်ပြခိုင်းသင့်ပါသည်။

**၂။ ဂေါက်သီးရိုက်ကစားခြင်း**

ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိသူနှင့် အကျိုးခံစားခွင့်ရရှိသူက ဂေါက်သီးရိုက်ကစားပြီး လောင်းကစားပြုလုပ်ကာ အကျိုးခံစားခွင့်ရရှိသူက အရှုံးခံ၍ လာဘ်ပေးနိုင်ပါသည်။ ရှေးယခင်က သာဓကများစွာရှိခဲ့ပါသည်။ ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိသူနှင့် အကျိုးခံစားခွင့်ရှိသူတို့ ဂေါက်သီးရိုက်ကစားခြင်းကို ကန့်သတ်သင့်ပါသည်။

**၃။ နိုင်ငံခြားတွင်ရှိသော သားသမီးကို ကျောင်းစရိတ်ထုတ်ပေးခြင်း**

ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိသူ၏ သားသမီးများကို အကျိုးခံစားခွင့်ရှိသူ၏ ကုမ္ပဏီ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူက နိုင်ငံခြားတွင် ကျောင်းစရိတ်ထုတ်ပေးနိုင်ပါသည်။ ထောက်ပံ့နိုင်ပါသည်။ မြန်မာနိုင်ငံ၏ပြင်ပတွင် တံစိုးလက်ဆောင်လာဘ်ပေးခြင်းကို တားဆီးနိုင်သည့် ဥပဒေပြဋ္ဌာန်းသင့်ပါသည်။ အမေရိကန်နိုင်ငံတွင် FCPA Foreign Compt Practices Act ၁၉၇၇ နှင့် အင်္ဂလန်နိုင်ငံတွင် UK Bribery Act ၂၀၁၁ ရှိပါသည်။

**၄။ အိမ်၊ ခြံ၊ မြေ၊ ကား ငှားရမ်းခြင်း**

ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိသူ ပိုင်ဆိုင်သော အိမ် သို့မဟုတ် ခြံ သို့မဟုတ် ကားကို အကျိုးခံစားခွင့်ရှိသူက ကာလပေါက်ဈေးထက်ပိုပေး၍ ငှားရမ်းခြင်းသည် လာဘ်ပေးခြင်းဖြစ်ပါသည်။ ဤအချက်ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်က တားဆီးမထားပါ။

**ပွင့်လင်းမြင်သာမှုအနည်းဆုံး ၁၀ နိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေပြီး တစ်နှစ်လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၁၁၀၀ အောက်တွင်ရှိနေ။ တိုင်းပြည်တစ်ပြည်၏ လူတစ်ဦးချင်းဝင်ငွေမြင့်မား၍ တိုင်းပြည်ချမ်းသာအောင်မြင်ရန် တရားဥပဒေစိုးမိုး၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရမည်ဆိုသည်မှာ အခြေခံအချက်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှုနှင့် လာဘ်ပေးလာဘ်ယူသည် ဆက်စပ်နေပါသည်။ လာဘ်ပေးလာဘ်ယူကင်းရှင်းမှ တရားဥပဒေစိုးမိုးခိုင်မြဲမှာဖြစ်သလို တရားဥပဒေစိုးမိုးမှုလည်း လာဘ်ပေးလာဘ်ယူကင်းရှင်းပါမည်။**

**၅။ အလှူတွင်ပါဝင်လှူဒါန်းခြင်း**

ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိသူက ပြုလုပ်သော ကောင်းမှုကုသိုလ်တစ်ခုခုတွင် အကျိုးခံစားခွင့်ရှိသူက ပါဝင်လှူဒါန်းခြင်းသည် သွယ်ဝိုက်၍ အကျိုးကိုမျှော်ကိုးကာ လာဘ်ပေးခြင်းဖြစ်ပါသည်။ ဤအချက်ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်က တားဆီးမထားပါ။

အထက်ဖော်ပြပါ အခြေအနေများအပြင် လာဘ်ပေးလာဘ်ယူကို လက်တစ်လုံးခြားလုပ်နိုင်သည့် အခြားအခြေအနေများရှိနိုင်ပါသေးသည်။ လာဘ်ပေးလာဘ်ယူသည် ကင်ဆာရောဂါထက် ဆိုးရွားပါသည်။ လာဘ်ပေးလာဘ်ယူကို တိုက်ဖျက်မည်ဆိုလျှင် ထွက်ပေါက်မရှိအောင် ပိတ်ဆို့၍ အမြစ်မကျန်အောင် တိုက်ဖျက်ပစ်ရပါမည်။ လာဘ်ပေးခြင်းနှင့် လာဘ်ယူခြင်းသည် ပေးသူနှင့် ယူသူနှစ်ဦးနှစ်ဖက်စလုံးတွင် အပြစ်ရှိကြောင်းကို ပြည်သူတိုင်းက နားလည်သဘောပေါက်ရန်လိုပါသည်။ နိုင်ငံတော်အစိုးရသာမက လူထုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူတစ်ဦးချင်းစီက ပူးပေါင်းပါဝင်မှသာ လာဘ်ပေးလာဘ်ယူကို တိုက်ဖျက်နိုင်ပါမည်။ ပင်လယ်ရှိ ငါးမန်းများကို သတ်ဖြတ်ခြင်းမှ ကာကွယ်ရန်အတွက် တားဆီးလှုံ့ဆော်သော ပိုစတာတွင် "ဝယ်တာရပ်လျှင် သတ်ဖြတ်ခြင်းရပ်မည်"ဟု ရေးထားပါသည်။ ထိုနည်းတူ "လာဘ်ပေးခြင်း ရပ်လျှင်၊ လာဘ်စားခြင်းရပ်ပါမည်" လာဘ်ပေးခြင်းသည် ရာဇဝတ်မှုကို ကျူးလွန်ကြောင်း၊ လာဘ်ပေးခြင်းသည် တန်ဖိုးရှိသောလူ့အသိုင်းအဝိုင်းက စက်ဆုပ်ရွံရှာသည့် လူမှုရေးကျင့်ဝတ်ဖောက်ဖျက်မှုဖြစ်ကြောင်းကို ပြည်သူတိုင်းက သိရှိနားလည်လာအောင် စည်းရုံးပညာပေးရပါမည်။

ကမ္ဘာပေါ်တွင် တစ်ဦးချင်းဝင်ငွေမြင့်မား၍ ချမ်းသာအောင်မြင်နေသော နိုင်ငံတိုင်းတွင် လာဘ်ပေးလာဘ်ယူကင်းရှင်း၍ တရားဥပဒေစိုးမိုးရေး ခိုင်မာပါသည်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း Transparency International က ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ် နိုင်ငံပေါင်း ၁၇၄ နိုင်ငံတို့ လာဘ်ပေးလာဘ်ယူနှင့် ပတ်သက်၍ အမှတ်ပေးကာ အဆင့်စီခဲ့ပါသည်။ လာဘ်ပေးလာဘ်ယူအနည်းဆုံး ထိပ်ဆုံး ၁၀ နိုင်ငံသည် လူတစ်ဦးချင်းဝင်ငွေအရ အများဆုံး နိုင်ငံ ၂၀ ထဲတွင် ပါဝင်ပါသည်။ ၂၀၁၅ ခုနှစ် ထုတ်ပြန်ချက်အရ အာဆီယံနိုင်ငံများထဲတွင် တစ်ဦးချင်းဝင်ငွေ အများဆုံးဖြစ်ပြီး ကမ္ဘာ့နိုင်ငံများထဲတွင် တစ်ဦးချင်းဝင်ငွေအရ အဆင့် ၆ နေရာတွင် ရပ်တည်နေသော စင်ကာပူနိုင်ငံသည် ၂၀၁၅ ပွင့်လင်းမြင်သာမှုစာရင်းတွင် အဆင့် ၈ နေရာတွင် ရှိပါသည်။ ဦးသိန်းစိန်အစိုးရ မတက်မီက ပွင့်လင်းမြင်သာမှု စာရင်းတွင် မြန်မာနိုင်ငံက နိုင်ငံပေါင်း ၁၇၄ နိုင်ငံတွင် အဆင့် ၁၇၂ တွင် သာရပ်တည်ခဲ့ပါသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် လာဘ်ပေးလာဘ်ယူနှင့်ပတ်သက်ပြီး အထိုက်အလျောက် ကြိုးပမ်းမှုကြောင့် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၆ သို့တက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အဆင့် ၁၄၇ သို့ တက်လာခဲ့ပါသည်။ သတိပြုရမည့်အချက်မှာ ပွင့်လင်းမြင်သာမှုအနည်းဆုံး ၁၀ နိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေပြီး တစ်နှစ်လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၁၁၀၀ အောက်တွင်ရှိနေခြင်း ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည်၏ လူတစ်ဦးချင်းဝင်ငွေ မြင့်မား၍ တိုင်းပြည်ချမ်းသာအောင်မြင်ရန် တရားဥပဒေစိုးမိုး၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရမည်ဆိုသည်မှာ အခြေခံအချက်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှုနှင့် လာဘ်ပေးလာဘ်ယူသည် ဆက်စပ်နေပါသည်။ လာဘ်ပေးလာဘ်ယူကင်းရှင်းမှ တရားဥပဒေစိုးမိုးခိုင်မြဲမှာဖြစ်သလို တရားဥပဒေစိုးမိုးမှုလည်း လာဘ်ပေးလာဘ်ယူကင်းရှင်းပါမည်။ တရားဥပဒေစိုးမိုး၍ လာဘ်ပေးလာဘ်ယူကင်းရှင်းရန် တရားဥပဒေစိုးမိုးရေးနှင့် တရားဥပဒေခိုင်မာရေးကို တာဝန်ယူဆောင်ရွက်ရသော ပြည်သူ့ဝန်ထမ်းများ၏ လစာမှာလည်း တာဝန်နှင့်အညီ ထိုက်တန်သည့်လစာ ဖြစ်သင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုများကို အချိန်တိုကာလအတွင်း ပပျောက်ရေးအတွက် ပထမခြေလှမ်းအဖြစ် လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် သမ္မတရုံး၏ ညွှန်ကြားချက်ထုတ်ပြန်ခြင်းကို ကြိုဆိုပါသည်။ နောက်ဆက်တွဲခြေလှမ်းများအဖြစ် လက်ဆောင်ပစ္စည်း လက်ခံခြင်းကို ဂယ်ပေါက်မရှိအောင် ပိတ်ဆို့သည့်ညွှန်ကြားချက်များ ထပ်ဆင့်ထုတ်ပြန်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားဥပဒေခိုင်မာရေးကို တာဝန်ယူဆောင်ရွက်ရသော ပြည်သူ့ဝန်ထမ်းများ၏လစာကို ထိုက်ထိုက်တန်တန် တိုးမြှင့်ခြင်း၊ လာဘ်ပေးလာဘ်ယူကိုဖော်ထုတ်သည့် ပြည်သူများကို ဆုချီးမြှင့်ခြင်းစသည့် လုပ်ဆောင်ချက်များကိုလည်း မြင်လိုပါကြောင်းကို ပြည်သူတစ်ယောက်အနေဖြင့် ရိုးသားစွာတင်ပြအပ်ပါသည်။ ။

◆ စာမျက်နှာ ၆ မှ

ဆက်သွယ်သော လုပ်ငန်းအပ်နှံသူများ(ပုဂ္ဂလိက/ ဌာနဆိုင်ရာ)ဟာ client ပဲ ဖြစ်ပါတယ်။ အာခီတက်မဟုတ်ပါ။ ဆေးပညာနဲ့ပတ်သက်လာရင် လူနာ(လူနာရှင်)ဟာ ဆရာဝန်များကို အကြံပေးခွင့်မရှိပါဘူး။ ကျွန်တော်ပြောတာအကြောင်းရှိပါတယ်။ မြန်မာပြည်မှာ လူအချို့ဟာ ပိုက်ဆံနည်းနည်းရှိလာရင်၊ လုပ်ပိုင်ခွင့်နည်းနည်းရှိလာရင် အာခီတက်ချာ (architecture) ကို သိတယ်လို့ အထင်ရောက်နေလို့ပါ။


ဆောက်လုပ်ရေးဆိုင်ရာ အဘိဓာန်တစ်ခုမှာ အာခီတက်ကို master builder လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အရပ်လိုပြောရင် ဆရာကြီးဂုရုကြီးပါ။ အင်္ဂလိပ်-မြန်မာအဘိဓာန်တစ်ခုမှာ အာခီတက်ကို (၁)ဗိသုကာ၊ (၂) အဆောက်အအုံပုံစံထုတ်လုပ်၍ ဆောက်လုပ်ရာတွင် ကြီးကြပ်သူ၊ (၃) စီမံဖန်တီးသူ ၊ တကယ်တော့ အာခီတက်တွေက အဆောက်အအုံပုံစံထုတ်ရုံမကပါဘူး။ ပရိဘောဂဒီဇိုင်းတွေ၊ အတွင်းမွမ်းမံမှု (interior design) တွေ၊ တံတားဒီဇိုင်းတွေ၊ မြေခင်းစီမံမှု (Landscape) ဒီဇိုင်းတွေ၊ မြို့ပြမြေယာစီမံကိန်းဒီဇိုင်း (Urban design, Urban Planning & Regional Planning) တွေကိုပါ ဖန်တီးတဲ့သူပါ။ အာခီတက်က ဒီဇိုင်းဖန်တီးသူ (designer) ပါ။ ဒီဇိုင်းလုပ်တယ်ဆိုတာ ရုပ်ပုံလှလှလေးတွေ ရေးဆွဲတာမဟုတ်ပါဘူး။ ပြဿနာ (problem) ကို ဖြေရှင်းတာ (solve) ပါ။ ဒီလို ဒီဇိုင်းဖန်တီးရာမှာ လက်တွေ့ကျကျ သက်သောင့်သက်သာဖြစ်မှု (Comfortable) ပါလာသလို အဆင်ပြေချောမွေ့စေဖို့ (Convenient) ဆိုတာ ပါလာပါတယ်။ တစ်ဆက်တည်းမှာ ကျစ်လျစ်သိပ်သည်းမှု (compact) ဆိုတာတွေပါလာပါတယ်။ ဖန်တီးမှု (creation)၊ ဖန်တီးနိုင်စွမ်း (Creativity) စတဲ့ အစွမ်းအစတွေဟာလည်း အာခီတက်တွေအတွက် မရှိမဖြစ်မို့ပါ။ မွေးရာပါဗီဇ၊ စိတ်ကူးစိတ်သန်း၊ ဖန်တီးနိုင်မှုအစွမ်းအစတွေပျော်ဝင်ပြီး ခေတ်မီဆန်းပြားဗိသုကာလက်ရာ ( Sophisticated building design) တွေ ပွင့်ဖူးလာတာပါ။ ဒီလိုဗိသုကာလက်ရာတွေထဲမှာပဲ အလှဗေဒကိစ္စများ (aesthetic content) သို့မဟုတ် အဖြေအတိအကျရှင်းလင်းမရဘဲ ပုစ္ဆာတွေပါဝင်ပတ်သက်နေပါတယ်။

မဟာတ္တမဂန္ဒီကြီးကို အိန္ဒိယပြည်သူတွေက လွတ်လပ်ရေးဗိသုကာလို့ တင်စားခေါ်ဝေါ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးဗိသုကာပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုလည်း ငြိမ်းချမ်းရေးဗိသုကာလို့ ဂုဏ်ယူပြောဆိုလေ့ရှိပါတယ်။

လွတ်လပ်ရေးဗိသုကာ၊ ငြိမ်းချမ်းရေးဗိသုကာဆိုသော စကားလုံးများမှာ ဗိသုကာ(အာခီတက်)ရဲ့ အဓိက အဓိပ္ပာယ်အတိမ်းအနက် အလွန်ပေါ်လွင်နေပါတယ်။

ကျွန်တော်ဆက်လက်ပြီး----

'အာခီတက်တို့ရဲ့ စင်မြင့်ဆိုပြီး စာတစ်ပုဒ်ရေးသားလိုပါတယ်။ အပြောင်းအလဲကာလရဲ့ တည်ဆောက်ရေးနယ်ပယ်မှာ အင်ဂျင်နီယာလောက် လူသိမများသေးသော အာခီတက်ရဲ့ နေရာ၊ အခန်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းတွေအကြောင်း တင်ဆက်ချင်လို့ပါ။ ။



# ဒေသနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပိုမိုကြိုးစားလုပ်ဆောင်ရန်လို



**ရန်ကုန် မေ ၂၅**

ဒေသစိမ်းလန်းစိုပြည်ရေး ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာနိုင်ရေးနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ ပိုမိုကြိုးစားပေးကြပါရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မေ ၂၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးရေလှောင်ဆည်သို့ရောက်ရှိစဉ် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အသင်းသူ အသင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အသင်း၏ နာယက ဒေါက်တာစောပလယ်စော(ပါမောက္ခချုပ်-ငြိမ်း) နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘီအိုစီကွေ့ရှိ ရှေးဟောင်း နှစ်ထပ်အဆောက်အအုံနှင့် မြေဧက ၃၀၀ ကျော်သည် ၁၉၅၂ ခုနှစ်မှစတင်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသင်တန်းများပေးခဲ့ပြီး ၁၉၆၄ ခုနှစ်မှစတင်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်အဖြစ် ဖွင့်လှစ်သင်ကြားခဲ့သည့် နှစ်(၉၀)သက်တမ်းရှိ ရှေးဟောင်း အဆောက်အအုံကြီးဖြစ်ရာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး၏ သမိုင်းမှတ်တိုင်ဖြစ်သကဲ့သို့ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ နှလုံးသည်းပွတ်လည်း ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုပါအဆောက်အအုံနှင့် ဆက်စပ်မြေများအား အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲခြင်း မပြုရေးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးနည်းပညာများ ဖြန့်ဖြူးပေးသော ဌာနကြီးအဖြစ် ဆက်လက်အသုံးပြုနိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများသို့တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေများအပါအဝင် နည်းပညာဖြန့်ဖြူးရေး၊ တောင်သူပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်အကောင်အထည်ဖော်ခဲ့မှုများနှင့် တိုးချဲ့ပြုပြင်မွမ်းမံရန် လိုအပ်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ယဉ်ကျေးမှုအမျိုးသားစရိုက်လက္ခဏာများကို အချိန်တိုအတွင်း တစ်နေရာတည်းတွင် ပြည့်ပြည့်စုံစုံ လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိသော သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် ဥယျာဉ်ကြီးရေရှည်တည်တံ့ရေးနှင့် ပိုမိုပြည့်စုံစွာ ဖြည့်ဆည်းပြသနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာများ ဖြန့်ဝေ

**နေပြည်တော် မေ ၂၅**

ပြည်သူများအနေဖြင့် စားသုံးသူဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝ ရရှိခံစားနိုင်စေရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ပညာရပ်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် အသိပညာများ ဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မေ ၂၄ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၆)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ခေတ်နှင့်အညီ အမြဲမပြတ်သိရှိနိုင်စေရန် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ပြည်သူလူထု ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် အာဆီယံနိုင်ငံများနှင့်အတူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စားသုံးသူများအပေါ် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများ မရှိစေရေးအတွက် ကာကွယ်တားဆီးနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်သူများကလည်း စံချိန်စံညွှန်းပြည့်မီသော ထုတ်ကုန်များအား ထုတ်လုပ်စေခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်စွမ်းအားမြင့်မားပြီး ဈေးကွက်အခွင့်အလမ်းများ ပိုမိုတိုးမြှင့်ရရှိလာရန် မျှော်မှန်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ စားသုံးသူများ ဝယ်ယူအသုံးပြုသည့် ကုန်စည်ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများ မဖြစ်ရအောင် ထုတ်လုပ်သူနှင့် စားသုံးသူဘက်မှ တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စားသုံးသူများအနေဖြင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အစိုးရဘက်မှလိုအပ်သည့် နည်းဥပဒေသ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကအသင်းအဖွဲ့၊ စားသုံးသူများ၊ ထုတ်လုပ်သူများကလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသည်များအား မေးမြန်းကြရာ မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပုလဲကွန်ဒို A နှင့် B သာယာရေးကော်မတီဥက္ကဋ္ဌ ကပ္ပတိန်ဦးဟင်နရီ ခင်မောင်မိသားစုက အစိုးရသစ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၂၂ ရက်က ပုလဲကွန်ဒိုဝင်းအတွင်း၌ သက်သတ်လွတ်ဟိန္ဒူထမင်း စတုဒိသာကျွေးမွေးစဉ်။

(စိုးဝင်း-MLA)



## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ ပါ rootstocks အစား Broodstock (မျိုးငါး)ဟုလည်းကောင်း၊ GAP လို့ခေါ်တဲ့ Factory အစား GAP လို့ခေါ်တဲ့ hatchery (သားဖောက်စခန်း)ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

# အငှားအိမ်ရာနှင့် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်းဖြင့် အိမ်ခြံမြေဈေးနှုန်းကျဆင်းမှုကို အထောက်အကူပြု

**မန္တလေး မေ ၂၅**

အခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများနှင့် တန်ဖိုးနည်းအိမ်ရာများကို မန္တလေးမြို့အတွင်း နေရာအနှံ့အပြား တည်ဆောက်ပေးခြင်းဖြင့် အိမ်ခြံမြေဈေးနှုန်းများကျဆင်းမှုကို အထောက်အကူပြုနိုင်ကြောင်း မန္တလေးမြို့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

မန္တလေးမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်လျက်ရှိကြသော အခြေခံလူတန်းစားများအတွက် အဆိုပါအိမ်ရာများ တည်ဆောက်ပေးပြီး သင့်တော်သောနှုန်းထားဖြင့် ငှားရမ်းရောင်းချပေးခြင်းဖြင့် မန္တလေးမြို့၏ မြင့်တက်နေသည့် အိမ်ခြံမြေဈေးနှုန်းများလည်း ကျဆင်းသွားနိုင်သည့်အပြင် မြေယာပြဿနာများလည်း ကင်းရှင်းသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ရှိ မန်းမြေရာဇာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးကျော်ဝင်းက ပြောသည်။

"မြေယာကိစ္စတွေက လက်ရှိပြည်သူ့အစိုးရအတွက် အဓိကစိန်ခေါ်မှုကြီးပဲ။ ဒါကိုကိုင်တွယ်ဖို့က ပထမဆုံးကျူးကျော်တွေအတွက် နေထိုင်ဖို့သင့်တင့်တဲ့ အိမ်ရာတွေကိုစီစဉ်ပေးပြီး အရင်ဆုံးဖြေရှင်းရမယ်။ မန္တလေးမှာက အရပ်လေးမျက်နှာတင်မက အရပ်ရှစ်မျက်နှာအထိ ကျူးကျော်နေထိုင်သူတွေ အများကြီးရှိနေတယ်။ ဒါကြောင့် အိမ်ရာတွေကို အရပ်ရှစ်မျက်နှာအထိ ဆောက်ပေးပြီး လမ်းဘေးကျူးကျော်တွေကို အရင်ရှင်းပစ်ရမယ်လို့ ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် မြေဈေးနှုန်းကြီးမြင့်မှုသည် ငွေကြေးဖောင်းပွမှုဖြစ်ခြင်းကြောင့် ငွေကြေးကွာဟမှုကို ထိန်းချုပ်ပေးသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အမှန်တကယ်က မြေဈေးကြီးတာမဟုတ်ဘူး။ ငွေကြေးကွာဟမှုကြောင့် ဖြစ်နေတာပါ။ ကျွန်တော်တို့ မြန်မာငွေက တရုတ်ငွေတန်ဖိုးနဲ့ဆို အဆ ၂၀၀၊ ထိုင်းနဲ့ဆို အဆ ၄၀၊ ဒေါ်လာနဲ့ဆို အဆထောင်ကျော် ကွာဟနေတဲ့အတွက် မြန်မာငွေနဲ့တွက်ရင် မြေဈေးကကြီးတယ်လို့ ထင်စရာဖြစ်နေတာပါ။ငွေဈေး ညီမျှမှုရှိရင် ဒီပြဿနာပြေလည်သွားမှာပါ"ဟု ၎င်းက ဆိုသည်။

လက်ရှိ မန္တလေးမြို့တွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျူးကျော်နေထိုင်ကြသည့် အခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပေးခဲ့ပြီး တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**





# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် လျှပ်စီးများလက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းများဖြစ်ပေါ်

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီးတွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များ မြင့်တက်လျက်ရှိသည်။ ညနေပိုင်းတွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး မိုးတိမ်တောင်များ အားကောင်းမှုကြောင့် မေ ၂၅ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် လျှပ်စီးလက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ မန္တလေးမြို့တွင် ယနေ့မွန်းတည့် ၁၂ နာရီတိုင်းတာချက်အရ နေ့အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက်ရှိကာ မိုးထစ်ချုန်းရွာပြီး ယနေ့ညနေ ၆ နာရီ တိုင်းတာချက်အရ အပူချိန် ၉၈ ဒီဂရီဖာရင်ဟိုက်သို့ ကျဆင်းသွားခဲ့သည်။ ညနေ ၄ နာရီမှ ၅ နာရီအတွင်း မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးရေချိန် သုည ဒသမ ၄၈ လက်မခန့် ရွာသွန်းခဲ့ရာ အနိမ့်ပိုင်းရပ်ကွက်လမ်းများပေါ် ရေများ ခေတ္တလွှမ်းသွားကြောင်း တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီးတွင် နေ့အပူချိန်များ တိုးလျက်ရှိပြီး လေဖိအားနည်းလျက်ရှိသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ လေအေးများ တိုးဝင်နေပြီး လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်စေပြီး မိုးတိမ်တောင်များ အားကောင်းကာ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်စေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# မြစ်ကြီးနား-နမ္မတီး-တနိုင်း-နန်းယွန်း-ပန်ဆောင် ကားလမ်းအား နိုင်လွန်ကတ္တရာလမ်းခင်းမည်

**မြစ်ကြီးနား မေ ၂၅**

မြစ်ကြီးနား-ပန်ဆောင်-လီဒိုကားလမ်း(နမ္မတီး-တနိုင်း-ရှင်ဗွေလမ်း)အပိုင်းသည် ဒုတိယကမ္ဘာစစ်မတိုင်ခင်က လှည်းလမ်းအဆင့်သာရှိခဲ့ပြီး ကားလမ်းမရှိပါ။ ၁၉၄၂ ခုနှစ်တွင် မဟာမိတ်တပ်များ အိန္ဒိယပြည်မှတစ်ဆင့် မြန်မာပြည်ထဲသို့ဝင်ရောက်ခဲ့ပြီး ဆက်သွယ်သွားလာရေး ကောင်းမွန်စေရန် စက်အား၊ ဒေသခံလူအင်အားများဖြင့် ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသောကြောင့် အမာခံလမ်းအဆင့်မှ မြေလမ်းအဆင့်သို့ ရောက်ရှိကာ ပျက်စီးခဲ့ရသည်။

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုစဉ်က နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ကချင်ပြည်နယ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၁၄-၃-၁၉၉၉ ရက်မှစ၍ နမ္မတီး-တနိုင်းကားလမ်းစီမံကိန်းအထူးအဖွဲ့ တစ်ဖွဲ့ဖွဲ့စည်း၍ တာဝန်ပေးဆောင်ရွက်ခဲ့သည်။

မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း မိုင်တိုင်အမှတ် (၀/၀) မြစ်ကြီးနားမှ မိုင်တိုင်အမှတ် (၁၁၉/၄) တနိုင်းမြို့အထိအပိုင်းအား ၁-၄-၂၀၀၈ ရက်မှစ၍ လီဒိုဟိုင်းဝေး ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့်ဆောင်ရွက်ခဲ့ပြီး မိုင်တိုင်အမှတ် (၁၁၉/၄) မှ (၁၇၇/၀) (တဂတ်ခ)အထိ ၅၇ မိုင် ၄ ဖာလုံကိုလည်း ၂၀-၅-၂၀၁၀ ရက်မှစ၍ ၎င်းကုမ္ပဏီမှပင် B.O.T စနစ်ဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိဖြစ်သည်။

ယခုအခါ အဆိုပါမြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်ကားလမ်း ၂၂၈ မိုင်အား မြောက်ပိုင်း တော်ဝင်ကျောက်စိမ်းကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးမြို့ရှိ ထိန်မိန်လမ်းဖောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီး B.O.T စနစ်ဖြင့်ဆောင်ရွက်ခွင့်ကို ၁၉-၁၁-၂၀၁၄ ရက်တွင်ခွင့်ပြုခဲ့ရာ အဆိုပါကုမ္ပဏီများက ယခုအခါ လုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာမှ စတင်၍ဆောင်ရွက်လျက်ရှိနေသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် B.O.T စနစ်ဖြင့် ခြောက်နှစ်တာကာလစီမံကိန်းအစား သုံးနှစ်အတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏ ပြင်ဆင်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီတို့ ညှိနှိုင်းပြီး ကချင်ပြည်နယ် အပိုင်း ၁၇၇ မိုင်အတွက် အဆိုပြုလွှာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၁-၁၂-၂၀၁၅ ရက်က တင်ပြဆောင်ရွက်လျက်ရှိသည်။

သုံးနှစ်စီမံကိန်းမှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နမ္မတီးမှ-လဝါးအထိ မိုင် ၂၀ အား အဆင့်မြင့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ သစ်သားတံတား ခုနစ်စင်းအား ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

၎င်းကားလမ်းမကြီးပြီးစီးသွားပါက တရုတ်ပြည်နှင့် အိန္ဒိယပြည်ကိုဆက်သွယ်ပေးမည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး တရုတ်နိုင်ငံထွက်ကုန်များ၊ မြန်မာ ဆန်စပါးသီးနှံများကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အထည်အလိပ်များ၊ စက်ယန္တရားများ၊ စားသောက်ကုန်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသို့လည်းကောင်း သယ်ယူပို့ဆောင်ပေးနိုင်တော့မည်ဖြစ်၍ ကားလမ်းဘေးတစ်လျှောက်ရှိ နမ္မတီး၊ စီဒီယန်း၊ လွယ်လီယန်း၊ ဒွန်ဘုံ၊ လဝါး၊ ဒွန်တန်၊ နောင်မီး၊ ဝရာဇွတ်၊ ရှဒူဇွတ်၊ တိန်တောက်၊ နန့်ဖြန့်၊ ဘောင်ရာ၊ တနိုင်းမြို့၊ မတော၊ တရုံး၊ ထမတ်၊ ခလုံ၊ ရှင်ဗွေယန်း စသည့်ကျေးရွာများနှင့် မြို့နယ်တို့ရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်လာတော့မည်ဖြစ်သည်။ **(ခရမ်းစိုးမြင့်)**

## နေပြည်တော်၏ အမြင့်ဆုံးအပူချိန်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတိုင်းထွာချက်များအရ နေပြည်တော်၏ အမြင့်ဆုံးအပူချိန်မှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ ၇၇ ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း သိရသည်။

## ကျောက်ဆည်၊ မင်းဘူးနှင့် ပေါက်မြို့တို့တွင် အပူချိန်မြင့်မား

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၅ ရက် မွန်းလွဲ ၂ နာရီထုတ်ပြန်ချက်များအရ ကျောက်ဆည်မြို့၊ မင်းဘူးမြို့နှင့် ပေါက်မြို့တို့တွင် နေ့အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့နှင့် ဘောလခဲမြို့တို့တွင် နေ့အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်စီမြင့်မားခဲ့ကြောင်း သိရသည်။

## မန္တလေးမြို့တွင် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမြင့်မား

ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအမြင့်ဆုံးအညွှန်းကိန်းမြို့များမှာ မန္တလေးမြို့တွင် ၁၀ နှင့်အထက်ရှိခဲ့ပြီး ရန်ကုန်မြို့တွင် ၉ ဒသမ ၇ နှင့် နေပြည်တော်တွင် ၉ ဒသမ ၆ ကျရောက်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ထုတ်ပြန်ခဲ့သည်။



# ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း အင်းလေးတွင် ဖွင့်လှစ်မည်

**ညောင်ရွှေ ဧပြီ ၂၅**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း စိစစ်ရွေးချယ်ခဲ့သည့် နဝမတန်းဘက်စုံပညာထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို အင်းလေးဒေသတွင် အပန်းဖြေစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

နဝမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း (အင်းလေးခေါင်တိုင်)သို့ ဧပြီ ၂၇ ရက်တွင်ရောက်ရှိ၍ အပန်းဖြေမည်ဖြစ်သည်။ အပန်းဖြေစခန်းတွင် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ လူရည်ချွန်ကျောင်းသား ကျောင်းသူဟောင်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အင်းလေးကန်အတွင်း လေ့လာရေးခရီးစဉ်များအဖြစ် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်း၊ ရေခြံကျွန်းမျောစိုက်ပျိုးရေးလုပ်ငန်းများ၊ ငွေထည်နှင့် ရက်ကန်းလုပ်ငန်းများအား လေ့လာခြင်း၊ ထို့ပြင် ပင်းတယ၊ တောင်ကြီးနှင့် ဟိုပုံးမြို့များရှိ အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ်များကို ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သောအကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများရရှိလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြ လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**(နေမျိုးသူရိန်)**

# မိတ္ထီလာကန်ကူးတံတား (လေးလမ်းသွား)သစ် တိုးချဲ့တည်ဆောက်ပြီးနောက် တံတားအရှေ့ထိပ်အနီးတွင် တစ်လမ်းမောင်းစနစ်သတ်မှတ်ခြင်းကြောင့် ဖြတ်သန်းမောင်းနှင်သူများ အဆင်မပြေမှုများကြုံတွေ့နေ

**မိတ္ထီလာ ဧပြီ ၂၅**

မိတ္ထီလာကန်ကူးတံတား ယခင်တံတားဟောင်း နှစ်လမ်းသွား ကျဉ်းမြောင်း၍ မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်သူများ လမ်းခရီးပိုမိုအဆင်ပြေ ချောမွေ့စေရန် မိတ္ထီလာကန်ကူးတံတား( လေးလမ်းသွား) သစ်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီးနောက် ယင်းတံတားအရှေ့ထိပ်အနီးတွင် ဇလီဖားတုံးများ စီတန်းချ၍ တစ်လမ်းမောင်းစနစ် သတ်မှတ်ခြင်းကြောင့် ဖြတ်သန်းမောင်းနှင်ကြသည့် ဒေသခံပြည်သူများနှင့် ခရီးသွားများမှာ လမ်းခရီးအဆင်မပြေမှု နေ့စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

"မိတ္ထီလာမြို့က ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီး၊ ကျောက်ပန်းတောင်း မြို့ကြီးငါးမြို့သွားရာ ခရီးလမ်းဆုံမြို့ဖြစ်ပြီး ဒေသခံပြည်သူတွေလည်း မိတ္ထီလာကန်ကူးတံတားဟောင်းပေါ်က နေ့စဉ်ဖြတ်သန်းသွားလာနေတော့ တံတားပေါ်မှာ နေ့စဉ် နံနက်နဲ့ ညနေတိုင်း ယာဉ်ကြောရှုပ်ထွေးမှုဖြစ်ခဲ့တယ်။ ဒါကြောင့် မိတ္ထီလာကန်ကူးတံတားဟောင်း နှစ်လမ်းသွားကို လေးလမ်းသွား ကန်ကူးတံတားအသစ် တိုးချဲ့ တည်ဆောက်ပေးခဲ့တယ်။ ကန်ကူးတံတားအသစ် တိုးချဲ့တည်ဆောက်ပြီးပေမယ့် ယခင်ပုံမှန်အတိုင်း မဟုတ်ဘဲ တံတားအရှေ့ထိပ်အနီးမှာ ဇလီဖားတုံးတွေ တန်းစီချပြီး အဲဒီနားမှာ တစ်လမ်းမောင်းစနစ် သတ်မှတ်လိုက်တော့ နေ့စဉ်တံတားပေါ်ကနေ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကုန်တင်ယာဉ်ကြီး ယာဉ်ငယ်တွေက မြို့လယ်ဘုရားအနီးအကွေ့မှာ တော်တော်လေး သတိထားမောင်းနှင်ရတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

မိတ္ထီလာ ကန်ကူးတံတားအရှေ့ထိပ်အနီးတွင် ဇလီဖားတုံးများတန်းစီချကာ တစ်လမ်းမောင်းစနစ်သတ်မှတ်ထားခြင်းကြောင့် ခရီးသွားမော်တော်ယာဉ်မောင်းများနှင့် ဒေသခံပြည်သူများအနေဖြင့် မြို့လယ်ဘုရားအနီးအကွေ့တွင် ယာဉ်အန္တရာယ်မဖြစ်စေရန် ယခင်ထက် သတိထားသွားလာနေရသကဲ့သို့ လာမည့်ကျောင်းဖွင့်ရာသီတွင် ယင်းအကွေ့အနီး၌ ယာဉ်ကြော ပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နိုင်သဖြင့် မူလအတိုင်း ယာဉ်လမ်းကြောင်း သတ်မှတ်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အလုံမြို့နယ်၌ သက်တမ်းလွန်ဆေးနှင့် တရားမဝင်ဆေးများ ရောင်းချမှုရှိ၊ မရှိစစ်ဆေး

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးမြင့်၊ ဒေါက်တာရဲမင်းထိုက်၊ ဒေါက်တာစုမြတ်ဖြူတို့ ပါဝင်သောအဖွဲ့သည် အလုံမြို့နယ်အတွင်းရှိ နိုင်ငံခြားဆေးရောင်းချသော ဆေးဆိုင်များအား ဧပြီ ၂၅ ရက် နံနက် ၉ နာရီက သက်တမ်းလွန်ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆေးဝါးစစ်ဆေးမှုများ ပြုလုပ်ရာတွင် အလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာလဲ့ညိုဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဒေါ်မြင့်မြင့်အုံးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ကံမမြို့နယ်တွင် ကျေးရွာများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးဆောင်ရွက်

**ကံမ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်း ကံမ-ပြည် မော်တော်ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် အခြားရေရှားပါးသော ကျေးရွာများတွင် မြေအောက်ရေကို စမ်းသပ်တိုင်းတာရာ အနက်ပေ ၁၀၀၀ ကျော်သည့်တိုင်အောင် ရေမတွေ့ရှိရသဖြင့် စက်ရေတွင်း တူးဖော်ရန်မှာ အခက်အခဲများစွာရှိ၍ မိုးရေလှောင်ကန်များတူးဖော်ထားရှိခြင်းဖြင့် သောက်သုံးရေအခက်အခဲကို ဖြေရှင်းကြရသည်။

အဆိုပါမိုးရေလှောင်ကန်များ၏ ယခုနှစ်နွေရာသီကာလ ရေသိုလှောင်ထားရှိမှုအခြေအနေများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေနည်းပါးသောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျဝင်း)**



# လူငယ်နှင့်ဆိုင်ကယ်

ယနေ့မြန်မာနိုင်ငံတွင် အမြို့မြို့အနယ်နယ် ကျေးရွာတိုင်းတွင် ဆိုင်ကယ်များရှိသည်။ ဆိုင်ကယ်အမျိုးအစားမှာ တရုတ်ပြည်ထုတ် ဆိုင်ကယ်နှင့် ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များ ဖြစ်ကြသည်။ ဆိုင်ကယ်များပေါ်လာသဖြင့် တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ သွားလာရေးအဆင်ပြေနေသည်။ ဆိုင်ကယ်တစ်စီး သုံးသိန်းကျော်နှင့်ရသဖြင့် ကျေးရွာတိုင်းတွင် ဆိုင်ကယ်များရှိသည်။ ဆိုင်ကယ်များရှိသဖြင့် ကျေးလက်ဒေသထွက်ကုန်များကို မြို့သို့အချိန်မီပေးပို့နိုင်သဖြင့် စီးပွားရေးဈေးကွက်အဆင်ပြေနေသည်။ ထို့ပြင် ဆိုင်ကယ်များရှိသဖြင့် မြို့ပြနှင့်ကျေးလက် သွားလာရေး လွယ်ကူချောမွေ့နေသည်။ ဆိုင်ကယ်ရှိသဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာသည်။

ဆိုင်ကယ်များပေါ်လာသဖြင့် ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ အဆင်ပြေနေကြသည်။ ဆိုင်ကယ်များကို လူငယ်လူရွယ်များ အများဆုံးစီးကြသည်။ ဆိုင်ကယ်စီးရခြင်း၏ အဓိပ္ပာယ်မှာ လူသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်းအတွက် ဖြစ်သည်။ ဆိုင်ကယ်ကို စည်းကမ်းတကျ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအတိုင်းစီးလျှင် အလွန်စီးပျော်သော ယာဉ်တစ်မျိုးဖြစ်သည်။

ထိုဆိုင်ကယ်ကိုပင် လူငယ်လူရွယ်များ အရက်သောက်စားမူးယစ်၍ စီးခြင်း၊ အရှိန်မြှင့်စီးခြင်း၊ ဆိုင်ကယ်ကို ရိုးရိုးတန်းတန်းမစီးဘဲ မြွေလိမ်မြွေကောက်(ပလာတာရိုက်)စီးခြင်း၊ ဖင်ထောင်စီးခြင်း၊ လက်လွှတ်စီးခြင်း၊ လူများနားမခံသာအောင် အိတ်ဇောဖွင့်စီးခြင်း၊ အုပ်စုလိုက်စီးခြင်းစသော ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် မညီသောစီးခြင်းမျိုးဖြင့် ဆိုင်ကယ်များကို စီးနေကြသည်။ ဆိုင်ကယ်စီး၍ မတော်တဆသေဆုံးသွားလျှင် ဆိုင်ကယ်



စီးသူကို အပြစ်မပြောဘဲ နိုင်ငံခြားက လူတွေသေဆုံးအောင် ဆိုင်ကယ်တွေ သွင်းနေတယ်ဟု တစ်ဖက်သတ်ပြောဆိုနေကြသည်။

ဆိုင်ကယ်ကိုဖြည်းဖြည်းမှန်မှန် လမ်းစည်းကမ်း ယာဉ်စည်းကမ်းအတိုင်း စီးလျှင် အလွန်စီးပျော်သော ယာဉ်တစ်မျိုး ဖြစ်သည်။ ယခုအခါ လူငယ်များသည် အရက်သေစာသောက်စား၍ စီးခဲ့ကြသဖြင့် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျသေဆုံးခြင်း၊ သစ်ပင်ဝင်တိုက်၍သေဆုံးခြင်း၊ ချောက်ထဲကျ၍ သေဆုံးခြင်း၊ ထောင်စီး၍သေဆုံးခြင်း၊ အရှိန်မြှင့်စီး၍သေဆုံးခြင်း၊ အရှိန်မြှင့်စီး၍ မထိန်းနိုင်၊ မသိမ်းနိုင် အရှိန်လွန်၍ တစ်ခုခုဖြင့်တိုက်သေဆုံးခြင်းများဖြင့်လည်း အကျိုးမရှိဘဲ လူငယ်လူရွယ်များ အသက်ဆုံးရှုံးနေကြသည်။

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဝမ်းသာလမ်းခွဲအနီးတွင် ညအချိန် ၁၂ ဘီးယာဉ်တစ်စီးသည် စက်ပျက်၍လမ်းဘေးထိုးရပ်ကာ မိတ္ထီလာမြို့သို့ စက်ဆရာသွားခေါ်နေသည်။ ယာဉ်ကိုယာဉ်နောက်လိုက်ဖြင့် ထားခဲ့သည်။ ထိုစဉ် ည ၉ နာရီခန့်တွင် ဝမ်းတွင်းမြို့နယ် ရွာမှ သူငယ်ချင်းသုံးယောက်သည် အရက်သေစာသောက်စားပြီး ဆိုင်ကယ်တစ်စီးဖြင့် အရှိန်ပြင်းစွာစီးလာရာ ကားပျက်၍ လမ်းဘေးရပ်ထားသော တွဲကားအားမမြင်ဘဲ တွဲကားအောက်ဝင်သွားခဲ့သည်။ တွဲကားအောက်ဝင်သွားသဖြင့် သုံးဦးစလုံး သေဆုံးသွားခဲ့သည်။ ဆိုင်ကယ်စီးသည့် အရှိန်မှာ ဘယ်လောက်ပြင်းသည်ဆိုလျှင် ဆိုင်ကယ်မှာ ကားအလယ်လောက်ရောက်သွားသည်။ ဆိုင်ကယ်လည်း ရစရာမရှိအောင် ပျက်စီးသွားသည်။

ထို့ကြောင့် လူငယ်လူရွယ်များ ဆိုင်ကယ်စီးလျှင် ဖြည်းဖြည်းမှန်မှန်စီးပါ။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာပါ။ ဆိုင်ကယ်စီးလျှင် အရက်သေစာမသောက်စားပါနှင့်။ နှစ်ယောက်ထက်ပိုမစီးပါနှင့်။ ဦးထုပ်ဆောင်းပါ။ မိမိယာဉ်ကြောအတိုင်းစီးပါ။ ဆိုင်ကယ်သည် စီးတတ်လျှင် အလွန်အသုံးဝင် အကျိုးပြုသည့် ယာဉ်တစ်စီးဖြစ်ကြောင်းနှင့် လူငယ်လူရွယ်များ ဆိုင်ကယ်စီး၍ မသေသင့်ဘဲ မသေဆုံးရန် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

**တင်လှိုင်(မိတ္ထီလာ)**

# အရာတော်မြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် စိုက်ခင်းများပျက်စီး



**အရာတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးသီးများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စာသင်ကျောင်းများ၊ လူနေအိမ်နှင့် သီးနှံစိုက်ခင်းများ၊ ဓာတ်အားပေးတိုင်များ ပျက်စီးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ လေပြင်းတိုက်ခတ်ပြီး မိုးသီးများကြွေကျမှုကြောင့် အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စု ထူးရာကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ၊ ဆင်တလည်ကျေးရွာအုပ်စု ဆင်တလည်ကျေးရွာ စာသင်ကျောင်းအမိုးများ လန်ထွက်ပျက်စီးခြင်း၊ မိုးသီးကြွေကျမှုကြောင့် ဘောင်းကျကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းသွပ်မိုးများ ပေါက်ထွက်ပျက်စီးခြင်း၊ အရာတော်-ရွှေဘို ကားလမ်းမပေါ်ရှိ လျှပ်စစ်မီးတိုင်များ လဲကျခြင်းများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် ပေါက်ပင်ဆိပ်ကျေးရွာ အလကခွဲ၊ အုတ်ရှင်းကြီးကျေးရွာ အလကခွဲ၊ တပ်တွင်းအမကကျောင်း၊ ကြွေပုဂံကျေးရွာ မူလွန်ကျောင်း၊ ကူးတို့ကိုင်းကျေးရွာ အမကကျောင်း၊ ဒုံဒစ်ကျေးရွာ အလကခွဲကျောင်း၊ ရှောက်ခါးကျေးရွာ မူလွန်ကျောင်း၊ ကျောက်ပျောက်ကျေးရွာ အလကခွဲကျောင်း၊ ခင်သာကျေးရွာ အလကခွဲ၊ ကံသာ(လှ)ကျေးရွာ အမကကျောင်း တို့တွင်လည်း မိုးသီးကျမှုကြောင့် ခေါင်မိုးများ ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းနှင့် မိုးသီးကျမှုဖြစ်စဉ်များကြောင့် လူနှင့် တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အပျက်အစီးများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## မိုးမိတ်နှင့် မဘိမ်းမြို့နယ်တို့တွင် အပျက်အစီးရှင်းလင်းရေး ကူညီဆောင်ရွက်

**နေပြည်တော် မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့တွင် မေ ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကြွေကျခဲ့ရာ မိုးမိတ်မြို့ပေါ်ရပ်ကွက် လေးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာခန့်မှ လူနေအိမ် ၁၅၀၀ ခန့်နှင့် မဘိမ်းမြို့ပေါ်ရပ်ကွက် သုံးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာခန့်မှ လူနေအိမ် ၆၅၀ ခန့်မှာ သွပ်မိုးများပေါက်ပြဲပျက်စီးခြင်း၊ အမိုးများလန်ခြင်း၊ သစ်ပင်ကြီးများကျိုးကျ၍ လမ်းများပိတ်ဆို့ခြင်းနှင့် ဖုန်းတိုင်၊ မီးတိုင်များပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့သည်။

အဆိုပါနေရာများသို့ တပ်မတော်သားများကသွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ ယာယီနေထိုင်နိုင်ရန် အမိုးအကာများ ပြုလုပ်ပေးခြင်းနှင့် လမ်းပိတ်ဆို့နေသော သစ်ပင်များအား ရှင်းလင်းဖယ်ရှားခြင်းစသည့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

## ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာနှင့် လယ်ယာမြေများပျက်စီးဆုံးရှုံး၍ အကူအညီများလိုအပ်နေ



**ကဝ မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ဝကမ်းဘေးရွာများတွင် ဒီလှိုင်းဒဏ်ကြောင့် ကမ်းများပြိုကျကာ ရွာမြေများ၊ လယ်ယာများ ပျက်စီးဆုံးရှုံးပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ခံစားနေရသည်ဟု သိရသည်။

ကဝမြို့နယ် တံတားဦးကျေးရွာအုပ်စုတွင် ပါဝင်သည့် သမွာန်ဆိပ်ကျေးရွာ၏ အိမ်ခြေ ၇၀ ကျော်နှင့် လယ်ယာမြေများ ကမ်းပြိုပျက်စီးခြင်း၊ ရေငန်များဝင်ရောက်ဖုံးလွှမ်းခြင်းကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့သွားရသည်။ "သမွာန်ဆိပ်ကတော့ ကုန်သွားပါပြီ။ အားလုံးပြောင်းကုန်ပြီ။ ဖျက်ပြီးရွှေ့နိုင်တာရှိသလို ရေထဲပါသွားတာများတယ်။ ကျန်တဲ့မြေကလဲ ရေငန်ဝင်ပြီး သုံးမရတော့ဘူး။ တချို့က မွန်ပြည်နယ်ဘက်၊ တချို့က နီးစပ်ရာမှာ အဆင်ပြေသလိုပြောင်းနေကြပါတယ်"ဟု တံတားဦးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မန်းက ပြောသည်။

တံတားဦးကျေးရွာအုပ်စုတွင် တံတားဦး၊ စာဖြူစုနှင့် သမွာန်ဆိပ်ကျေးရွာတို့ပါဝင်ပြီး အိမ်ခြေ ၄၀၀ ခန့်နှင့် လယ်ယာမြေ ဧက ၅၆၀၀ ခန့်ရှိသည့်အနက် ကမ်းပြိုကျမှုကြောင့် ဧက ၄၀၀၀ ကျော်ဆုံးရှုံးခဲ့ရပြီး နေအိမ်များ ဖြိုဖျက်ပြောင်းရွှေ့နေကြသည်ကို တွေ့ရသည်။ ရွာသစ်တည်ရန် မြေနေရာလိုအပ်နေကြောင်းသိရပြီး သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် လူမှုရေးအသင်းများ၏ အကူအညီများလိုအပ်နေကြောင်း ဒေသခံများထံမှသိရသည်။

ပင်လယ်ဒီရေလှိုင်းဒဏ်ကို ကာကွယ်ရန် အောက်ခြေ ၁၂ ပေ၊ အမြင့် ၆ ပေ၊ အရှည် ပေ ၄၀၀၀ ခန့်ရှိသည့် ရေကာတာတစ်ခုကို ရွာသားများ စုပေါင်းပြီး သိန်း ၆၀ ခန့် အကုန်အကျခံ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

မိုးမကျမီ ယခုတာထက်ပိုမိုကြီးမားသည့် တာတစ်လုံးနှင့် မြို့နှင့်ဆက်သွယ်ရန် အမာခံလမ်းမကြီးတစ်ခု၊ ရွာမြေနေရာသစ်တစ်ခုတို့ လိုအပ်လျက်ရှိကြောင်း ဒေသခံများက သက်ဆိုင်ရာသို့ တင်ပြအကူအညီတောင်းခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းစစ်သူ(ပဲခူး)**

## ရေလိုအပ်သည့်ကျေးရွာများသို့ ရေများဖြန့်ဝေပေးခြင်းနှင့် ပညာပေးဆွေးနွေး

**ရမ်းဗြဲ မေ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော ကျေးရွာများဖြစ်သည့် သာစည်ပြင်ကျေးရွာနှင့် အောင်စည်သာကျေးရွာ အတွင်းနေထိုင်ကြသော အိမ်ထောင်စု ၂၁၀ အား မေ့လ တတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းတို့ ပူးပေါင်းပါဝင်ပြီး ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေယာဉ်ဖြင့် ကျေးရွာအရောက် တစ်ရွာချင်းအလိုက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။

ဆက်လက်ပြီး ရမ်းဗြဲမြို့နယ်အတွင်း ထပ်မံလိုအပ်လျက်ရှိသော ကျေးရွာများသို့လည်း ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာသူကျေးရွာသားများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းတို့က ရေအလေအလွင့်မရှိ သုံးစွဲနိုင်ရေး ပညာပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(အောင်လှဖြူ)**

## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**ညောင်ရွှေ မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စုအတွင်း မေ ၂၄ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မိုင်းသောက်အင်းရွာတွင် နေအိမ် လေးလုံးပြိုလဲပြီး ကိုးလုံး ပျက်စီးခဲ့ကြောင်း၊ အလားတူ ကြံပုန့်ငယ်ရွာတွင် နေအိမ်တစ်လုံးပြိုလဲပြီး အမကကျောင်းနှင့် နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် တပ်ကုန်းရွာတွင် နေအိမ်နှစ်လုံးပြိုလဲပြီး နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျကာ ကားလမ်းပိတ်ဆို့နေမှု ရှင်းလင်း

**နေပြည်တော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် မေ ၂၄ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ရွှေဘို-မုံရွာကားလမ်းဘေး ဝဲ၊ ယာမှ သစ်ပင်ကြီးများ ကားလမ်းပေါ်သို့လဲကျပြီး ကားလမ်းအားပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်မှုအခြေအနေအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရာ ယခုအခါ ကားလမ်းပေါ်ရှိ အပင်ကြီးများရှင်းလင်းပြီးဖြစ်၍ ယာဉ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆ - ၄ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၄၀ ပြည်သူ့နီတိ
"အချက်မသိတော့"
၇း၀၀ မြန်မာဂန္ထဝင်သီချင်းကြီး
၇း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်သော ပုစ္ဆာ"
(အပိုင်း-၃၁)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့ အလှတရား"
(အပိုင်း-၃၁)
၈း၄၀ ကာတွန်းအစီအစဉ်
"Flushed Away"
(အပိုင်း-၁)
၉း၁၀ တေးဂီတအစီအစဉ်
၉း၂၀ အနုပညာမှ ပရဟိတ သို့
(အပိုင်း-၂)
၉း၄၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်
တေးများ
၁၀း၀၀ အနုပညာပြခန်း
(သီပေါမင်း ပါတော်မူခန်း)
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၃၀ မြန်မာ့ဗီဒီယိုဇာတ်လမ်း
"လိပ်ပြာပြောတဲ့ လွမ်းပုံပြင်"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ "ပုဂံ၏ကျက်သရေ
တင့်တယ်စေ"
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်
အစီအစဉ်
၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ "ကျန်ရစ်ခဲ့သော
ခြင်ထောင်လေးတစ်လုံး"
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၆)
၁း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၆)
၂း၀၀ ဆိုကြမယ်၊ ပျော်ကြမယ်
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၁၅ "ထန်းသမားတို့ဘဝ"
၄း၃၅ Football Magazine (ဧရာဝတီ
ယူနိုက်တက်အသင်း)
၅း၁၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
(အကယ်ဒမီနေတိုး)
၅း၄၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း (လက်လီလုပ်ငန်းဖြင့်
ကိုယ်ပိုင်စီးပွားရေးတစ်ခု
စတင်ခြင်း"
(အပိုင်း-၁)
၆း၃၅ ပြည်သူတို့ရဲ့စကားသံများ
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၇)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၇)
-ပြည်သူ့နီတိ "After Me"
(ဇာတ်သိမ်း)
(နေဆန်း၊ ထက်နိုင်၊
သူရဇ္ဇ၊ လွင်ဘုန်းအောင်၊
ကျော်ရဲကြည်၊
(ဒါရိုက်တာ-မိုးဇော်ကို)

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "လူပီသသူဖြစ်ပါစေ" တရားတော်
(ဆရာတော်အရှင်သူရိယ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၄၃)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Bright Top-Star
Educare Course
Completion Ceremony)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၉၁)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ် စားမယ်
(Merlion Cuisine Resturant)
၁၁း၄၀ MRTV-4 Stage
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၃)
၁၂း၄၀ ပဏ္ဍိတာရာမ သာသနာ့ရိပ်သာ
များမှတ်တမ်း (အပိုင်း-၂)
(ပထမပိုင်း)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၉)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၄၃)
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (KMD
Fresher Welcome)
၄း၀၀ Cartoon Series
(Go Go Giggles)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၄၄)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၁၀)
၈း၀၀ MRTV-4 Stage
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၉၂)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၄)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၃၅ World of Knowledge
(Ground War: Warrior
Weapon)

### mitv

| | |
|---|---|
| 07:26 | Insight Myanmar "Role of MNHRC" (Episode-II) |
| 07:43 | Living Myanmar Glazed Ceramics |
| 08:26 | Marvelous Solo Cane Ball Playing |
| 08:43 | Atuladhipati Mahamunisacca Koe Htat Kyee Pagoda |
| 09:26 | Culture Show: Abdication of King Thibaw |
| 09:42 | Kayah Style |
| 09:51 | Today Myanmar: El Niño Impacts On Fish Breeding |
| 10:26 | Style of Mro and Thet |
| 10:32 | The Man and The Elephant (Part- 1) |
| 10:47 | The Man and The Elephant (Part- 2) |
| 07:26 | A Day Out With Sarah (EP-7) |
| 07:53 | Tea |
| 08:26 | Discovering Tribes "MUUN (Episode - II)" |
| 08:50 | Chef Life: Cho Wut Yee |

## တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "The Jungle Book"



ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ရုပ်ရှင် " The Jungle Book " ဟာ ယခုသီတင်းပတ်အတွင်း မြောက်အမေရိကန်မှာ ရုံတင်ပြသခဲ့တဲ့ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်း မေးလ်အွန်လိုင်း ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ ယခုသီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၈ သန်းရရှိခဲ့ပြီး စတင်ရုံတင်ခဲ့သည်မှ ဆယ်ရက်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၅ သန်းရရှိခဲ့တာကြောင့် တစ်နှစ်တာအတွင်း စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဖြစ်လာခဲ့ပါတယ်။

" The Jungle Book"ရုပ်ရှင်နဲ့အပြိုင်ရုံတင်ခဲ့တဲ့ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်တဲ့ရုပ်ရှင် "Snow White with The Huntsman: Winter's War"ဟာ ပွဲဦးထွက်တနင်္ဂနွေမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ သန်းရရှိခဲ့တာကြောင့် " The Jungle Book "ရဲ့ ဝင်ငွေဟာ အဆိုပါ ရုပ်ရှင်ထက်သုံးဆခန့် သာလွန်ခဲ့ပါတယ်။ "Snow White with The Huntsman: Winter's War" ရုပ်ရှင်ဟာ အမေရိကန်ဒေါ်လာ ၁၁၅ သန်း အကုန်ကျခံရိုက်ကူးထားတဲ့ ရုပ်ရှင်ဖြစ်တာကြောင့် ဝင်ငွေအရ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ ရုပ်သံဖန်တီးမှုရုပ်ရှင် "Zootopia" ကတော့ စတင်ထုတ်လွှင့်ခဲ့တဲ့အချိန်ကစတင်ပြီး လတ်တလောအချိန်အထိ အချိန်အတော်ကြာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ငါးကားစာရင်းမှာ နေရာယူထားနိုင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ကြောင်း သိရပါတယ်။

## ရုပ်ရှင်သစ်မှာ ဟော်ကီကစားသမားတစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် ဆိုအေး



ယခုနှစ်နွေရာသီအတွင်း ထုတ်လွှင့်သွားမယ့်ရုပ်ရှင်သစ် "Take Off 2" ကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာ ယင်းရုပ်ရှင်မှာ တောင်ကိုရီးယားရဲ့ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဆိုအေးဟာ ဟော်ကီကစားတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာကို တွေ့မြင်ခဲ့ရကြောင်း ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ ရေခဲပြင်ဟော်ကီကစားတဲ့ အမျိုးသမီးကစားသမားတစ်ဦးရဲ့ဘဝကို ပုံဖော်ရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ကာ ဆောင်းရာသီအိုလံပစ်ပွဲတော်အတွက် ဆွဲဆောင်မှုတစ်ခုအဖြစ် ရည်ရွယ်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

"Take Off 2" ရုပ်ရှင်မှာ ဆိုအေးနဲ့အတူ ဟော်ကီကစားသမားတွေအဖြစ် အိုယွန်ဆိုး၊ ဟာဂျေစွတ်၊ ကမ်ယေဝန်နဲ့ ဂျင်ဂျီဟေးစတဲ့ အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

## "Descendants of the Sun" ရုပ်ရှင် ဂျပန်နိုင်ငံတွင် ဇွန်လအတွင်း စတင်ပြသမည်

တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ တစ်ပြိုင်နက်ထုတ်လွှင့်ပြသခဲ့ရာမှာ ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တဲ့ တောင်ကိုရီးယားဒရမ်မာဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"ကို ဂျပန်နိုင်ငံမှာလည်း ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း ဟန်စီးနီးမားဒေါ့ကွန်းက ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်က ဖော်ပြခဲ့ပါတယ်။

ဂျပန်ပရိသတ်တွေရဲ့တောင်းဆိုမှုအရ ယင်းရုပ်ရှင်ကို ဂျပန်ရုပ်သံမီဒီယာတစ်ခုဖြစ်တဲ့ CS က လာမယ့် ဇွန် ၂၁ရက်မှာ စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

"Descendants of the Sun" ရုပ်ရှင်ကို အွန်လိုင်းကနေကြည့်ရှုခဲ့ကြပြီးတဲ့နောက် ဂျပန်ပရိသတ်တွေက ယင်းရုပ်ရှင်ကို နိုင်ငံအတွင်း တရားဝင်ထုတ်လွှင့်ပြသပေးဖို့ တောင်းဆိုမှုတွေနဲ့ ယင်းရုပ်ရှင်ကို ဂျပန်ဘာသာကို ပြန်ဆိုပေးဖို့တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ယခုလိုတောင်းဆိုမှုတွေကြောင့် တရားဝင်ထုတ်လွှင့်ပြသပေးဖို့ အတည်ပြုပြောကြားခဲ့ပြီးတဲ့နောက်မှာလည်း ယင်းရုပ်ရှင်ကို တရုတ်နိုင်ငံမှာ ထုတ်လွှင့်ခဲ့စဉ်ကလို အခန်းတွေဖြတ်တောက်ပစ်တာမျိုးတွေမရှိစေဖို့ကိုလည်း ဂျပန်ပရိသတ်တွေက မျှော်လင့်နေကြပါတယ်။

အာရှတစ်ခွင် အထူးရေပန်းစားကျော်ကြားခဲ့တဲ့ ယင်းရုပ်ရှင်ရဲ့အောင်မြင်မှုနဲ့ပတ်သက်ပြီး ဘီဘီစီသတင်းဌာနက ယင်းရုပ်ရှင်ဟာ စစ်သားတစ်ဦးကို အဓိကဇာတ်ဆောင်ထားကာ ရိုက်ကူးခဲ့တဲ့ရုပ်ရှင်ဖြစ်တာကြောင့် သာမန်တွေ့မြင်နေကြ တောင်ကိုရီးယားရဲ့ အချစ်ဇာတ်လမ်းတွေက ကွဲထွက်နေတာကြောင့် အောင်မြင်ခဲ့တာဖြစ်တယ်လို့ ဝေဖန်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်မှာ တောင်ကိုရီးယားရုပ်ရှင်တွေမှာ တွေ့မြင်နေကြဖြစ်တဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကိုလည်း ထည့်သွင်းပုံဖော်ထားတာမျိုး မတွေ့ရပါဘူး။

တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ ထုတ်လွှင့်ပြသခဲ့ပြီး ဂျပန်နိုင်ငံမှာလည်း ပြသသွားဖို့ စီစဉ်ထားခဲ့ပေမယ့် အခြားအာရှနိုင်ငံတွေကတော့ ယင်းရုပ်ရှင်ကို လတ်တလောအချိန်အထိ ဝယ်ယူပြသဖို့ ကမ်းလှမ်းခဲ့တာမရှိသေးကြောင်းလည်း သိရပါတယ်။

**အေးပြည့် ရေးသားသည်**

## အေဂျင်စီသစ်နဲ့ပတ်သက်ပြီး မင်ဇီတုံ့ပြန်ပြောကြား



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2NE1" ကနေ တရားဝင်နုတ်ထွက်သွားပြီဖြစ်တဲ့ မင်ဇီဟာ လတ်တလောမှာ အေဂျင်စီအသစ်နဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်တယ်လို့ ဒေသတွင်းမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ အဆိုပါသတင်းနဲ့ပတ်သက်ပြီး မင်ဇီကသူ့အနေနဲ့ လတ်တလောအချိန်အထိ မည်သည့်အေဂျင်စီနဲ့မှ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိသေးကြောင်း တုံ့ပြန်ပြောဆိုခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဧပြီလအစပိုင်းက အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဆိုတဲ့ အံ့အားသင့်ဖွယ်သတင်းကို ပေါ့ပ်အဆိုတော် မင်ဇီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် သူ့ကို အေဂျင်စီအချို့က ကမ်းလှမ်းလာမှုတွေရှိခဲ့ပေမယ့် လတ်တလောအချိန်အထိ ရွေးချယ်ထားတာမျိုးမရှိသေးကြောင်းလည်း မင်ဇီရဲ့ကိုယ်စားလှယ်က ပြောကြားခဲ့ပါတယ်။

အဖွဲ့ဝင်လေးဦးနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ "2NE1"ကနေ မင်ဇီနုတ်ထွက်ခဲ့တဲ့အတွက် ကျန်ရှိတဲ့အဖွဲ့ဝင်သုံးဦးနဲ့သာ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်ပြုလုပ်သွားမှာဖြစ်ပြီး မင်ဇီအနေနဲ့ အဖွဲ့ကနေနုတ်ထွက်ခဲ့တာဟာ ဆိုလိုတေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လိုတဲ့ ဆန္ဒကြောင့်သာဖြစ်ကြောင်းလည်း သိရပါတယ်။

✪ကျောဖုံးမှ
တိုက်စစ်မှူး ပါရက်ဟာ ၂၃၁၁ မိနစ် ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ကိုးဂိုး၊ ဂိုးဖန်တီးပေးမှု ကိုးကြိမ်၊ ကွင်းလယ်ကစားသမား အိုဇေးလ်ဟာ ၂၈၆၉ မိနစ် ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးခြောက်ဂိုး၊ ဂိုးဖန်တီးပေးမှု ၁၈ ကြိမ်၊ တိုက်စစ်မှူး ကန်တီဟာ မိနစ် ၂၇၅၀ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးတစ်ဂိုး၊ ဂိုးဖန်တီးပေးမှု လေးကြိမ် စသဖြင့် အသီးသီးစွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

ကွင်းလယ်ကစားသမား မာရက်ဇ်ဟာ ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လက်စတာစီးတီးအသင်းက ဆွမ်ဆီးအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပြီးမှာ လန်ဒန်မြို့ ဂရော့ဆဗန်နာဟိုတယ်မှာ လက်ခံ ရယူခဲ့တာပါ။ ဆွမ်ဆီးအသင်းကို လေးဂိုးပြတ်နဲ့နိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၃၅)မှာ ကွင်းလယ်ကစားသမား မာရက်ဇ်ဟာ လက်စတာစီးတီးအသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်အနိုင်ရရှိခဲ့တာကြောင့် လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ ထိပ်ဆုံးကနေဆက်လက်ရပ်တည်နိုင်ခဲ့သလို ပရီမီယာလိဂ် ဖလားကို ဆွတ်ခူးနိုင်မယ့် လမ်းကြောင်းပေါ်ကိုလည်း တည့်မတ်စွာရောက်ရှိလို့ သွားခဲ့ပါတယ်။ ကွင်းလယ်ကစားသမား မာရက်ဇ်ဟာ ၂၀၁၄ ခုနှစ်အတွင်းက ပြင်သစ်ကလပ် လီဟာဗရီအသင်းကနေ လက်စတာစီးတီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းရရှိခဲ့တာကြောင့် ပီအက်ဖ်အေရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပီအက်ဖ်အေရဲ့ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဒီလီအယ်လ်လီကတော့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ငါးသန်းနဲ့ စပါးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အရင်ကတော့ အမ်ကေဒွန်းအသင်းမှာ ကစားခဲ့တာပါ။ အခုရာသီမှာ စပါးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲပေါင်း ၃၂ ပွဲပါဝင်ကစားပေးခဲ့ရာ ၁၀ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် စပါးအသင်းရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းနဲ့အတူ တွဲဖက်ကာ စပါးအသင်းအတွက် အကောင်းဆုံး ရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် ပီအက်ဖ်အေရဲ့ တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**(နိုင်လင်းကြည်)**







# တိုက်စစ်မှူး ဘာလော့တယ်လီအား ဆန်စီရို၌ ဆက်ရှိရန် အေစီမီလန်အသင်း ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် လာမည့်ဘောလုံးရာသီတွင်လည်း တိုက်စစ်မှူး ဘာလော့တယ်လီအား ဆန်စီရို၌ ဆက်ရှိရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းမှ အေစီမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး လက်ရှိကလပ်အေစီမီလန်အသင်းသည်လည်း တိုက်စစ်မှူး ဘာလော့တယ်လီအတွက် အသင်းဟောင်းတစ်သင်းဖြစ်သည်။ အေစီမီလန်အသင်းသည် ၂၀၁၄ ခုနှစ်အတွင်းက တိုက်စစ်မှူးဘာလော့တယ်လီအား ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် လီဗာပူးအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းအနေဖြင့် တိုက်စစ်မှူး ဘာလော့တယ်လီအား အသင်းတွင် ဆက်ရှိရန် ဆန္ဒရှိနေခဲ့သည့်အပြင် တိုက်စစ်မှူး ဘာလော့တယ်လီကလည်း အငှားချထားခြင်းခံရသည့် အေစီမီလန်အသင်း၌သာ ဆက်ကစားရန် ဆန္ဒရှိနေပြီး အင်္ဂလန်မြေသို့ ပြန်လည်သွားရောက်ကစားရန် ငြင်းဆန်ထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာလော့တယ်လီသည် ယခုနှစ်ဘောလုံးရာသီတွင် အေစီမီလန် အသင်းနှင့်အတူ စီးရီးအေသွင်းဂိုးတစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။

**(ငွေကြယ်)**

# ထိပ်ဆုံးလေးသင်းစာရင်းမဝင်မည်ကို ဝင်းဂါး စိုးရိမ်နေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ရာသီကုန်တွင် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ထိပ်ဆုံးလေးသင်းစာရင်းဝင်ကာ ချန်ပီယံလိဂ်ဝင်ခွင့် အမြဲတမ်းလိုလိုရရှိခဲ့သော်လည်း ယခုနှစ်တွင် ထိပ်ဆုံးလေးသင်းစာရင်း မဝင်ဘဲ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ရမည်ကို နည်းပြအာစင်ဝင်းဂါး အနေဖြင့် စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၅)အဖြစ် ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာမှ အဆင့်(၃)နေရာသို့ တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်နှင့် လွဲချော်ခဲ့သည့် အသင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ၁၉၉၅-၁၉၉၆ ဘောလုံးရာသီမှ စတင်ကာ ပရီမီယာလိဂ် အမှတ်ပေးဇယား၌ အဆင့်(၄)စာရင်းဝင်ကာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်မည်ကို နည်းပြအာစင်ဝင်းဂါးက စိုးရိမ်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ပါက ၁၉ နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ပထမဆုံးအကြိမ်လွဲချော်ရတော့မည်လည်းဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည့် လက်စတာစီးတီးအသင်းနှင့် ၁၂ မှတ်အကွာ အဆင့်(၄)နေရာတွင်ရပ်တည်လျက်ရှိပြီး အဆင့်(၅)နေရာမှ မန်ယူအသင်းအား ငါးမှတ်ဖြတ်ထားနိုင်ခဲ့သည်။

ဆန်းဒါးလန်းအသင်းနှင့် ပွဲစဉ်တွင်



လည်း ဂိုးရရှိနိုင်မည့်အခွင့်အရေးများကို ဖန်တီးရာ၌ အခက်အခဲများရှိခဲ့သည်ကို တွေ့ခဲ့ရသည်။ အာဆင်နယ်အသင်း၏ လက်ကျန်ပွဲစဉ်များမှာ ဧပြီ ၃၀ ရက်တွင် နော့ဝှစ်ချ်အသင်းအား အိမ်ကွင်း၌ လည်းကောင်း၊ မေ ၈ ရက်တွင် မန်စီးတီးအသင်းအား အဝေးကွင်း၌ လည်းကောင်း၊ မေ ၁၅ ရက်တွင် အက်စ်တွန်ဗီလာအသင်းအား အိမ်ကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆင်နယ်၏အောက် အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည့် မန်ယူအသင်းမှာ လက်ကျန်ပွဲလေးပွဲကစားရန်ကျန်ရှိနေပြီး မေ ၁ ရက်တွင် လက်စတာစီးတီးအသင်းအား အိမ်ကွင်း၌ လည်းကောင်း၊ မေ ၇ ရက်တွင် နော့ဝှစ်ချ်အသင်းအား အဝေးကွင်း၌ လည်းကောင်း၊ မေ ၁၀ ရက်တွင် ဝက်စ်ဟမ်းအသင်းအား အဝေးကွင်း၌လည်းကောင်း၊ မေ ၁၅ ရက်တွင် ဘုန်းမောက်အသင်းအား အိမ်ကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

# မော်ရင်ဟို မန်ယူအသင်းနည်းပြဖြစ်လာပါက ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၃၀၀ အထိ သုံးစွဲခွင့်ရမည်




မန်ယူအသင်းသည် လာမည့်သတင်းနှစ်ပတ်အတွင်း လက်ရှိနည်းပြ ဗန်ဟားလ်နေရာတွင် အစားထိုးနည်းပြအဖြစ် မော်ရင်ဟိုအား ခန့်အပ်ကြောင်းကြေညာတော့မည်ဟု သိရသည်။

ထိုသို့ မော်ရင်ဟိုအား မန်ယူအသင်းနည်းပြအဖြစ် ခန့်အပ်ပြီးပါက မန်ယူအသင်းအနေဖြင့် ကစားသမားသစ်ခေါ်ယူမှုအတွက် ပေါင်သန်း ၃၀၀ အထိ မော်ရင်ဟိုအား သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မန်ယူအသင်းသို့ လာရောက်ကစားလိုသော်လည်း ဗန်ဟားလ်လက်ထက်တွင် လာရောက်ကစားရန်ဆန္ဒမရှိကြောင်း ပြောကြားထားသည့် ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်အား အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူမည်ဟု ဆိုသည်။

မန်ယူအသင်းသည် ယခုနှစ်တွင် ပရီမီယာလိဂ် အဆင့်(၄)ဝင်ရန် ခက်ခဲနေသည့်အနေအထားတွင် ရှိနေခြင်းကြောင့် မန်ယူအသင်း၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်က ဆုဖလားများရယူဆွတ်ခူးနိုင်ရေးအတွက် နည်းပြမော်ရင်ဟိုကိုခေါ်ယူခန့်အပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟို မန်ယူနည်းပြဖြစ်လာပါက အီဘရာဟီမိုဗစ်၊ နေမာ၊ ကာဗာနီ၊ သောမက်မူလာ၊ ပေါ့ဘာနှင့် ဗာရာနီတို့ကို ခေါ်ယူရန် မန်ယူအသင်းက ပစ်မှတ်ထားလျက်ရှိသည်။ **(ငွေကြယ်)**

❖ **အား/ကာ မှ**
စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ ဖူဆယ်၊ သေနတ်ပစ်၊ ဘော်လီဘောနှင့် ကျွမ်းဘား အားကစားနည်း ၁၆ မျိုး သင်ကြားပေးနေခြင်းဖြစ်ပြီး အခမဲ့ သင်ကြားပေးနေခြင်းဖြစ်သည်။ ယင်းသင်တန်းကို မေ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းစတင်သည့် ဧပြီ ၂၅ ရက်တွင် အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံကြည့်ရှုခဲ့ကြသည်။

ယခုဖွင့်လှစ်နေသည့် နွေရာသီသင်တန်းများတွင် တက်ရောက်နေသူ သင်တန်းသား သင်တန်းသူဦးရေ ၅၁၅ ဦးရှိပြီး ဘောလုံးအားကစားနည်း၌ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၂၀ ဖြင့် အများဆုံးတက်ရောက်လျက်ရှိသည်။ ရေကူးအားကစားနည်း၌ ၈၁ ဦး၊ ကရာတေးဒိုအားကစားနည်း၌ ၅၈ ဦး၊ ဘတ်စကက်ဘော အားကစားနည်း၌ ၄၅ ဦး၊ တိုက်ကွမ်ဒိုအားကစားနည်း၌ ၃၇ ဦး၊ တင်းနစ်အားကစားနည်း၌ ၃၁ဦး၊ ဝူရှူးနှင့် ကြက်တောင်အားကစားနည်း၌ ၂၅ ဦးစီ၊ စားပွဲတင်တင်းနစ်အားကစားနည်း၌ ၁၈ ဦး၊ သေနတ်ပစ်အားကစားနည်း၌ ၁၅ ဦး၊ လက်ဝှေ့နှင့် ဖူဆယ်အားကစားနည်း၌ ၁၄ ဦးစီ၊ ကျွမ်းဘား၊ ဂျူဒိုနှင့် ဘော်လီဘောအားကစားနည်းတို့၌ ရှစ်ဦးစီ၊ ပိုက်ကျော်ခြင်းအားကစားနည်း၌ ငါးဦးတို့ တက်ရောက်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ- ရှိုင်းထက်ဇော်**



# စစ်တောင်းတံတားအနီးတွင် ကုန်စိမ်းတင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တွင် တိမ်းမှောက်မှုဖြစ်

**ကျိုက်ထို ဧပြီ ၂၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတား မုပ္ပလင် အနီးတွင် ဧပြီ ၂၄ ရက်က ကုန်စိမ်းတင်ယာဉ်တစ်စီးအရှိန် မထိန်းနိုင်ဘဲ လမ်းလယ်တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က စစ်တောင်းတံတား မုပ္ပလင်အနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၇/၇)နှင့် (၈/၁)ကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်းသတင်းအရ သိမ်ဇရပ်နယ်မြေရဲစခန်းမှသွားရောက်စစ်ဆေးရာ အောင်ပန်းမြို့မှ မြိတ်မြို့သို့ ပျော်ဘွယ်မြို့နေ ခင်မောင်ထွန်း(ခ)အာဝါး (၂၃)နှစ် မောင်းနှင်လာသော ကုန်စိမ်းများတင်ဆောင်လာသည့် 2H/---- FUSO အမျိုးအစားခြောက်ဘီး ကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲခေါင်ဦး)

# ခိုးမှုမသင်္ကာမှုဖြင့် အရေးယူထားသူများအား စစ်ဆေးရာမှ ငွေကျပ် ၂၁ သိန်းခိုးယူမှုဖော်ထုတ်နိုင်

**နေပြည်တော် ဧပြီ ၂၅**
မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက် ညနေ ၃ နာရီခန့်က မြစ်ငယ်နယ်မြေရဲစခန်း(ပ) ၁၅၅/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ ပြည်ကြီးတံခွန်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ ကျော်စိုးထက် (ခ)မောင်လေး (၁၂)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ ကျော်နိုင်ဦး(၁၃)နှစ်တို့အား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သောနှစ်ရက်ခန့်က ချမ်းမြသာစည်မြို့နယ် (၇၈)ပညာပျိုးခင်းလမ်းကြားရှိ လက်ဖက်ခြောက်ပွဲရုံရှေ့၌ ရပ်ထားသော ဒိုင်နာယာဉ်နောက်ခန်းတွင် အိပ်ပျော်နေသည့် အမျိုးသားတစ်ဦး၏ဘေးရှိ လွယ်အိတ်အတွင်းမှ ငွေကျပ် ၂၁ သိန်းအား ခိုးယူခဲ့ကြောင်း၊ ခိုးယူရရှိသည့်ငွေများထဲမှ ကျော်စိုးထက် (ခ)မောင်လေးက ငွေကျပ်၁၃သိန်းရယူ၍ TOYOMAX TRICK-125 အနက်ရောင်ဆိုင်ကယ်တစ်စီး၊ JJ-XY-125 နီ/နက်ရောင်ဆိုင်ကယ်တစ်စီး၊ စူပါကပ်ဆိုင်ကယ် တစ်စီးနှင့် ပန်ကာတစ်လုံးတို့ဝယ်ယူခဲ့ပြီး TOYO MAX TRICK-125 ဆိုင်ကယ်အား ပြန်လည်ရောင်းချထားကြောင်း၊ ကျော်နိုင်ဦးက ငွေကျပ်ရှစ်သိန်းရယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများနှင့် ငွေများအားသိမ်းဆည်းပြီး ၎င်းတို့နှစ်ဦးအား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

# ဈေးအတွင်း၌ မသင်္ကာဖွယ်တွေ့ရှိသူအမျိုးသမီးတစ်ဦးအား အမှုဖွင့်စစ်ဆေး

**နေပြည်တော် ဧပြီ ၂၅**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပေါက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ပေါက်မြို့စည်ပင်သာယာဈေးအတွင်း၌ လှည့်ကင်းဆောင်ရွက်နေစဉ် အမျိုးသမီးတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပေါက်မြို့နယ် သရဖီကျေးရွာနေ မနုနုအေး(၂၀)နှစ်ဖြစ်ပြီး ၎င်းထံမှ ARROW တံဆိပ်ပါ မိန်းမကိုင်အိတ်တစ်လုံးနှင့် အိတ်အတွင်းမှ ငွေကျပ် ၂၄၇၅၀ ဆင်းကတ်ပါ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ဘရိတ်ခေးတစ်ချောင်း၊ အလေးချိန် ငါးပဲ တစ်ရွေး ရွှေဆွဲကြိုးတစ်ကုံးနှင့် လေးပဲသုံးရွေးရှိ ရွှေလက်ပတ်ကြိုးတစ်ခုတို့တွေ့ရှိရသဖြင့်မေးမြန်းရာ အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် မနုနုအေးအား ပေါက်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

## မူးယစ်ဆိုက ဆန့်ကျင်ကြ

# ဖားကန့်မြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၅**
မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၃ ရက်က ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာ ဥရုချောင်းနံဘေးတွင် မောင်မောင်တိုး မောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၃၉ ဂရမ်နှင့် စိတ်ကြွရူးသွပ် ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး နမ္မဖြစ်ကျေးရွာ ရပ်ကွက် (၃)ရှိ ၎င်း၏နေအိမ်ကိုဆက်လက်ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၁၀၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စုစုပေါင်း ဘိန်းဖြူ ၁၄၇ ဂရမ်နှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၂၆၀၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဧပြီ ၂၁ ရက်က အေးသာယာ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အေးသာယာမြို့ ရပ်ကွက်(၆) နယ်မြေ(၂) ခွာညို လမ်းသွယ်(၁) လမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ ကျော်မျိုးအောင်အားရှာဖွေရာ ငွေစက္ကူဖြင့်ထုပ်လျက် စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀ ပြား သိမ်းဆည်း ရမိပြီးစစ်ဆေးချက်အရ အေးသာယာမြို့ ရပ်ကွက်(၄) နယ်မြေ(၂)နေ ကျော်ဇော၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၆ ပြားကို လည်းကောင်း၊ ဧပြီ ၂၂ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ ရပ်ကွက်(၈)နေ တင်အောင်၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅ ဂရမ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၁၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်(ရွှေဈေး) ၇၇၀၀၀၀ - ၇၇၀၀၀၀၊ မန္တလေး(ရွှေဈေး) ၇၆၉၅၀၀ - ၇၆၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၄၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**၁၈-၄-၂၀၁၆ ရက်နေ့မှ ၂၂-၄-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၇၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၅၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၆၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၁၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၉.၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃.၃၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈.၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၁၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၈.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁.၆၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၉.၆၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၂.၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



မောင်မောင်တိုးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# ပုဗ္ဗသီရိမြို့နယ် A-1 ဆောက်လုပ်ရေးကုမ္ပဏီ ဝန်ထမ်းအိမ်ရာအနီးတွင် မီးလောင်မှုဖြစ်ပွား

**ပုဗ္ဗသီရိ ဧပြီ ၂၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်ရှိ A-1 ဆောက်လုပ်ရေး ကုမ္ပဏီ ဝန်ထမ်းအိမ်ရာအနီး၌ ယနေ့မွန်းတည့် ၁၂ နာရီက မြက်ခြောက်များ မီးလောင်မှုဖြစ်ပွားခဲ့ရာ ပုဗ္ဗသီရိမြို့နယ် မီးသတ် ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်တွင် မီးညွန့်ကျိုး၍ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး အနီးနားရှိ ဌာနဆိုင်ရာ ရုံးများ၊ ဈေးဆိုင်တိုက်ခန်းများ၊ ဝန်ထမ်းအိမ်ရာများနှင့် အလုပ်သမားတန်းလျားများသို့ ကူးဆက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

(ရွှေရဲရင့်)

**ပြည်ထဲရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ ကချင်ပြည်နယ်(မိုးမောက်)၊ ကရင်ပြည်နယ်(ဘားအံ)၊စစ်ကိုင်းတိုင်းဒေသကြီး (ကလေး၊ ကလေးဝ၊ ကသာ၊ မုံရွာ၊ စစ်ကိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး (ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်း)၊ ပဲခူးတိုင်းဒေသကြီး (ပဲခူး၊ ပြည်)၊ မကွေးတိုင်းဒေသကြီး (ငဖဲ၊ မကွေး)၊ မန္တလေးတိုင်းဒေသကြီး (မိတ္ထီလာ၊ ချမ်းအေးသာဇံ၊ ရမည်းသင်း)၊ ရခိုင်ပြည်နယ် (မြောက်ဦး၊ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော)၊ ရန်ကုန်တိုင်းဒေသကြီး (ရန်ကင်း၊ ရွှေပြည်သာ၊ ကျောက်တန်း)၊ ရှမ်းပြည်နယ်၊ (ကျိုင်းတုံ၊ တောင်ကြီး)၊ ဧရာဝတီတိုင်းဒေသကြီး(ဓနုဖြူ၊ ပုသိမ်၊ ကျောင်းကုန်း)၊ နေပြည်တော်(ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ)။
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံ)။
(ဂ) အကျဉ်းဦးစီးဌာန။ နေပြည်တော်(ဇမ္ဗူသီရိ)၊ ကချင်ပြည်နယ်(မိုးညှင်း)၊ မွန်ပြည်နယ်(မော်လမြိုင်)၊ ပဲခူးတိုင်းဒေသကြီး(ဒိုက်ဦး၊ ပြည်)၊ ရှမ်းပြည်နယ်(သီပေါ)။
(ဃ) မီးသတ်ဦးစီးဌာန။ မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်)၊ နေပြည်တော်(ပန်းတင်၊ ဘုရားတောင်၊ ဧလာ၊ သာဝတ္တိ၊ ဥတ္တရသီရိ၊ ပလွေး)။

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာကို ၂၆-၄-၂၀၁၆ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၂၀-၅-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၁၈၁၊ ၀၆၇-၄၁၂၁၇၄ |
| (ဃ) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

## ရေနံချောင်းမြို့ မြို့ရှောင်လမ်းအား နှစ်လမ်းသွားအဆင့်သို့ တိုးချဲ့ပြုပြင်ပေးမှုကြောင့် ခရီးသွားပြည်သူများအတွက် သွားလာရေးအဆင်ပြေလာ

**ရေနံချောင်း မေ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ မြို့ရှောင်လမ်းမှာ အရှည်ပေ (၄)မိုင်ခန့်ရှိပြီး ယခင်က တစ်လမ်းသွားစနစ်ဖြင့် ဖောက်လုပ်ထားသည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မြို့ရှောင်လမ်းမှ ဖြတ်သန်းသွားလာရာ၌ သွားလာရေးအဆင်မပြေမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းကြောင့် နိုင်ငံတော်မှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ မောင်းနှင်သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်စေရန်ရည်ရွယ်၍ ယခုအခါ နှစ်လမ်းသွားအဆင့်သို့ တိုးချဲ့ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရေနံချောင်းမြို့ မြို့ရှောင်လမ်းအရှည်ပေ (၄)မိုင်အား နှစ်လမ်းသွားစနစ်သို့ တိုးချဲ့ပြုပြင်ပေးခဲ့မှုကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မကွေးမြို့သို့သွားပါက ရေနံချောင်းမြို့ မြို့ရှောင်လမ်းမှတစ်ဆင့် စိတ်အေးချမ်းသာစွာမောင်းနှင်သွားလာခွင့်များရရှိနေကြ၍ အဆင်ပြေနေကြကြောင်း ရေနံချောင်းမြို့ပေါ်မှ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

ယခင်က မကွေးမြို့သို့ ခရီးသည်ပို့ဆောင်ပေးနေသည့် မော်တော်ယာဉ်မောင်းနှင်ကြသူများမှာ မကွေးမြို့သို့သွားလာရာတွင် ရေနံချောင်းမြို့တွင်းလမ်းအတိုင်းမောင်းနှင်သွားလာပါက ယာဉ်ကြောရှုပ်ထွေးပြီး ခရီးသည်များအတွက် အချိန်ကြန့်ကြာမှုများဖြစ်နေမည်ကို စိုးရိမ်ရသည့်အတွက် ရေနံချောင်းမြို့ရှောင်လမ်းကိုသာ အသုံးပြုမောင်းနှင်သွားလာနေခြင်းဖြစ်ကြောင်း၊ သို့သော် ရေနံချောင်းမြို့ မြို့ရှောင်လမ်းအရှည်ပေ (၄) မိုင်မှာ တစ်လမ်းသွားဖြစ်သည့်အတွက် ခရီးသည်ပို့ဆောင်ပေးသည့်မော်တော်ယာဉ်မောင်းနှင်ကြသူများ သတိဖြင့် ဆင်ခြင်မောင်းနေရကြောင်း သိရသည်။

ယခုအခါ အဆိုပါ မြို့ရှောင်လမ်း အရှည်ပေ (၄) မိုင်အား နိုင်ငံတော်မှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် နှစ်လမ်းသွားအဆင့်သို့ တိုးမြှင့်ခင်းကျင်း ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီအချိန်တွင် လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယခုခရီးသွားပြည်သူများမှာ လမ်းတိုးချဲ့ပြုပြင်ပေးနေခြင်းများကြောင့် အချိန်တိုအတွင်း ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနေရသည့်အတွက် စိတ်ချမ်းသာနေကြကြောင်း မကွေးမြို့သို့ ခရီးသည်ပို့ဆောင်ပေးနေသည့် မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အမျိုးသမီးများအကြမ်းမဖက်ရေး အသိပညာပေး ဂီတပွဲတော် မန္တလေးတွင် ကျင်းပ

**မန္တလေး မေ ၂၅**

အမျိုးသမီးများကိုအကြမ်းဖက်မှုရပ်တန့်စေခြင်းအားဖြင့် ပိုမိုကောင်းမွန်သောလူ့ဘောင်ကိုတည်ဆောက်စို့ ဦးတည်ချက်ဖြင့် အမျိုးသမီးများအကြမ်းမဖက်ရေး အသိပညာပေး ဂီတပွဲတော်ကို မေ ၂၃ ရက် ညနေ ၅ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၅ လမ်းထောင့်ရှိ YMCA အသင်းခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် United Women အဖွဲ့ဥက္ကဋ္ဌ ဒေါ်မမနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက အမျိုးသမီးများအကြမ်းမဖက်ရေး အသိပညာပေး ဂီတပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လူငယ်များက အမျိုးသမီးအခွင့်အရေးများ သရုပ်ဖော်ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းများပြုလုပ်ခဲ့ပြီး အကများဖြင့် ဧည့်ခံခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျော့ကျရေး၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု လျော့ကျရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအား လုံးဝပပျောက်ရေး၊ သဘောတူစာချုပ်နှင့် အမျိုးသမီးများအား ကာကွယ်ပေးထားသော ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် United Women အဖွဲ့မှ ကြီးမှူး၍ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ သရက်ခြံသမားများ လေဒဏ် မိုးသီးဒဏ်ကြောင့်အရှုံးပေါ် အချဉ်ဖတ်ကို နေ့၊ ည လှီးနေရ

**မန္တလေး မေ ၂၅**

မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် တိုက်ခတ်သွားသော မိုးသက်လေပြင်းကြောင့် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အပျက်အစီးများပြားခဲ့ပြီး မကြုံစဖူးထူးကဲစွာ ကြွေကျသည့် မိုးသီးများကြောင့် သရက်ခြံသမားများလည်း ခြံလုံးကျွတ်ကြွေကျကာ အရှုံးပေါ်ခဲ့ရကြောင်း သိရသည်။

အများစုသော သရက်ခြံများ အပင်ပြိုလဲခြင်းနှင့် ပင်လုံးကျွတ်အသီးကြွေကျခြင်းများနှင့် ကြုံတွေ့နေရကြောင်း၊ ခန့်မှန်းတွက်ချက်မှုအရ သရက်ပင်ပေါ်တွင် သရက်သီးမှာ လေးပုံတစ်ပုံသာ ကျန်တော့ကြောင်း၊ အချို့ခြံများမှာ ခြံလုံးကျွတ်ကြွေကျသွားသည်လည်းရှိကြောင်း၊ လေတိုက်ခတ်သည့်နေရာ လေလာရာလမ်းကြောင်းအလိုက် ကြွေကျမှု အနည်းငယ်ကွာခြားကြောင်း သရက်ခြံပိုင်ရှင်များက ပြောသည်။

လက်ရှိကာလတွင် သရက်ခြံသမားများ မကြုံစဖူး ထက်ဝက်ခန့် အရှုံးပေါ်လျက်ရှိသည်။ အရှုံးထဲမှ အမြတ်အဖြစ် လက်ကျန်သရက်သီးများ ဈေးကောင်းရရေးကိုသာ မျှော်လင့်နေကြသည်။ အသီးနည်းကာ ဈေးကောင်းပါမှ အရှုံးအနည်းငယ် သက်သာမည်ဖြစ်သည်။ လက်ရှိကာလတွင် လူငှားစရိတ်များပါတက်ကာ အရှုံးပေါ်လျက်ရှိနေကြောင်း နယ်ခံသရက်ခြံသမားတစ်ဦးက ရှင်းပြသည်။

ယခုအခါ သရက်သီးကြွေများ ကောက်ကာပုံထားရပြီး သရက်သီးဆားဖတ် အချဉ်ဖတ်သိပ်ရန်အတွက် နေ့၊ ည လူငှားများဖြင့် ဆောင်ရွက်နေရသည်။ လက်ရှိကာလတွင် အချဉ်ဖတ်ကိုသာ အားထားလှီးနေရသည်။ အများစုမှာ အချဉ်ဖတ်လှီးကာမိုးကာများဖြင့် ဆားရည်စိမ်ကြသည်။လေးရက်ခန့်ရသည့်အခါအရောင်ဝါလာပြီး သရက်ချဉ်ဖတ်များကို နေလှန်းပေးရသည်။ သဲပါဝင်ပါက ထပ်မံ ဆားရည်စိမ်ကာ နေပြန်လှန်းပေးရသည်။ သရက်သီးဆားဖတ် အချဉ်ဖတ် ခြောက်သည်အထိ ငါးရက်ခန့်နေလှန်းပြီး လုံခြုံစွာထုပ်ကာ သိမ်းထားရသည်။ သရက်ရာသီကုန်သည့် အခါမှသာ အချဉ်ဖတ်ကို ထုတ်ရောင်းလေ့ရှိသည်။

**တိမ်တမန်**



# ရေလိုအပ်ချက်ရှိသည့် ဒေသများအတွက် ပုဂ္ဂလိကအလှူရှင်များက ဆက်သွယ်လှူဒါန်း



**မကွေး မေ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း အယ်နီညိုရာသီဥတု ကြုံတွေ့နေမှုနှင့်အတူ ပြည်သူများ ရင်ဆိုင်နေရသော သောက်သုံးရေရှားပါးမှု အခက်အခဲများကို ကျေးလက်ဒေသဦးစီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိပြီး အခြားလိုအပ်ချက်ရှိနေသည့် ဒေသများအတွက်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ ပရဟိတအကျိုးဆောင်များထံသို့ ပုဂ္ဂလိကအလှူရှင်များက ဆက်သွယ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

“သောက်သုံးရေပြတ်လပ်မှုအတွက် စက်ရေတွင်းတွေ တူးဖော်ပေးနေသလို အင်ဂျင်စက်နဲ့ သောက်သုံးရေ လိုအပ်တဲ့နေရာတွေကိုလည်း စဉ်ဆက်မပြတ်လှူဒါန်းခဲ့တာ သိန်း ၈၀၀ ကျော်ဖိုးထိ လှူဒါန်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ရေရှားတဲ့ကျေးရွာတွေကို ပြီးပြည့်စုံအောင် မလှူနိုင်သေးပါဘူး။ ဆက်လက်လှူဒါန်းဖို့ ကျေးရွာပေါင်း ၂၀ ကျော်ကို ကွင်းဆင်းကြည့်ပြီးပါပြီ။ စက်ရေတွင်း၊ အုတ်ကန်၊ သောက်သုံးရေတို့အတွက် အလှူရှင်တွေက ဆက်သွယ်လှူဒါန်းမှုတွေလည်း ရှိနေပါတယ်”ဟု ဒေသတွင်းရေအခက်အခဲများအတွက် အလှူရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနေသူ ကိုဇော်မင်းထိုက်က ပြောသည်။

တိုင်းဒေသကြီးအတွင်း မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ပွင့်ဖြူ၊ ဂန့်ဂေါ၊ အထက်မင်းလှ၊ ဆင်ပေါင်ဝဲမြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများတွင် ရေအခက်အခဲများ ကြုံတွေ့နေသူများက ဆက်သွယ်အကူအညီတောင်းခံမှုများရှိနေပြီး လတ်တလောတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံအုပ်စု အောင်စည်သာတဲတိုက်ကဲ့သို့သော စားဝတ်နေရေးလုပ်ငန်းလုပ်ကိုင်ရာနေရာများတွင် အစုအဖွဲ့လေးများသဖွယ် နေထိုင်ကြသည့် တဲတိုက်များမှာ အရေးပေါ်ရေလိုအပ်ချက်များရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေရပ်ဒေသကွဲပြားသော အလှူအသီးသီးမှ စက်ရေတွင်းလှူဒါန်းသူများ၊ အင်ဂျင်စက်နှင့် သောက်သုံးရေလှူဒါန်းသူများ မကွေးဒေသသို့ ဆက်သွယ်လှူဒါန်းမှုများရှိသော်လည်း ရေတွင်းရေကန်များ၊ စမ်းတွင်း၊ လက်ယက်တွင်းများခန်းခြောက်ချိန်ဖြစ်သည်နှင့်အညီ ရေလိုအပ်မှုပမာဏလည်း သိသိသာသာ လျော့ကျနိုင်ခြင်းမရှိသည့်အတွက် ရေကူသိုလ်ရှင်များ လိုအပ်နေဦးမည်ဖြစ်ကြောင်း မကွေးဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဧယျတု(မကွေး)**

## ကသာခရိုင် အင်းတော်မြို့နယ်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် ခိုင်းနွားနှစ်ကောင်သေဆုံး

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် မေ ၂၃ ရက် ည ၉ နာရီခန့်က မိုးသက်လေပြင်းများ ရုတ်တရက်တိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် နွားနှစ်ကောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် တောင်ဖီလာကျေးရွာတွင် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး မိုးကြိုးပစ်မှုကြောင့် ဦးကျော်ဆန်းဦး၏ နေအိမ်အောက်ထပ်တွင်ချည်ထားသော ခိုင်းနွားနှစ်ကောင်သေဆုံးခဲ့ကြောင်း သိရသည်။

မေ ၂၄ ရက် နံနက် ၂ နာရီခန့်တွင်လည်း လေပြင်းများတိုက်ခတ်မှုကြောင့် အင်းတော်မြို့နယ် ဂျုံးဂျုံးကျကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းနှင့် လူနေအိမ် ၁၂ လုံး၊ စပါးကျီနှစ်လုံး ပျက်စီးခဲ့ပြီး ခေါင်မိုးများ လွင့်ထွက်ပျက်စီးခဲ့သည်။

အလားတူ တစ်ပြိုက်နက်တည်း မအူကုန်းကျေးရွာတွင် စာသင်ကျောင်း တစ်ကျောင်း၊ လူနေအိမ် ၁၉ လုံးတို့ အမိုးများလန်ကျပျက်စီးခဲ့ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

ဆောင်းပါး

**à** သီဟသူ



# ကလေးမုန့်ဖိုးအစိုးရပေးနိုင်ပါစေ

'မေမေ မုန့်ဖိုး' 'သေနာလေး. . . ဒီမှာ နှစ်လုံးမပေါက်တဲ့ကြားထဲ ဒင်းကတစ်မှောင့်' ကြားလိုက်ရတဲ့အသံက ကျွန်တော့်ကို တော်တော် ကြက်သီးထသွားစေသည်။ မုန့်စားဆင်းချိန် သူများတွေ မုန့်စားသလို စားချင်၍ မိခင်ထံတွင် မုန့်ဖိုးပြန်လာတောင်းသည့် ကလေးငယ်ကို မိခင်ဖြစ်သူကိုယ်တိုင် တုံ့ပြန်လိုက်သည့်စကားက ထိုကလေးငယ် ဘယ်လိုခံစားလိုက်ရသည်တော့မသိ၊ ဘေးကကြားလိုက်ရသည့် ကျွန်တော့်အတွက်တော့ တော်တော်ကြီးကို ရင်ထဲမချိဖြစ်သွားရသည်။

မြန်မာပြည်ရှိ သားသည်မိခင်တစ်ယောက်အဘယ့်ကြောင့် ထိုကဲ့သို့ မိမိ၏သားငယ်ကို ဆက်ဆံပြုမူရသနည်း။

'ဘာထွက်သွားလဲဆိုတဲ့အသံ' နေ့စဉ်ရပ်ကွက်ထဲမှာ တစ်ရက်ကို နှစ်ကြိမ်ကြားနေရသည်။ ပြည်သူတွေကြားမှာ ဘိန်းစွဲသလို စွဲနေတဲ့ လောင်းကစားတစ်ခုဖြစ်တဲ့ နှစ်လုံးလောင်းကစားဟာ နိုင်ငံရဲ့ မီးဖိုချောင်ကို ကိုင်တွယ်ထိန်းသိမ်းနေရသူ အိမ်ရှင်မတွေကြားမှာ ဗိုင်းရပ်စ်ရောဂါပိုးတစ်ခုလို အမြစ်တွယ်ပြန့်ပွားနေသည်။ ဝင်ငွေကောင်းသည့် အိမ်ထောင်စုရော ဝင်ငွေမကောင်းသည့် တစ်နေ့လုပ်တစ်နေ့စား အိမ်ထောင်စုများ၏ အိမ်ရှင်မများပါ တစ်ရှိုက်မက်မက် စွဲလမ်းနေသည့် ဒီနှစ်လုံးလောင်းကစားကို စပေါ်သည့် အချိန်မှစ၍ ယနေ့အချိန်အထိ အမြစ်ပြတ်အောင် မနှိမ်နင်းနိုင်ခဲ့ခြင်းက မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက ယဉ်ကျေးမှုတွေကို ပျက်သုန်းစေခဲ့သည်။

တကယ်တမ်းကျ ဒီကစားနည်းသည် ထီကစားနည်းမဟုတ်ပေ။ ဒီနှစ်လုံးလောင်းကစားနည်းကို အစဖော်ခဲ့သည့် လူတစ်စုက အစိုးရကလစဉ်ဖွင့်လှစ်ပေးခဲ့သည့် အောင်ဘာလေထီ သိန်း ၅၀ ပေါက်ဂဏန်း၏ နောက်ဆုံးနှစ်လုံးကို ပေါက်ဂဏန်းအဖြစ် သတ်မှတ်ပြီးကစားခဲ့သောကြောင့် နှစ်လုံးထီလို့ အမည်တွင်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် ၁၅ နှစ်ကျော်က အောင်ဘာလေထီပေါက်ဂဏန်းကို အမှီပြု၍ နှစ်လုံးထီလောင်းကစားကို တရားမဝင် တွင်တွင်ကျယ်ကျယ်လုပ်ခဲ့သဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနက ထီဖွင့်ရက်ကို တစ်လကို ခုနှစ်ရက်လုပ်ရာမှ တစ်ရက်တည်းဖြင့် ထီဆုအားလုံးကို ဖွင့်လှစ်ပေးခဲ့ရာ ဘုရားပွဲတော်လို စည်ကားခဲ့သည့် နှစ်လုံးထိုးပွဲတော်ကြီး မြန်မာနိုင်ငံမှာ အချိန်ကာလတစ်ခုအနေဖြင့် ရပ်တန့်သွားခဲ့သည်။

ထိုသို့ရပ်တန့်သွားသည်မှာ အချိန်သိပ်မကြာလိုက်ပါ။ ဒီနှစ်လုံးထီလောင်းကစားကို အစပြိုးခဲ့သူ (ဝါ) ဒီလောင်းကစားနည်းနဲ့ စီးပွားဖြစ်ခဲ့သူပင်မဒိုင်တွေက နှစ်လုံးလောင်းကစားကို ထိုင်းနိုင်ငံက နေ့စဉ်ပြုလုပ်နေသည့် စတော့ခ်ဈေးကွက်က နေ့စဉ်ပြောင်းလဲနေသည့် ကိန်းဂဏန်းများကို အခြေပြု၍ ပြန်လည်အသက်သွင်းခဲ့ကြသည်။ ထိုညဏ်ကြီးရှင်များ၏ ကျားကုတ်ကျားခဲ အားထုတ်မှုကြောင့် ယခင်တစ်လလျှင် ခုနှစ်ရက်သာ အလောင်းအစားပြုလုပ်နိုင်ခဲ့သည့် နှစ်လုံးထီလောင်းကစားမှာ တစ်လလျှင် ရက်ပေါင်း ၂၀ ကျော် ကစားနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထို့အပြင် ယခင် မြန်မာနှစ်လုံးထီဟုခေါ်သည့် အောင်ဘာလေထီကို အမှီပြု၍ ပြုလုပ်ခဲ့ချိန်တွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအခြေအနေအရ တောရွာများသို့ ပျံ့နှံ့မှု အားနည်းခဲ့သော်လည်း ယခု ထိုင်းနိုင်ငံ၏ စတော့ခ်ဈေးကွက်ကို အခြေပြုပြီး အလောင်းအစား ပြုလုပ်သည့်အချိန်တွင်မူ ဂြိုလ်တု စလောင်းတစ်စုံ ရှိသည်ဆိုရုံဖြင့် တောရွာတစ်ရွာတွင် ယင်းနှစ်လုံးလောင်းကစားကို ပြုလုပ်လာနိုင်ခဲ့ကြသည်။

ဒီနေရာမှာ ထိုင်းနှစ်လုံးထီကို ဘယ်လိုကစားကြသည်။ ဒီပေါက်ဂဏန်းအဖြစ်ကစားကြတဲ့ ကိန်းဂဏန်းတွေအကြောင်းကို စိတ်ဝင်စား၍ လေ့လာမိသည်။

ထိုင်းနှစ်လုံးထီပေါက်ဂဏန်းက တစ်ရက်ကို ပျမ်းမျှအားဖြင့် မနက်၊ နေ့လယ်၊ ညနေဆိုပြီး သုံးကြိမ်ထွက်သည်။ တချို့နေရာတွေမှာ နေ့လယ်နဲ့ ညနေ နှစ်ကြိမ်သာ ကစားကြသော်လည်း တချို့နေရာများတွင် မနက်၊ နေ့လယ်၊ ညနေဆိုပြီး သုံးကြိမ်လုံး ကစားကြပါတယ်။ ပေါက်လျှင်လျော်ကြေးကလည်း အဆ ၇၀၊ ၈၀ ဆိုပြီး အမျိုးမျိုးရှိတတ်သည်။

ဒီပေါက်ဂဏန်းတွေကို ထိုင်းနိုင်ငံ စတော့ခ်အိပ်ချိန်းတွင် မှတ်ပုံတင်ရောင်းဝယ်နေသည့် စတော့ရှယ်ယာကုမ္ပဏီ အားလုံး၏ အရေအတွက်နှင့် ယင်းအစုရှယ်ယာတန်ဖိုး စုစုပေါင်း၏ အရေအတွက်ကိန်းဂဏန်းတွေက တစ်ဆင့် ရယူခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်များကို ပြည်တွင်းရှိ နှစ်လုံးလောင်းကစားဒိုင်အချို့ပင် ရေရေလည်လည် သိရှိခြင်းမရှိကြောင်း သိရသည်။

ထိုနှစ်လုံးထီလောင်းကစား၏ ပေါက်ဂဏန်းဖြစ်ပေါ်ပုံနှင့် ပတ်သက်၍လည်း စတော့ခ်အိပ်ချိန်း ကျွမ်းကျင်သူ Thura Swiss သုတေသနနှင့် စီးပွားရေး အကြံပေးကုမ္ပဏီ၏ စီအီးအိုဦးအောင်သူရကို မေးမြန်းကြည့်ရာ ယင်းနှစ်လုံးပေါက်ဂဏန်းကို ထိုင်းစတော့ခ်ဈေးကွက် သဘောအရ ထိပ်စီးဂဏန်းမှာ အစုရှယ်ယာစုစုပေါင်း၏ အရေအတွက်ဖြစ်သဖြင့် ပြင်နိုင်ရန်ခက်ခဲကြောင်းသိရပြီး နောက်ပိတ် ဂဏန်းမှာမူ ထိုင်းနိုင်ငံဖက်မှ အစုရှယ်ယာ လုပ်ငန်းကြီးကြီးမားမား လုပ်ကိုင်နေသူများအနေဖြင့် မြန်မာနိုင်ငံမှ တရားမဝင်နှလုံးထီလုပ်ငန်းတွင် ပါဝင် ပတ်သက်နေပါက ပြင်နိုင်ရန်ဖြစ်နိုင်ခြေရှိကြောင်း သိရသည်။

ကိုယ်တိုင် နှစ်လုံးထိုးသူများ၏ပြောစကားအရလည်း နှစ်လုံး လောင်းကစားမှု ပြုလုပ်ရာတွင် သုညမှ ကိုးအထိ ဂဏန်း ၁၀ လုံးကို ပူး၍ အကွက် ၁၀၀ ကို ထိုးသားမှ ကြိုက်ရာ ထိုးရခြင်းဖြစ်သော်လည်း အချို့ရက်များတွင် ဒိုင်လုပ်သူမှ ဂဏန်းတစ်ခုချင်းစီကို သော်လည်းကောင်း၊ အကွက်တစ်ကွက်ချင်းစီကို သော်လည်းကောင်း ထိုးခွင့်မပေးဘဲ ပိတ်ထားလေ့ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ထိုးသားများကို ထိုးခွင့်ပိတ်ထားသည့် ဂဏန်းများကလည်း အများအားဖြင့် ပေါက်ဂဏန်းများ ဖြစ်နေတတ်ကြောင်း ကိုယ်တိုင် နှစ်လုံးထီလောင်းကစားကို ဒိုင်ကိုင်နေသူတစ်ဦး၏ ပြောပြချက်အရသိရသည်။ ထိုသို့ ပိတ်ဂဏန်းများကိုလည်း ဒိုင်ချုပ်များက သတ်မှတ်ပေးခြင်းဖြစ်သည်ဟုလည်း ၎င်းက ပြောသည်။

ယင်းသို့ဆိုလျှင် ယင်းလောင်းကစားနည်းသည် တရားမဝင်သည့်အပြင် ဒိုင်ဖက်မှ ပေါက်ဂဏန်းများကို ကြိုက်သလို ချယ်လှယ်၍ ရသော မမျှတသည့် လောင်းကစားနည်းတစ်ခုဖြစ်ကြောင်း သိနိုင်ပေသည်။ သို့သော် မြန်မာနိုင်ငံသားများတွင် အရိုးစွဲနေသည့် ရောဂါကြောင့် တရားသည် မတရားသည် မသုံးသပ်နိုင်တော့ဘဲ ဆက်လက်ပြုလုပ်နေခြင်းကြောင့် ယင်းလောင်းကစားမှာ မြန်မာနိုင်ငံတွင် သက်ဆိုးရှည်စွာ ပန်းပန်လျက်ရှိနေမြဲဖြစ်သည်။

ဤနေရာတွင် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူထားသည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်နှင့် အခန်းကဏ္ဍကို မေးခွန်းထုတ်စရာများဖြစ်လာသည်။ နှစ်လုံးထီ ဒိုင်ကပေးသည့် လိုင်းကြေးကို မှီခိုနေရသည့် တရားဥပဒေဘက်တော်သားများကြောင့် ယင်းလောင်းကစားသည် မြို့ရွာအနှံ့တွင် တရားဝင်နီးပါး ဖြစ်လာကြသည်။ ယင်း၏ အကျိုးဆက်က နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အချိန်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ဖျက်စီးခြင်းခံနေရသည်။ လူတစ်ဦးချင်း၊ မိသားတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာ၊ လုပ်အားနှင့် ကြိုးစားအားထုတ်မှုတို့ တဖြည်းဖြည်း မှေးမှိန်လာသည်။

တရားဥပဒေ ဘက်တော်သားများအကျင့်ပျက်ခြစားမှုတို့ ကို ထင်ထင်ပေါ်ပေါ် ပြုကျင့်ရဲလာသည်။ အောက်ခြေမှ မြို့နယ်အဆင့်ရဲစခန်းများတွင် လိုင်းကြေးခွဲရသည့်အလုပ်မှာ အပတ်စဉ် လုပ်ငန်းတာဝန်တွေထဲ ပါဝင်လာသည်။

တကယ်တမ်း နှစ်လုံးဒိုင်တွေကို ဖမ်းဆီးသည်ဟု ကြားတိုင်းလည်း အောက်ခြေ လက်ခွဲဒိုင်များသာ ဖြစ်နေတတ်သည်။ ဒိုင်ချုပ်ဆိုသူများ၊ သိန်းထောင်ချီ လောင်းကစားနေသူများကို ဖမ်းဆီးမိသည်ဆိုသည်ကလည်း မရှိသလောက်ရှားသည်။ နိုင်ငံတစ်ခု၏ တရားဥပဒေစိုးမိုးရေးတွင် ပါဝင်သည့် အင်စတီကျူးရှင်းများအနေဖြင့် အရပ်ထဲလမ်းထဲတွင် တရားဝင် ခုံခင်းကာပြုလုပ်နေသည့် လောင်းကစား တစ်ခုကို အမြစ်ပြတ်အောင်ပြုလုပ်ရန်သည် ခက်ခဲသောလုပ်ငန်းစဉ်တစ်ခုမဖြစ်နိုင်ပေ။ အကျင့်ပျက်လာဘ်စားနေခြင်းကြောင့် ကြုံရာကျပန်း အရေးယူနေမှု (Random Campaing ) ကြောင့် ပြည်သူ့တန်ဖိုး (Civic Value ) များထိခိုက်နေမှုများဖြစ်ပေါ်နေသည်ဆိုသည်ကို အထက်ပိုင်းတာဝန်ရှိသူများ ရေရေရာရာသိရှိရန်သာ လိုအပ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ စနစ်အလွဲများကို ကျင့်သုံးခဲ့မှုကြောင့် လက်ရှိ နိုင်ငံတည်ဆောက်နေချိန်တွင် အခက်အခဲ ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းနေရပါသည်။ ဒီမိုကရေစီ ငါးနှစ်သက်တမ်းကျော်သို့ရောက်ရှိလာသည့် အပြောင်းအလဲ ကာလတွင် ကျွန်တော်တို့ အောင်မြင်သည်များ ရှိခဲ့သလို ရှုံးနိမ့်မှု၊ အားမရမှု၊ စိတ်ပျက်မှုများလည်း ရှိခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲ ရလဒ်ကြောင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ကို နိုင်ငံသားများ ပိုင်ဆိုင်ခွင့်ရလာခဲ့ပြီဖြစ်ပါသည်။ ရွေးကောက်ပွဲများမှသည် ဒီမိုကရက်တစ်ဆန်သည့် အစိုးရများကို ပိုင်ဆိုင်နိုင်သည်ဆိုသော်လည်း အပြည့်အဝယုံကြည်ကိုးစားနိုင်သည့် ပြီးပြည့်စုံသည့် အစိုးရမျိုးတော့ရရှိနိုင်မည်မဟုတ်သည်ကိုလည်း ကျွန်တော်တို့ နှလုံးသွင်းထားနိုင်ရန်လိုပါသည်။

မည်သို့ပင်ဆိုစေကာမူ လူတစ်ဦးတစ်ယောက်ချင်း တိုးတက်မှသာ နိုင်ငံတိုးတက်သည်ဆိုသည့်အဆိုအရ အခြေခံလူတန်းစားများ ဘဝတိုးတက်ရေးအတွက် အဟန့်အတားဖြစ်နေသည့် နှစ်လုံး လောင်းကစားကို အမြစ်ဖြတ်နိုင်ရန်၊ မုန့်ဆာနေသော ကလေးငယ်ကို မိခင်မှ စိတ်လက်ကြည်သာစွာ ဝယ်ကျွေးနိုင်ရန် လက်ရှိအစိုးရ နှင့် နောင်ထပ်ဖြစ်လာမည့် မြန်မာနိုင်ငံ၏အစိုးရ အဆက်ဆက်တွင် တာဝန်ရှိပါကြောင်း။

ပြည်သူတွေကြားမှာ ဘိန်းစွဲသလိုစွဲနေတဲ့ လောင်းကစားတစ်ခုဖြစ်တဲ့ နှစ်လုံးလောင်းကစားဟာ နိုင်ငံရဲ့မီးဖိုချောင်ကို ကိုင်တွယ်ထိန်းသိမ်းနေရသူ အိမ်ရှင်မတွေကြားမှာ ဗိုင်းရပ်စ်ရောဂါပိုးတစ်ခုလို အမြစ်တွယ်ပြန့်ပွားနေသည်။ ဝင်ငွေကောင်းသည့် အိမ်ထောင်စုရော ဝင်ငွေမကောင်းသည့် တစ်နေ့လုပ်တစ်နေ့စား အိမ်ထောင်စုများ၏ အိမ်ရှင်မများပါ တစ်ရှိုက်မက်မက်စွဲလမ်းနေသည့် ဒီနှစ်လုံး လောင်းကစားကို . . .

## ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲတွင် ရေလိုအပ်သည့်ကျေးရွာများသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေး

**ပြည်ကြီးမဏ္ဍိုင် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ရှိ ဒေသခံပြည်သူများသည် အယ်နီညိုရာသီဥတုကြောင့် ကျေးရွာတချို့ရှိ ရေတွင်းများရေထွက်နည်းလာခြင်း၊ ချောင်းမြောင်းများတွင်ရေနည်းပါးလာခြင်းတို့ကြောင့် သောက်သုံးရေ မလုံလောက်ခြင်းများ ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းကြောင့် အဆိုပါနေရာများသို့ ဒေသခံ ပြည်သူများ သောက်သုံးရေလုံလောက်မှုရှိစေရန် ရည်ရွယ်လျက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက မီးသတ်ကားဖြင့် သောက်သုံးရေများအား မြို့မှ ၅ မိုင်ခန့်ဝေးသည့် အိမ်ခြေ ၃၀ ခန့်ရှိ ပျဉ်းမချောင်းကျေးရွာတွင် တစ်အိမ်တက်ဆင်းပြုလုပ်ကာ အိမ်တွင်းရှိသမျှ ရေပုံးများသို့ ထည့်သွင်းဖြည့်ဆည်းပေးခြင်းကို မေ ၁၈ ရက်က ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ရေအခက်အခဲဖြစ်လျက်ရှိသည့် နန်းတောင်ကျေးရွာနှင့် အခြားကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးအပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**

## ပညာရေးစနစ်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး မေ ၂၅**

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်ပညာရေးဆွေးနွေးပွဲ ဖက်ဒရယ်နိုင်ငံတော်နှင့် ဒီမိုကရေစီပညာရေးစနစ် စကားဝိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် မေ ၂၄ ရက် နံနက် ၉ နာရီခွဲက ရှမ်းစာပေယဉ်ကျေးမှုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာ (ဆရာကိုတာ) ဒေါက်တာသန့်လွင်မောင်က အဖွင့်အမှာစကားပြောကြားပြီး စကားဝိုင်း ဆွေးနွေးပွဲကိုစတင်ရာ ဖက်ဒရယ်နိုင်ငံနှင့် ဒီမိုကရေစီပညာရေးစနစ် ခေါင်းစဉ်ဖြင့် ဦးနိုင်ငွေသိမ်း (NNER Elders)၊ ဒေါက်တာမင်းသိမ်း(NNER)၊ ဒေါ်ခင်မမမျိုး (နိုင်ငံရေးသိပ္ပံပညာရှင်) စကားဝိုင်းဆွေးနွေးပွဲ အဖွဲ့(၁)မှ ဆွေးနွေးခဲ့သည်။

ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် ပညာရေးခေါင်းစဉ်ဖြင့် စကားဝိုင်းအဖွဲ့(၂)မှ ဦးစိုင်းဆမ်ခမ်း (မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)၊ ဒေါက်တာဥမ္မာထွေး (Taunggyi Education Network-TEN) တို့ကဆွေးနွေးခဲ့သည်။ ပညာရေး အရည်အသွေးခေါင်းစဉ်ဖြင့် စကားဝိုင်းအဖွဲ့(၃)မှ ဒေါက်တာသန့်လွင်မောင်(စာရေးဆရာကိုတာ)၊ ဒေါ်မေကိုကိုလွယ် (ကျောင်းဆရာမ)၊ ဦးစိုင်းလင်းမြတ် (ကျောင်းသားမိဘ)၊ မမြတ်သွယ်ချိုချို (ကျောင်းသူ)တို့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပညာရေးအခွင့်အလမ်း ခေါင်းစဉ်ဖြင့် စကားဝိုင်းအဖွဲ့(၄)မှ ဒေါက်တာသိန်းလွင် (NNER)၊ ဒေါ်နန်းမွေခေး (Shan National Education)၊ ဦးနိုင်နိုင်ထွန်း(BMTA)တို့က အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ လူမှုရေးအသင်းအဖွဲ့များ၊ CSOအဖွဲ့များ၊ ပညာရေးကွန်ယက်အဖွဲ့များ၊ ကိုယ်ပိုင်ပညာရေးကျောင်းအဖွဲ့များ၊ လူမှုရေးပရဟိတအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




## သဘာဝဘေးအန္တရာယ်ကျရောက်၍ ကျောက်တလုံးကြီးမြို့နယ် အတွင်းရှိ ကျေးရွာများမှ လူနေအိမ်များပြိုကျပျက်စီး



**ကျောက်တလုံးကြီး မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့၌ မေ ၂၂ ရက် ည ၈ နာရီတွင်တစ်ကြိမ်နှင့် ည ၁၀ နာရီတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း၊ အစိုးရအဆောက်အအုံများနှင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည်။

ဆက်လက်၍ ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာတွင် အိမ် ၂၁ အိမ်ပြိုကျခဲ့ပြီး အိမ် ၆၉ လုံး ပျက်စီးခဲ့သည်။ ထီထပ်တောင်ရွာတွင် အိမ်ကိုးလုံးပြိုခဲ့ပြီး အိမ်ရှစ်လုံး ပျက်စီးခဲ့သည်။ ကက္ကူမောက်စံရွာတွင် အိမ် ၂၁ အိမ်ပြိုကျခဲ့ပြီး အိမ် ၃၈ လုံး ပျက်စီးခဲ့သည်။ ကက္ကူအနောက်ရွာတွင် အိမ် ၄၄ လုံး သွပ်မိုးလန်၊ ထရံကွာခဲ့ပြီး ကက္ကူအရှေ့ရွာတွင် အိမ် ၃၆ လုံး သွပ်မိုးလန်၊ ထရံကွာခဲ့ကာ အိမ်ရှစ်လုံးပြိုခဲ့သည်။ ကက္ကူရွာသစ်တွင် အိမ် ၁၇ လုံး သွပ်မိုးလန်ပြီး အိမ်သုံးလုံး ပြိုကျခဲ့သည်။

ပုံးလောင်းတောင်ရွာတွင် အိမ်လေးလုံး သွပ်မိုးလန်ပြီး အိမ်တစ်လုံး ပြိုကျခဲ့သည်။ ပုံးလောင်းမြောက်ရွာတွင် အိမ်ငါးလုံး သွပ်မိုးလန်ပြီး ကက္ကူအနောက်ရွာ ဘုန်းကြီးကျောင်းရှိ ဇရပ်နှင့် အိမ်သုံးလုံး သွပ်မိုးလန် ကာ၊ ကက္ကူ အ-လ-က(ခွဲ) စာသင်ကျောင်းရှိ ဇီဇဝါဆောင်နှင့် သဇင်ဆောင်တို့တွင် ခေါင်မိုးလန်ပြီး ဝန်ထမ်းအိမ်ရာ တစ်လုံးပြို၍ ပေ ၂၀ ရှိ အိမ်တစ်လုံးမှာ ခေါင်မိုးလန်ပြီး ကက္ကူဘုတာရုံနှင့် မဲ့လေစာကြည့်တိုက်တို့တွင် ခေါင်မိုးလန်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နောင်ပစ်ကျေးရွာအုပ်စု နောင်ပစ်ကျေးရွာတွင် လူနေအိမ်လေးလုံး ပျက်စီး၍ အိမ် ၁၇ လုံး ခေါင်မိုးလန်ခဲ့ပြီး ဝင်းယကျေးရွာတွင် လူနေအိမ်တစ်လုံး ပျက်စီးပြီး ဖျူငယ်ကျေးရွာတွင် ဖျူငယ် ဘုန်းကြီးကျောင်း အနောက်ဘက်တန်ဆောင်းနှင့် လူနေအိမ်တစ်လုံး ခေါင်မိုးလန်ခဲ့သည်။

ယင်းနောက် နားဟီးအုပ်စု နားဟီးကျေးရွာနှင့် ထီနို့ကျေးရွာတို့တွင် လူနေအိမ် ၁၀ လုံးစီ ပျက်စီး၍ ဝါးလှကျေးရွာတွင် အိမ် နှစ်လုံး၊ နောင်စင်းရွာတွင် အိမ်လေးလုံးနှင့် ထီရီးရွာ၊ ထီးတန်ရွာနှင့် ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့၏အားဖြင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်များသို့ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုများမှ မွေတော်ကက္ကူဘုရားနှင့် ပတ်ဝန်းကျင်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် အလှူတော်ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

**ခွန်အာကာ(ကျောက်တလုံးကြီး)**

## မန္တလေးပြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျောက်ကပ်ဖောင်ဒေးရှင်းသို့ ငွေလှူဒါန်း

**မန္တလေး မေ ၂၅**

ပြဟ္မစိုရ်လူမှုရေးအသင်းဆေးခန်းတွင် ကျောက်ကပ် ဝေဒနာရှင်များအတွက် ကျောက်ကပ်သွေးသန့်စင်စက်များ တပ်ဆင်ထားပြီး လူနာများအား လက်ခံကုသပေးလျက်ရှိရာ ကျောက်ကပ်ဖောင်ဒေးရှင်းအတွက် မေ ၂၃ ရက် မွန်းတည့် ၁၂ နာရီက အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေရပ်ကွက် ၈၄ လမ်းနှင့် ၂၄ လမ်းထောင့်နေ ဒေါက်တာသော်ဇင်ညီညီ+ဒေါက်တာသိရိရွှေရည်ဝင်း သိရိရွှေရည်(စိန်ရွှေရတနာဆိုင်) မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မန္တလေးပြဟ္မစိုရ်လူမှုကူညီရေးအသင်းကို ၁၉၉၈ ခုနှစ် မေ ၇ ရက်တွင် တောင်စလင်းတိုက်သစ်ပဓာနနာယကဆရာတော်ဘဒ္ဒန္တတိက္ခက စတင်တည်ထောင်ခဲ့ပြီး နာရေးကူညီမှုလုပ်ငန်းများ၊ ကျန်းမာရေးကူညီမှုလုပ်ငန်းများ၊ အသည်း၊ ကျောက်ကပ်၊ သွေးလှူဒါန်းကူညီခြင်းလုပ်ငန်းများ၊ ပညာရေးကူညီမှုလုပ်ငန်းများစသည့် အဓိကလုပ်ငန်းကြီးငါးရပ် ကုသိုလ်ယူဆောင်ရွက်ပေးလျက်ရှိသည်။

အသင်း၏လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် နိုင်ရန် မန္တလေးမြို့သူမြို့သားများကလည်း အလှူငွေများလှူဒါန်းကြပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**

## ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆) စုပေါင်းမနောအကပိတ်ပွဲကျင်းပ

**ပူတာအို မေ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့တွင် ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်၂၀၁၆) စုပေါင်းအဇီးလမ်းအက (မနောအက)ကပြခြင်း၊ ဆိုင်ကယ်စီးပြိုင်ပွဲ၊ ကံစမ်းမဲဖွင့်ပေးခြင်း၊ ဆုပစ္စည်းများပေးအပ်ခြင်းနှင့် ဒဘူအဇီးခေါင် ၂၀၁၆ ပွဲတော်ပိတ်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့်ယဉ်ကျေးမှုခြံဝင်း မနောကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းမနောကပိတ်ပွဲသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များက မနောကွင်းလုံးပြည့်လာရောက်ကာ စုပေါင်းအဇီးလမ်းအက (မနောအက) ဖြင့် ကပြကာ ကပွဲကို ရုပ်သိမ်းခဲ့ကြသည်။

ဆက်လက်၍ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အား/ကာဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ဒဘူအဇီးခေါင်ပွဲတော်-၂၀၁၆ အထိမ်းအမှတ်အနေဖြင့် ဆိုင်ကယ်စီးပြိုင်ပွဲ ကျင်းပပေးခဲ့ပြီး ညနေ ၃ နာရီတွင် ကံစမ်းမဲဖောက်ပေးခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် စင်တင်တေးဂီတဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းအပြင် မွန်းလွဲ ၂ နာရီတွင် မနောအိမ်တော်၌ ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်-၂၀၁၆)ပိတ်ပွဲအခမ်းအနားကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ဒဘူအဇီးခေါင်-၂၀၁၆ ပွဲတော်သို့ပေးပို့သော သဝဏ်လွှာကို ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးချန်းဖေရမ်က ဖတ်ကြားပြီး ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆) ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရယ်ဒမ်းတန်က ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ယင်းနောက် သိက္ခာတော်ရ ဒေါက်တာဒခွမ်ဒေးဗစ်က နောက်ဆုံးကောင်းချီးပေး ဆုတောင်းပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အမှာစကားပြောကြားခဲ့သည်။

**ခရိုင်ပြန်/ဆက်**

# မကွေးမြို့နယ်၏ ကျေးရွာအချို့၌ နွားစာရှားပါးမှုကြုံတွေ့နေရ



**မကွေး မေ ၂၅**
မကွေးမြို့နယ်၏ ကျေးရွာအချို့၌ နွေရာသီအတွက် စုဆောင်းထားသော နွားစာများကုန်သွားသဖြင့် နွားစာရှားပါးမှုကြုံတွေ့နေရသည်ဟု မကွေးမြို့နယ်ရှိ ကျေးရွာအချို့မှ တောင်သူများ၏ပြောပြချက်အရ သိရသည်။

နွားစာရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက် တောင်သူများက မိမိကျေးရွာနှင့်အနီးအနားတွင်ရှိသော တောင်ကုန်း၊ ချောက်၊ တောဖွတ်ချေးမြေများတွင် ပေါက်တတ်သော ပင်ငံပင်မှ ပင်ငံရွက်များကိုသပ်၍ နွားများကိုကျွေးမွေးခြင်း၊ ကုက္ကိုရွက်များကိုသပ်၍ နွားများကိုကျွေးမွေးခြင်းများ ပြုလုပ်ကြရသည်ဟု မကွေးမြို့နယ် မကြီးကန်ကျေးရွာမှ တောင်သူဦးညိုက ပြောသည်။

"တချို့တောင်သူများက နွားစာကိုပိုမိုသိုလှောင်ပြီး အခုလို နွားစားရှားတဲ့အချိန်မှာ ဈေးကောင်းနဲ့ပြန်ရောင်းတဲ့သူတွေဆီက ပြောင်းရိုး၊ မြေပဲရိုးတွေကိုဝယ်ပြီး ပင်ငံရွက်၊ ကုက္ကိုရွက်တွေနဲ့ရောနှော ကျွေးကြတယ်" ဟု နွားကူးကျေးရွာမှ တောင်သူဦးကျောက်က ပြောသည်။

မိုးရာသီနှင့် ဆောင်းရာသီများတွင် ယာခင်းခရိုးဆက်နှင့် သီးနှံများဆွတ်ခူးပြီး၍ ယာခင်းကျွတ်ချိန်များတွင် အလကားရရှိသောနွားစားများမှာ ယခုလို နွားစာရှားပါးချိန်၌ ဈေးကောင်းရရှိကြသည်။ နွားစာအတွက် ပြောင်းရိုးဈေးမှာ (ဒေသအခေါ်) တစ်ထွာဆိုင်ပတ်လယ်တစ်တုံး ၁၃၀ ကျပ်ပေးဝယ်ရပြီး နွားစာအတွက် မြေပဲရိုးဈေးမှာ လှည်းအပြည့်အမောက်အလျှံ သုံးစီးတိုက်တစ်ပုံလျှင် ငွေကျပ် ၈၀၀၀၀ ပေးရကြောင်း သိရသည်။

"နွားစာကတော့ နှစ်တိုင်းလိုလို ဒီလိုနွေရာသီရောက်တိုင်း ရှားနေတာကြုံရတယ်။ နွားစာရှားရတဲ့အကြောင်းကတော့ လုပ်စားစရာမြေတွေ ရှားပါးလာတယ်။ နွားစာကျက်မြေတွေရှားလာတဲ့အတွက် နွားစာအတွက် သက်သက်ယာခင်းတစ်ကွက်အနေနဲ့ ကြဲနိုင်ခြင်းမရှိဘဲ လူစာအတွက် အဓိကထားပြီး ကြဲကြတဲ့အတွက် နှစ်တိုင်းကြုံတွေ့ရတာ။ နွားစာကို ယာခင်းရိုးဆက်၊ အခင်းကျွတ်တွေကနေရိတ်၊ မြေပဲရိုးတွေကို နွေရာသီအတွက် စုဆောင်းရတော့ လုံလောက်မှုမရှိတာပါ" ဟု တောင်သူဦးသောင်းဌေးက ပြောသည်။

နွေရာသီတစ်ရာသီအတွက် နွားတစ်ရှဉ်းစာကို မြေပဲရိုးပုံဆိုလျှင် ၁၀ ပုံခန့်ထားရှိမှသာ နွေရာသီနွားစာအတွက် အဆင်ပြေမှုရှိနိုင်ကြောင်းနှင့် နွားတစ်ရှဉ်းတစ်နေ့စားအားမှာ ချွေချွေတာတာကျွေးတာကို တင်းတောင်းနှင့် ရှစ်တင်းခန့်ကုန်ကြောင်း သိရသည်။

ယခင်နှစ်တွေကလည်း နွားစာရှားပါးမှုကို ကြုံတွေ့ခဲ့ကြရသဖြင့် မကြီးကန်ကျေးရွာက တောင်သူတွေကတော့ မကြီးကန်ကျေးရွာနှင့် ငါးမိုင်ခန့်ဝေးသော မြစ်ကမ်းနံဘေးကျေးရွာများဖြစ်သော ပုထိုးကျေးရွာ၊ မယ်လှတောင်ကျေးရွာများရှိ မြေနုကျွန်းပေါ်တွင်ပေါက်သော ကိုင်းမြက်နှင့် စိုက်ပျိုးထားသော ပဲလွန်းရိုးများကို သွားရိတ်၍ နွားစာမလုံလောက်မှုကို ဖြေရှင်းကြကြောင်း မကြီးကန်ကျေးရွာမှ တောင်သူဦးညိုကပြောသည်။ **မိုး**

# မိုးသီးများကျ၍ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်အမိုးသွပ်များ ပျက်စီး

**ကျွန်းလှ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နှင့် မိုင် ၄၀ ခန့်ဝေးသော ရေရှင်ကျေးရွာအုပ်စုတွင် မေ ၂၃ ရက် ညနေ ၃ နာရီခွဲမှ ၄ နာရီအထိ မိုးရွာသွန်းပြီး ရေခွေးကြမ်းပန်းကန်လုံးခန့်ရှိ မိုးသီးများကျခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဌာနအဆောက်အအုံများနှင့် နေအိမ်အချို့ အမိုးသွပ်များပျက်စီးသွားကြောင်း သိရသည်။

ယင်းသို့ မိုးသီးများကျ၍ပျက်စီးရာတွင် ရေရှင်၊ ကုန်းကြီး၊ ဟဲကင်း၊ မျက်နီကျင်း၊ အောင်းပင်ကျေးရွာများ၌ ဘုန်းတော်ကြီးကျောင်းများတွင် အမိုးသွပ် ၁၁၁၄ ချပ်၊ ပညာရေးအဆောက်အအုံများတွင် သွပ် ၈၇၁ ချပ်နှင့် မှန်တံခါး ၂၄ ချပ်၊ ကျေးလက်ကျန်းမာရေးအဆောက်အအုံများတွင် အမိုးသွပ် ၂၈၆ ချပ်၊ ကျေးရွာစာကြည့်တိုက်တွင် သွပ် ၅၀ ချပ်၊ ဆိုလာပြားငါးပြား၊ လူနေအိမ် ၁၄၇ လုံးတွင် သွပ် ၇၁၈၅ ချပ်ခန့် ပေါက်ပြဲပျက်စီးသွားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာ စာမေးပွဲဖြေဆို

**ကျောက်တံခါး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာဆုပေးပွဲအတွက် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများမှ စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာစာမေးပွဲများကို ဖြေဆိုခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ပဲနွယ်ကုန်းမြို့၊ အောင်မြင်မြို့၊ ဖဒိုမြို့ချောင်းနှင့် ကျောက်တံခါးမြို့မှ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ဒေသလေးခုမှ ကျောင်းသား၊ ကျောင်းသူ ၂၀၅ ဦးမှ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ပထမဆု ရွှေငါးမူးသား၊ ဒုတိယဆု ငွေကျပ်သုံးသိန်းခွဲ၊ တတိယဆု ငွေကျပ်သုံးသိန်းနှင့် အခြားထူးချွန်ဆု ၁၂ ဆုအား ငွေကျပ်သုံးသောင်းစီဖြင့် မေ ၃၀ ရက် ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# မီးဘေးအန္တရာယ်ကာကွယ်ရေး သန့်ရှင်းရေးဆောင်ရွက်

**နတ်မောက် မေ ၂၅**
နတ်မောက်မြို့ (၇)ရပ်ကွက်ရှိ မြို့မရပ်ကွက်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စုပေါင်းသန့်ရှင်းကို မေ ၂၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးအနောက်ဘက်လမ်းကြား၊ အမှတ်(၂)အ.ထ.က မြောက်ဘက်ရှိလမ်းကြားနှင့် ရပ်ကွက်အတွင်းရှိ လမ်းကြိုလမ်းကြားရှိ အမှိုက်များ၊ ပလတ်စတစ်အိတ်များ၊ ချုံနွယ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် အရံမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ခုတ်ထွင်ရှင်းလင်းပြီး မီးရှို့ခြင်းများပြုလုပ်၍ မီးရှို့ပြီးသားမီးကြွင်းမီးကျန်များကိုလည်း လူငယ်များက လိုက်လံငြိမ်းသတ်ခဲ့ကြသည်။

ယင်းကဲ့သို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်းတွင် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အမှိုက်များကိုရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

# ရေပြတ်လပ်သောကျေးရွာသို့ ရေများပို့ဆောင်ပေး

**ပေါ့တော မေ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပေါ့တောမြို့နယ် သောက်သုံးရေဖြန့်ဖြူးရေးကြီးကြပ်မှုကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ရေပြတ်လပ်နေသည့် ကြပ်စင်ချောင်းကျေးရွာအုပ်စု ချောင်းဝကျေးရွာသို့ မေ ၂၃ ရက် မွန်းလွဲပိုင်းက ပေါ့တောမြို့မ ဆိပ်ခံတံတားရှိ ရေသယ်စက်လှေများသို့ ရေများပို့ဆောင်ပေးနေကြောင်း သိရသည်။

ယင်းသို့ပို့ဆောင်ရာတွင် မြို့နယ်သောက်သုံးရေဖြန့်ဖြူးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးမင်းအောင်နှင့် ဝန်ထမ်းများက မီးသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ ကံကွင်းကျေးရွာသို့ ရေဂါလန် ၈၀၀ နှင့် ဒယ်ကုန်းကျေးရွာသို့ ရေဂါလန် ၈၀၀တို့အား ပေးဝေခဲ့သည်။

အဆိုပါရေပေးဝေမှုတွင် ရေသယ်ယာဉ်စက်သုံးဆီကုန်ကျစရိတ်အား ပေါ့တောမြို့ ကောင်းသန့်ရေသန့်အရောင်းဆိုင်မှ လှူဒါန်းပေးကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်ဆက်)**





မွန်ပြည်နယ် ရေးမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်ဦးဆောင်သော ရဲအရာရှိ၊ ရဲတပ်သား တပ်ဖွဲ့ဝင်မိသားစုဝင်များက မေ ၂၄ ရက် နံနက် ၇ နာရီက ရေးမြို့ ရှေးဟောင်းကျုံးတော်ကြီးဘေးတစ်လျှောက်၌ ပြည်သူ့အကျိုးပြု စွန့်ပစ်အမှိုက်များကို အင်အား ၅၀ ခန့်ဖြင့် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ- ထွန်းထွန်း(ရေး)

# ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ နွေရာသီ၌ သင့်လေးသင့်ဖြင့်စီမံထားရှိ

**ရေး မေ ၂၅**
နွေရာသီ၌ ပူပြင်းခြောက်သွေ့ကာ ရေများခန်းခြောက်လာ၍ မီးဘေးအန္တရာယ် အရေးပေါ်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါက ယခုအချိန်တွင် သင့်လေးသင့်အနေအထားဖြင့် စီမံထားရှိကြောင်း ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိုက်က ပြောသည်။

အရေးပေါ်အခြေအနေနဲ့ကြုံလာလျှင် ရေရရှိရန် အခက်အခဲမရှိအောင် မီးသတ်စခန်းမှတစ်နေရာ၊ ကျုံးတော်ကြီးမှနှစ်နေရာ၊ မြသီတာဈေး၊ ရေးမြစ်ချောင်းမှတစ်နေရာ စုစုပေါင်းလေးနေရာအပြင် ပုဂ္ဂလိကရေသယ်ယာဉ်များ၊ သီးခြားရေငုတ်အစီအစဉ်များကိုလည်း ပြင်ဆင်ထားကြောင်း၊ သန္ဓေတပ်ဖွဲ့ဝင်အင်အား ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အားက ၁၁၀၈ ဦးနဲ့ သန္ဓေမီးသတ်ယာဉ်ငါးစီး၊ အရန်မီးသတ်ယာဉ် ၁၅ စီးကို အသင့်အနေအထားမှာ ပြင်ဆင်ထားကြောင်း ဦးစီးအရာရှိ ဦးသန်းထိုက်က ပြောသည်။

၂၀၁၆ ခုနှစ်အတွင်း ရေးမြို့နယ်မှ မီးလောင်ဖြစ်ပွားမှုမှာ ပေါ့ဆမီးကနေတစ်ဆင့် မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်သုံးလုံး မီးလောင်ကျွမ်းခံရပြီး ကျပ်ငွေ ၁၄၇၀၀၀ခန့် ဆုံးရှုံးခဲ့ကာ မီးဘေးသတိမူရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း လူထုတွေအကြား အသိပညာပေးလုပ်ငန်းများဖြစ်သော ရပ်ကွက်များအလိုက် လူနေအိမ်များ၊ လူစည်းကားရာဈေး၊ အစိုးရ အထက်အတန်းကျောင်း၊ ပုဂ္ဂလိကလုပ်ငန်းခွင်နေရာများနှင့် မီးသတ်စခန်းတွင်လည်း ဆော်သြ၍ နှိုးဆော်သတိပေးခြင်း၊ စစ်ဆေးတားမြစ်အကြံပြုခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနဲ့ပူးပေါင်းကာ အလေ့အကျင့်ဖြစ်အောင် (လူ၊ စက်၊ ဆီ၊ ရေ) သင့်လေးသင့်အနေအထားဖြင့် အရှိန်မြှင့် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

## သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်

**ပုလဲ ဧပြီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက ကြက်ရင်းကျေးရွာအုပ်စု အောင်ငြိမ်းချမ်းကျေးရွာ မိုင်တိုင် ၅၉ နေ အိမ်ထောင်စုများအတွက် သောက်သုံးရေဂါလန် ၂၄၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဖြိုးဖြိုးကျော် (အကြီးတန်းစာရေး) က "အောင်ငြိမ်းချမ်းကျေးရွာ မိုင်တိုင် ၅၉ မှာ သောက်သုံးရေပြတ်လပ်နေကြောင်း သိရတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်တို့နှင့်အတူ သွားရောက်ခဲ့ပြီး အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၂၀၀ ကျော်အတွက် မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၂၄၀၀ ကို ဖြန့်ဝေပေးခဲ့ပါတယ်။ မိုင်တိုင် ၅၉ နေ အိမ်ထောင်စုများအတွက် ဧပြီ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူပေါင်းပြီး ရေဂါလန် ၂၀၀၀ နဲ့ ဧပြီ ၁၃ ရက်က ဆားလင်းကြီးမြို့နယ် ရွာသမင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးကုဝေရနှင့်အတူ ရေဂါလန် ၂၀၀၀ တို့ကို သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ဖြန့်ဝေပေးခဲ့ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များနှင့်ပူးပေါင်း၍ နွေရာသီတွင် အယ်နီညို ရာသီဥတုကြောင့် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ သယ်ယူဖြန့်ဝေနိုင်ရေးကို စီစဉ်ထားရှိပြီး ကျေးရွာနေပြည်သူများအနေဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း၀၇၁-၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ထိုင်းနိုင်ငံ စည်ပင်သာယာရေးနေ့ အထိမ်းအမှတ် မြန်မာ-ထိုင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကျင်းပ

**မြဝတီ ဧပြီ ၂၅**
မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့ အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်တွင် ဧပြီ ၂၄ ရက် နံနက် ၇ နာရီခွဲက ထိုင်းနိုင်ငံ စည်ပင်သာယာရေးနေ့ အထိမ်းအမှတ် မြန်မာ-ထိုင်းချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျရိန်လစ်စင်ွမ်ဆတ်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစည်သူရှိန်း၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး နိုင်ကျရိန်လစ်စင်ွမ်ဆတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှစ်နိုင်ငံ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများက စက်ဘီးစီးပွဲတော်ကို ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးချစ်ကြည်မှုနှင့် ကုန်သွယ်မှုများ ဖွံ့ဖြိုးကာ ကျောင်းသားလူငယ်များနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ခိုင်မြဲလာမည် ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ရာသီမရွေးသွားလာနိုင်ရန်ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်

**တပ်ကုန်း ဧပြီ ၂၅**
နေပြည်တော် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ပုဏ္ဏမာ၊ ရွာတော်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဈေးနှင့်အစရှိသည့် လုပ်ငန်းကိစ္စရပ်များကို ရာသီမရွေး သွားလာအသုံးပြုနိုင်စေရန် ပုဏ္ဏမာ၊ ရွာတော်ကုန်းကျေးရွာမှ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ဆက်သွယ်ထားသည့် မြေသားလမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဧပြီ ၂၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်မတို့ကျေးရွာများမှ ဒေသခံပြည်သူတွေ နေ့စားလုပ်အားခများ ရရှိစေရေးအတွက် ယင်းကျောက်ချောလမ်းကို ကန်ထရိုက်နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ ကျေးရွာတစ်ရွာဖွံ့ဖြိုးဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုက အဓိကဖြစ်နေပါတယ်။ ဒီကျောက်ချောလမ်း ပြီးစီးပြီဆိုတာနဲ့ မြို့တက်၍ ဈေးဝယ်၊ ဈေးပြန်များနဲ့ ကျောင်းသား၊ ကျောင်းသူများ အချိန်ကုန်သက်သာမည် ဖြစ်သလို တောင်သူထွက်သီးနှံများ အချိန်နှင့်တစ်ပြေးညီ ရောင်းဝယ်နိုင်ပြီဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများက အရင်ကထက် သွားလာမှုအဆင်ပြေမှာဖြစ်လို့ ဝမ်းသာပျော်ရွှင်နေပါတယ်" ဟု ပုဏ္ဏမာကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်ချောလမ်း ကုန်ကျငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် ထောက်ပံ့ငွေနှင့် ဆောင်ရွက်၍ အရှည် ၇၁၈၀ပေ၊ အကျယ် ၁၂ပေ ဖြစ်ပြီး ယင်းကျောက်ချောလမ်းပြီးစီးပါက ဒေသခံများ ရာသီမရွေး သွားလာရေး အသုံးပြုနိုင်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် လုပ်ငန်းကိစ္စရပ်များကို ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

**တင်စိုးလွင်**



## မိုးသက်လေပြင်းတိုက်ပြီး မိုးသီးများကြွေကျမှုကြောင့် သစ်ကိုင်းကျိုးကျ၍ လူတစ်ဦးသေဆုံး

**မန္တလေး ဧပြီ ၂၅**
မန္တလေးမြို့ မန္တလေးခရိုင်အတွင်း၌ ဧပြီ ၂၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသီးများကြွေကျမှုကြောင့် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် အကွက်အမှတ် (၂၆၂) ၉၀×၉၁ လမ်းကြား၊ ၃၀×၃၁ လမ်းကြားရှိ အိမ်ပိုင်ရှင် ဦးသိန်းထွန်း ၁၆×၁၆ ပေ အကျယ်အဝန်းပတ်လည်ရှိနေအိမ်တွင် အဖီချနေထိုင်သော ၈×၈ပေ ပတ်လည် သွပ်မိုးထရံကာ အဖီတန်းတွင် အိမ်ငှားဖြင့် နေထိုင်သူ အိမ်ငှားဦးအေးဆောင် အသက် (၈၈) နှစ်သည် ကုက္ကိုပင်ကိုင်းကျိုးကျပြီး ရိုက်ခတ်မှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုအား ဆေးရုံကြီးသို့ ပို့ဆောင်ကာ အမှတ်(၆) ရဲစခန်းမှ စခန်းမှူးရဲအုပ်စိုးလွင်နှင့်အဖွဲ့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့၊ ရပ်ကွက်မီးသတ်အဖွဲ့များ သွားရောက်စစ်ဆေးခဲ့ကြပြီး ဧပြီ ၂၄ ရက် နံနက်ပိုင်းက သက်ဆိုင်ရာ တာဝန်ရှိသူများက သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုနှင့် မိုးသီးများကြွေကျမှုကြောင့် မန္တလေးခရိုင်အတွင်းရှိ နေအိမ်အချို့ အမိုးလန်ခြင်း၊ သစ်ကိုင်းများပြတ်ကျခြင်း၊ လျှပ်စစ်မီးတိုင်အချို့လဲကျခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဟိုင်းကြီးကျွန်း ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဟိုင်းကြီးကျွန်း ဧပြီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ ဦးဆောင်သော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့သည် ဟိုင်းကြီးကျွန်းဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၂၃ ရက် မွန်းလွဲ ၃ နာရီ ၃၅ မိနစ်က ရောက်ရှိခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧပြီ ၂၄ ရက်၊ နံနက် ၆ နာရီ ၁၅ မိနစ်က Hotel Maw Tin ဖွင့်ပွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဇီးချိုင်ကျေးရွာအဝင် တံတားကျိုးကျပျက်စီးနေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ကံချိုင်ကျေးရွာ အ-ထ-က(ခွဲ)ကျောင်းတွင် ဟိုင်းကြီးကျွန်းဒေသခံ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့်အတူလိုက်ပါလာသော လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများနှင့် တွေ့ဆုံမိတ်ဆက်စကားပြောကြားခဲ့ကြသည်။ ယင်းနောက် ဒေသခံများက ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **ကျော်သူဟိန်း(ပြန်/ဆက်)**

## ရေဦးမြို့နယ် လေဘေးသင့်ပြည်သူများအတွက် ငွေ ၁၄ သိန်းကျော် ထပ်မံထောက်ပံ့

**ရေဦး ဧပြီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးများ လိုက်ပါလာပြီး ဧပြီ ၂၃ ရက် ညနေပိုင်းက ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်အိမ်ထောင်စုများ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ၁၄ သိန်းခြောက်သောင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်းထံ ထပ်မံပေးအပ်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို အညီအမျှခွဲဝေပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီတို့မှ ဆွေးနွေးညှိနှိုင်းပြီး အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

ဆောင်းပါး

# အစိုးရသစ်နှင့် ပုဂ္ဂလိက ဆက်ဆံရေးသစ်

ခင်မောင်ညို(ဘောဂဗေဒ)

အရပ်သားအစိုးရသစ်တက်လာပြီးတဲ့နောက် တာဝန်ရှိသူတစ်ဦးနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ တွေ့ကြမယ် ပြောကြမယ်ဆိုတော့ စိတ်ဝင်စားတာနဲ့ တစ်နေကုန်မယ့်ဆွေးနွေးပွဲကို လေ့လာသူအနေနဲ့ တက်ရောက်ခွင့်တောင်းပြီး သွားနားထောင်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲမှာ အကြားရဆုံးစကားကတော့ မသမာလုပ်ကြ၊ မမှန်မကန်လုပ်ကြတဲ့လုပ်ငန်းတွေကို ထိထိရောက်ရောက် အရေးယူပေးပါလို့ လုပ်ငန်းရှင်တွေက ပြောကြားကြတာပါ။

တကယ်တော့ အဲဒီနေ့ဆွေးနွေးပွဲမှာ တင်ပြချက်တွေဟာ ယခင်ကလည်း ကြိမ်ဖန်များစွာတင်ပြခဲ့ကြပြီး ကနေ့ထိ မပြုပြင်နိုင်သေးတဲ့ကိစ္စတွေပါ။ တာဝန်ရှိသူကတော့ အရင်ကဆွေးနွေးခဲ့တာတွေ သူတွေ့ရှိရကြောင်း၊ ယခုဆွေးနွေးချက်များကို သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောပြပါတယ်။

ဘေးလူတစ်ယောက်ရဲ့အမြင်နဲ့ပြောရရင် ဆွေးနွေးချက်တွေအားလုံးကို လုပ်ပေးနိုင်ပါတယ်ဆိုရင်တောင်မှ လုပ်ပေးလို့မရပါဘူး ။ ဥပမာ တချို့လုပ်ငန်းရှင်တွေက တင်သွင်းခွင့်ပြုစေချင်တာကို တခြားလုပ်ငန်းရှင်တွေက မပြုစေချင်ပါဘူး။ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် အကျိုးစီးပွားချင်းဆန့်ကျင်တဲ့ သဘာဝကရှိနေတာကိုး။ ဒေါ်လာဈေးကျတာကို ကြိုက်တဲ့သူရှိတယ်။ မကြိုက်တဲ့သူရှိတယ်။ ဒီနေရာမှာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ရဲ့ အကျိုးစီးပွားထက် အများပြည်သူရဲ့ ကျယ်ပြန့်တဲ့ အကျိုးစီးပွားဆိုတဲ့ ရှုဒေါင့်ကကြည့်ဖို့ လိုပါတယ်။ လူတိုင်းကျေနပ်အောင် ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ အချိန်ကာလတစ်ခုအတွင်းမှာ အားလုံးလုပ်နိုင်မှာလည်း မဟုတ်ပါဘူး။ ဒီအခါ ဘယ်လုပ်ငန်းတွေကို ဦးစားပေးလုပ်မလဲဆိုတာ စဉ်းစားရွေးချယ် ဆုံးဖြတ်ရပါမယ်။

လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေမှာ ပြည်သူ့ဝန်ထမ်းတွေကို အားမလိုအားမရဖြစ်တာတွေ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အချိန်ကုန်သက်သာ စရိတ်နည်းစေရအောင် ဆောလျင်စွာဆောင်ရွက်ပေးဖို့ ဌာနချင်းပူးပေါင်းညှိနှိုင်းမှုမြင့်မားစေဖို့ အချို့အချို့သော အစိုးရဌာနတွေ ၂၄ နာရီလည်ပတ်စေဖို့ အကြံပြုကြတာ ကြားသိရပါတယ်။

သင်္ကြန်နဲ့ နှစ်ကူးမှာ ရုံးပိတ်ရက်တွေများနေလို့ လုပ်ငန်းတွေနှောင့်နှေးပြီး စရိတ်တွေကြီးကုန်တာကို ထောက်ပြကြတယ်။ ပို့ကုန်ကိစ္စတချို့မှာ ပို့ကုန်ကို ဦးစားပေးမှာလား ပြည်တွင်းလုပ်ငန်းတွေကို ဦးစားပေးမှာလား ရွေးချယ်စရာရှိပါတယ်။

သွင်းကုန်သွင်းပြန်ရင် စားသုံးသူတွေ အကျိုးရှိမယ်။ ဒါပေမယ့် ပြည်တွင်းလုပ်ငန်းတွေ ထိခိုက်လေမလားစဉ်းစားရပြန်တယ်။ စားသုံးသူတွေ စရိတ်သက်သာစေဖို့ ဦးစားပေးတဲ့အခါ ပြည်တွင်းလုပ်ငန်းတွေက သဘောကျမယ်မဟုတ်ဘူး။

လုပ်ထုံးလုပ်နည်းတွေ စံချိန်စံညွှန်းတွေနဲ့ ပတ်သက်လာရင် ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ဆိုတဲ့ ပြည်တွင်းစံချိန်စံညွှန်းတွေကိုပဲ ဆက်လက်ကျင့်သုံးနေမှာလား။ နိုင်ငံတကာဈေးကွက်ကသတ်မှတ်တဲ့ စံချိန်စံညွှန်းတွေကို လိုက်နာမှာလား ရွေးချယ်စဉ်းစားဖို့ လိုပြန်ပါတယ်။

တချို့တင်ပြချက်တွေဟာ လက်တွေ့မဆန် ခေတ်ပြောင်းတာကို သတိမပြုမိဖြစ်နေသလားလို့ စဉ်းစားမိပါတယ်။ တချို့လုပ်ငန်းများဟာ ခေတ်ကာလအလျောက် တည်ထောင်ခဲ့ကြလေတော့ ခေတ်သစ် စနစ်သစ်နဲ့ အံမဝင်တော့ပါဘူး။

အသင်းအဖွဲ့တွေကို အသုံးချဖို့အတွက် ဖွဲ့စည်းခဲ့ကြပြီး အဲဒီအသင်းအဖွဲ့တွေက အချို့ပုဂ္ဂိုလ်တွေကလည်း မိမိအကျိုးစီးပွားအတွက် အသုံးချမှုတွေရှိခဲ့တာကိုလည်း ဝေဖန်ထောက်ပြကြပါတယ်။ အချို့အသင်းအဖွဲ့များဟာ လုပ်ငန်းလည်ပတ်ရေးကို အထောက်အကူမပြု အဟန့်အတားဖြစ်နေတယ်လို့လည်း သိရပါတယ်။

ဘေးကလေ့လာသူတစ်ယောက်အနေနဲ့ပြောရရင် စီးပွားရေးလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့အခက်အခဲတွေကို ဒီလောက်စုံစုံလင်လင် မကြားဘူးပါဘူး။ အသင်းအဖွဲ့ပေါင်းစုံက တင်ပြချင်တာတွေကများပြီး အချိန်အကန့်အသတ်ကလည်း ရှိနေလေတော့ ဒီလိုပွဲတွေထပ်လုပ်ဖို့ နယ်တွေကိုလာရောက်ကြဖို့ ဖိတ်ခေါ်တာကို တွေ့ရပါတယ်။

အချို့လုပ်ငန်းရှင်တွေအနေနဲ့ ထိထိမိမိတင်ပြနိုင်ဖို့ လိုအပ်နေပါသေးတယ်။ အစိုးရကိုတင်ပြတောင်းဆိုကြတာတွေရှိရာမှာ ပေးနိုင်စွမ်းရှိ-မရှိ စွမ်းရည်တောင့်တင်းမှုရှိ-မရှိ စဉ်းစားစရာဖြစ်ပါတယ်။ ဌာနတွေရဲ့ တာဝန်တွေ လုပ်ပိုင်ခွင့်တွေကိုလည်း ပြန်လည်သတ်မှတ်ဖို့လိုပါတယ်။ အစိုးရကလုပ်ပေးရမယ့်ကိစ္စတွေရှိသလို ကိုယ်တိုင်တာဝန်ယူဆောင်ရွက်နိုင်တာတွေ ဆောင်ရွက်စရာတွေ အများကြီးရှိပါသေးတယ်။

ဥပမာ နည်းပညာနဲ့ပတ်သက်ရင် ပုဂ္ဂလိကနယ်ပယ်က ရှေ့တန်းရောက်နေတာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဘယ်အပိုင်းကအစိုးရ ဘယ်အပိုင်းကအသင်းအဖွဲ့ ဘယ်အပိုင်းကိုတော့ ပုဂ္ဂလိကတာဝန်ယူကြမယ် ဘယ်လိုပေါင်းစည်းကြမယ်ဆိုတာတွေ မူဝါဒရှင်းရှင်းလင်းလင်းချမှတ်ဖို့ လိုအပ်ပါတယ်။

## နဘားရွာနှင့် သပြေလွင် ကျေးရွာချင်းဆက်ချောင်းကူးတံတား ပျက်စီးနေ၍ အချိန်မီပြုပြင်ရန် လိုအပ်နေ

**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ နဘားရွာနှင့် သပြေလွင်ရွာကို ဆက်သွယ်သည့် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတား၏ အလယ်ခံအုတ်တိုင်သည် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက်က ရွာသောမိုးကြောင့် ရေစီးအားပြင်းထန်သဖြင့် ရေတွင်မျောပါကာ ပျက်စီးသွားခဲ့ရာ မိုးမကျမီ ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားကိုပြင်ဆင်ဖို့ အကူအညီရမယ်ဆိုရင် တံတားကို အကျယ်ထပ်ချဲ့ချင်ပါတယ်။ ဒါမှလည်း အရေးပေါ်တစ်ခုခုကြုံလာရင် ကားအဝင်အထွက်ကောင်းအောင်လို့ပါ။ ရွာမှာရှိတဲ့ အိမ်ခြေ ၂၅ အိမ်ကိုငွေကြေးခွဲမယ်ဆိုလည်း အားလုံးက လက်လုပ်လက်စားတွေဆိုတော့ ရွာသားတွေရဲ့အားနဲ့ မတတ်နိုင်လို့ပါ။ ဒီတံတားလေးဖြစ်အောင်တောင်မှ ရွာသားတွေရဲ့ တက်ညီလက်ညီကြိုးပမ်းခဲ့ကြတာရယ်၊ အများက ဝိုင်းကူကြ၊ လှူကြလို့ သွားလာနေကြရတာပါ။

"ကျေးရွာဥက္ကဋ္ဌကတော့ တံတားပြန်လည်ပြုပြင်ပေးရန် ကျေးလက်စည်ပင်နဲ့ သက်ဆိုင်ရာကို တင်ပြထားတယ်လို့ပြောပါတယ်။ အချိန်မီမပြင်နိုင်ရင်တော့ဒီနှစ်မိုးကြီးလို့ ရေစီးအားပြင်းထန်ရင်တံတားတစ်စင်းလုံး ရေထဲပါပြီး ပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် မိုးမကျမီပြင်နိုင်ရင် ကောင်းမယ်လို့ မျှော်လင့်နေရပါတယ်" ဟု ရွာခံတစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**

## ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်တွင် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ



**ရွှေသောင်ယံ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်တွင် မေ ၂၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်အလုံး ၅၅၀ ကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေပေးရေး တာဝန်ကျ သားဖွားဆရာမ ဒေါ်မေမျိုးသူက ဆေးစိမ်ခြင်ထောင်များကို အသုံးမပြုမီ ၂၄ နာရီထောင်ထားပြီးမှ အသုံးပြုကြရန်စသည့် အသုံးပြုပုံအသုံးပြုနည်းနှင့် ဆေးစိမ်ခြင်ထောင် အသုံးပြုခြင်းဖြင့် ကာကွယ်နိုင်သည့် ရောဂါများအကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

အိမ်ထောင်တစ်စုလျှင် မိသားစုသုံးယောက်ကို ခြင်ထောင်တစ်လုံးစီနှင့် မိသားစုငါးယောက်အထက်ကို ခြင်ထောင်နှစ်လုံးစီ ထုတ်ပေးခဲ့ပြီး ပိုလျှံခြင်ထောင်များကို မိသားစု အနည်းအများပေါ် မူတည်ပြီး ထပ်မံ ဝေမျှပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် ညနေ ၅ နာရီ ၄၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ရာ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းသားကျေးရွာအတွင်းရှိ ရိုးရာအိမ်များနှင့် အများပြည်သူအပန်းဖြေအနားယူသည့် နေရာများကို ကြည့်ရှုခဲ့သည်။ **သူရအောင်**



## မီးရထားဘူတာမှ သော့ခတ်ထားသောအများသုံးအိမ်သာ ဖွင့်ပေးရန် ခရီးသွားများလိုလား

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ မီးရထားဘူတာတွင် ခရီးသွားပြည်သူများအတွက် အများသုံးအိမ်သာရှိသော်လည်း အမြဲသော့ခတ်ထားသဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း မီးရထားစီးခရီးသွားပြည်သူများက ပြောသည်။

"အိမ်သာဆောက်ထားတာကြာပြီ။ အခုထိသော့ခတ်ထားတယ်။ မီးရထားအားကိုးပြီး ခရီးသွားနေရတဲ့သူအတွက် အဆင်မပြေဖြစ်ရတယ်။ အခကြေးငွေယူလည်း ပေးပါ့မယ်။ အခုလို ဘယ်သူမှအသုံးပြုလို့မရအောင် သော့ခတ်ထားတာ မကောင်းပါဘူး"ဟု မီးရထားစီးခရီးသည်တစ်ဦးက ပြောပြသည်။

ကျောက်တံခါးမြို့သည် ရန်ကုန်-မန္တလေးကားလမ်းမနှင့် ရထားလမ်းဘေးမှ မြို့ဖြစ်သည်နှင့်အညီ ခရီးသွားများမှ ကားရောရထားပါ အသုံးပြုသွားလာနေကြသည်။ မီးရထားပေါ်တွင် အိမ်သာပါရှိသဖြင့် ခရီးသွားများ သက်သောင့်သက်သာရှိသည်ဖြစ်ရာ ခရီးဝေးသွားမည့်သူများ ကားထက် မီးရထားကို ပိုမိုအားကိုးကြသည်။

"ယောကျ်ားလေးတွေ အပေါ့အပါးသွားတာက ရထားလမ်းဘေး အဆင်ပြေသလိုသွားလို့ရပေမယ့် အမျိုးသမီးတွေအတွက်က အခက်အခဲရှိပါတယ်။ ကျန်းမာရေး၊ လူမှုရေး ရှုထောင့်ကကြည့်ပြီး အိမ်သာသော့ဖွင့်ပေးစေချင်တယ်" ဟု ခရီးသည်အမျိုးသမီးက ပြောသည်။

မြန်မာ့မီးရထားရုံပိုင်သို့ မေးမြန်းကြည့်ရာ ဘတ်ဂျက်မကျသဖြင့် အိမ်သာသော့မဖွင့်ပေးခြင်းဖြစ်ကြောင်းသာ ပြောကြားခဲ့သည်။

ကျောက်တံခါးဘူတာရုံသည် နေ့စဉ် ရထားဆယ်စီး အသွားအပြန် ရပ်တန့်ပြီး ခရီးသည်များ သယ်ယူပို့ဆောင်ပေးနေသော ဘူတာဖြစ်သည်။

**မိုးသက်ဝင်း**

# မြဝတီမြို့ရှိ မြဝတ်ရည်ရုပ်ရှင်ရုံအား နှစ်ပေါင်း ၁၀ နှစ်ခန့်အတွင်း ပထမဆုံးအဖြစ် သွန်းရွှေစင်အဆင့်မြင့်ရုပ်ရှင်ရုံအမည်ဖြင့် ပြန်လည်ပြသ




**မြဝတီ မေ ၂၅**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် နှစ်ပေါင်း ၁၀ နှစ်နီးပါးခန့်ကြာ ပြသနိုင်ခြင်းမရှိသည့် မြဝတ်ရည်ရုပ်ရှင်ရုံအား သွန်းရွှေစင်အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ပြီး ပြန်လည်ပြသနိုင်ပြီဖြစ်ကြောင်း သိရသည်။

သွန်းရွှေစင် အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲအား မေ ၂၄ ရက် နံနက် ၁၀ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အဆိုပါ ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဖေဦးတို့က ရုပ်ရှင်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ဖေဦးက မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ဗီဒီယိုအခြေခံအဖွဲ့၏ လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးထောက်ရှူ (ရုပ်ရှင်ရုံပိုင်ရှင်) က အများပြည်သူ အပန်းဖြေအနားယူနိုင်ရေးအတွက် ရုပ်ရှင်ရုံဖွင့်လှစ်ရသည့်ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရုပ်ရှင်ရုံတွင် လူဦးရေ ၃၀၀ ခန့် ကြည့်ရှုနိုင်ပြီး အအေးခန်း အဆင့်မြင့် ဒီဂျစ်တယ်စနစ်ဖြစ်ကာ နေ့စဉ် မွန်းလွဲ ၁ နာရီနှင့် ည ၇ နာရီ နှစ်ကြိမ် ပြသပေးသွားမည်ဖြစ်သည်။ ရုံင်ခအနေဖြင့်ကျပ် ၁၅၀၀၊ ၂၀၀၀ နှင့် ကျပ် ၂၅၀၀ တို့ဖြင့် မေ ၂၄ ရက်မှ စတင်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယခင်က မြဝတ်ရည်ရုပ်ရှင်ရုံကို ၁၉၇၆ ခုနှစ်ခန့်က စတင်ကာ နှစ်ပေါင်း ၃၀ နီးပါးခန့် ပြသနိုင်ခဲ့ပြီး နှစ်ပေါင်း ၁၀ နှစ်ခန့်နီးပါးခန့်ကြာ ရပ်နားထားခဲ့ရကာ ယခုမှ အဆင့်မြှင့်တင်ပြီး ပြန်လည်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ ပရိသတ်တွေကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကုန်ကျစရိတ်များပြားသည့် အဆင့်မြင့်နည်းပညာသုံးပြီး ဈေးနှုန်းချိုသာစွာ ပြသခြင်းဖြစ်ကြောင်း ဦးထောက်ရှူက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်လေဘေးသင့်ပြည်သူများအားတွေ့ဆုံ ထောက်ပံ့ပစ္စည်းပေးအပ်



**မုံရွာ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မေ ၂၂ ရက်နှင့် ၂၃ ရက်တို့က မိုးသီးများနှင့်အတူ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် မြို့နယ်အချို့တွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာသို့ စစ်ကိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၂၃ ရက် ညနေပိုင်းက သွားရောက်ခဲ့ပြီး ကျေးရွာနေ ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများမှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် အဝတ်အထည်၊ စောင်၊ အိုးခွက်ပုဂံနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျေးရွာနေပြည်သူများမှ လက်ခံရယူခဲ့ကြပြီး အဆိုပါအခမ်းအနားသို့ လွှတ်တော် (၃)ရပ်မှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေဘိုခရိုင် ရေဦးမြို့နယ် သံသည်ကျေးရွာ၊ ဝက်လက်မြို့နယ် ရွှေညောင်တော်ကျေးရွာနှင့် သပြေသာကျေးရွာ၊ ဒီပဲယင်းမြို့နယ် မင်းဆွေနှစ်ကျေးရွာ၊ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်ရှိ တလိုင်းကျေးရွာ၊ ကျောင်းဖြူကျေးရွာ၊ မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာများသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**ပခုက္ကူ မေ ၂၅**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ပခုက္ကူခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီခွဲက ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်အမှာစကားပြောကြားရာတွင် တရားဥပဒေစိုးမိုးရေး၊ ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းရှင်းရေး၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးကြရန်၊ အခွန်အပြည့်အဝထမ်းဆောင်ပေးရန်နှင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက အမှာစကားပြောကြားရာတွင် လွှတ်တော်အနေဖြင့် အစိုးရအဖွဲ့ကို ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လွှတ်တော်အနေဖြင့် ဥပဒေပြုရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ကိုယ်စားပြုရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပခုက္ကူနှင့် ဂန့်ဂေါမြို့နယ်တို့မှ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးလက်ရေပေးဝေရေးအတွက်ရေစက်ရုံများအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၂၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်သည် မေ ၂၄ ရက်က ညောင်ဦးမြို့သို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ရေပေးဝေရေးအတွက်အသုံးပြုလျက်ရှိသည့် ရေစက်ရုံများသို့ သွားရောက်ကာ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာရရှိစေရေးလုပ်ငန်းများဖြစ်သည့် ရေစက်ရုံများမှ ရေပေးဝေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြစ်ရေတင်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေစက်ရုံနှင့် ရေကန်များ ၊ ရေမီတာနှင့် ရေပိုက်လိုင်းများ ကောင်းမွန်မှု ရှိ-မရှိ၊ စက်ရုံများရှိ ရေတင်စက်များ ကောင်းမွန်မှု ရှိ-မရှိ၊ ရေတင်စက်များ၏ စက်မောင်းနှင်နိုင်မှုအခြေအနေများနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ရေစက်ရုံများမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိမိတို့ဒေသအလိုက် ကျေးလက်ဒေသများမှ ပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာရရှိအောင် မြစ်ရေတင်လုပ်ငန်းဖြင့် ဖြန့်ဝေပေးရာတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျဖြင့် ရေဖြန့်ဝေပေးသွားရန် လမ်းညွှန်မှာကြားခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပြည်သူများအပန်းဖြေနိုင်ရန်ကျုံးတောင်ဘက်ခြမ်းတွင် အခမဲ့ဥယျာဉ်တစ်ခုတည်ဆောက်မည်

**မန္တလေး မေ ၂၅**
မန္တလေးမြို့လယ်ဖြစ်သော ကျုံးမြို့ရိုးတောင်ဘက်ခြမ်း မြို့ရိုးနှင့်ကျုံးအကြားတွင် အများပြည်သူအနားယူအပမ်းဖြေနိုင်စေရန်အတွက် အခမဲ့ဥယျာဉ်တစ်ခုတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က ပြောသည်။

မြို့လယ်ခေါင်မှာ ပြည်သူတွေအပမ်းဖြေအနားယူဖို့ ဥယျာဉ်မရှိသေးလို့ နိုင်ငံတကာအဆင့်မီအောင် တည်ဆောက်ဖို့ အစီအစဉ်ရှိတယ်။ နန်းမြို့ရိုး၊ ကျုံးအလှနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို မထိခိုက်စေဘဲ ပြည်သူတွေ အပန်းဖြေဖို့နဲ့ အားကစားလေ့ကျင့်ဖို့လုပ်ပေးမှာပါ။ ရက် ၁၀၀ စီမံချက် ထဲမှာပါဝင်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ဥယျာဉ်ထဲတွင် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ အလှမြက်ခင်းများ စိုက်ပျိုးခြင်းဖြင့် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥယျာဉ်ထဲတွင်မိုးလွတ်ရေလွတ်အပန်းဖြေနိုင်မည့် အဆောက်အအုံများ ပါဝင်မည်ဖြစ်ပြီးသစ်ပင်/ပန်းပင်များလှူဒါန်းမည့်သူများ လည်းရှိကြောင်းသိရသည်။

မြို့တော်နေပြည်သူတွေအတွက် ကျန်းမာရေးနဲ့ ညီညွတ်အောင် ညနေပိုင်းမှာလည်းအပန်းဖြေနိုင်အောင် အချိန်ကန့်သတ်ပြီးဖွင့်ပေးမယ်။ ဥယျာဉ်ပိတ်ချိန်ကတော့နွေနဲ့ ဆောင်းတော့ အချိန်ကွာခြားမှုရှိနိုင်တယ်။ ဥယျာဉ်နဲ့သင့်တော်မယ့် ပန်းပင်/သစ်ပင်တွေစိုက်မယ်။ သစ်ပင်အကြီးတွေဆိုရင် အပင်လိုက်ရွှေ့ပြောင်းစိုက်လို့ရတယ်”ဟု မြို့တော်ဝန်က ဆက်လက်ပြောသည်။

ဥယျာဉ်တည်ဆောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်အဆင့်သို့တင်ပြကာ သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ အများပြည်သူအနားယူနိုင်သည့် ဥယျာဉ်တစ်ခုတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရပြီး ပြင်ပအလှူရှင်၊ လုပ်ငန်းရှင်များနှင့် မြို့တော်စည်ပင်သာယာတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဒေသမျိုးရင်းသစ်ပင်နဲ့ အရိပ်ကသစ်ပင်ကြီးတွေ၊ ပန်းစင်တွေရေကန်ငယ်နဲ့မျက်ခင်းတွေ ရေကြည်ရေရှင် ချောင်းလေးတွေထားပေးပါ။ ကလေးတွေအတွက်သစ်ပင်နဲ့ သဘာဝရေမြေကို ထိတွေ့ချစ်ခင်တတ်ပါစေ။ ဥယျာဉ်ထဲမှာ မန္တလေးနဲ့သက်ဆိုင်တဲ့နိုင်ငံရေး၊ အမျိုးသားရေးနဲ့သက်ဆိုင်တဲ့ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုသုခုမအကျော်အမောတွေရဲ့ ပုံတူပန်းပုနဲ့ အထ္ထုပ္ပတ္တိများထားရှိပြီး အနုပညာပြပွဲများခင်းကျင်းပြသနိုင်သည့် နေရာတွေပါဝင်သင့်တယ်”ဟု စာရေးဆရာ ဆူးငှက်ကပြောသည်။

၁၉၅၈ ခုနှစ်ဝန်းကျင်က မန်းသီတာဥယျာဉ်ဟု ကျုံးတောင်ဘက်မြို့ရိုးနှင့် ကျုံးအကြားတည်ဆောက်ခဲ့ရာ ဥယျာဉ်အတွင်းစိုက်ထူတားသည့်ကျောက်စာအရ အောင်မာဃစစ်ဆင်ရေးဆင်နွှဲရာတွင် ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲကာလကတည်းက ကျော်ကြားခဲ့သော ဗိုလ်အာဋ္ဌဝကကိုဖမ်းဆီးနိုင်သည့်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ ချီးမြှင့်သည့်ဆုငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူနှင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်းကာ သထုံတွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးပြုလုပ်

**သထုံ မေ ၂၅**
မွန်ပြည်နယ် သထုံမြို့တွင် မေ ၂၄ ရက် နံနက်က ဒေသခံပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ မြို့ဝန်းကျင်သာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သထုံမြို့၏ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီးအတွင်းအပြင်နှင့် သထုံမြို့မဈေးဝန်းကျင်တို့တွင် သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့တို့နှင့် ဒေသခံပြည်သူများ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးနန္ဒဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ နောင်ကုလားကျေးရွာ လူမှုဖွံ့ဖြိုးရေးစက်ချုပ်သင်တန်းမှ သင်တန်းသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ ခန့်ဖြင့် နံနက် ၆ နာရီမှ ၈ နာရီကျော်ထိ သန့်ရှင်းသာယာရေးကို တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**သက်ဦး(သထုံ)**

# KBZ BANK

## ရန်ကုန်ဘဏ်ခွဲ (၉၂)၊ မြန်မာစင်တာဘဏ်ခွဲ

အမှတ်(၁၉၂)၊ မြေညီထပ်(G-26/27)၊ Myanmar Centre (ဒီယက်နမ်)အဆောက်အဦ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၉)၂၆၄၈၉၉၉၀၁၂၊ ၂၆၄၈၉၉၉၀၁၃၊ ဖက်စ်(၀၉)၄၅၂၆၅၉၉၄၂

## မန္တလေးဘဏ်ခွဲ (၃၀)၊ မန်းတက္ကသိုလ်လမ်းဘဏ်ခွဲ

အမှတ်(၁၅/စ)၊ (၇၃)လမ်း၊ (၃၇× ၃၈)လမ်းကြား၊ ခြောက်သွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း(၀၂)၆၂၃၈၈၊ ၆၂၈၉၅၊ ဖက်စ်(၀၂)၆၂၈၉၀၊ ၆၂၈၉၅

## ရန်ကုန်ဘဏ်ခွဲ (၉၃)၊ ကမာရွတ် – ဒိုင်ငွေဝါလမ်းဘဏ်ခွဲ

အမှတ်(၁၈၃)၊ ဒိုင်ငွေဝါလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၅၃၈၉၅၁၊ ၅၃၈၉၅၂၊ ဖက်စ်(၀၁)၅၃၈၆၁၃၊ ၅၃၈၆၁၂

## ရန်ကုန်ဘဏ်ခွဲ (၉၄)၊ မြောက်ဥက္ကလာပ(၂)ရပ်ကွက် ဈေးဘဏ်ခွဲ

အမှတ်(၇၆/စ)၊ (၇၇/က)၊ သုခမွှေးလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၆၅၂၀၁၃၊ ၆၅၂၀၃၃၊ ဖက်စ်(၀၁)၆၅၁၀၈၄

## ရန်ကုန်ဘဏ်ခွဲ (၉၅)၊ လသာလမ်းဘဏ်ခွဲ

အမှတ်(၁၃၀/၁၃၃)၊ မြေညီထပ်၊ လသာလမ်း၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၂၅၄၂၈၀၊ ၂၅၄၂၈၁၊ ဖက်စ်(၀၁)၂၅၉၈၄၂၊ ၂၅၉၈၁၄

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဓါတက်သန် မြန်မာ့အားမာန် ကမ္ဘာ့ဆောင်**

www.kbzbank.com

## လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နယူးယောက် USA နေ
Dr. ဦးအောင်ဖေယျ (M.D, Physician) နှင့် Dr. ဒေါ်အေးအေးသန်း
တို့၏သားငယ်
**Dr. အောင်မျိုးအေး (M.D, Rheumatology)**
**Albany Medical Centre**
နှင့်
ရန်ကုန်မြို့နေ
Dr. ဦးအေးလွင် (ရွှေဂုံတိုင်အထူးကုဆေးရုံ) နှင့် ဒေါ်သဉ္ဇာရွှေ
တို့၏သမီးကြီး
**Dr. သုသုအောင် (M.D, Pediatrics)**
**Richmond University Medical Centre, Staten Island, New York**
တို့၏ 3.4.2016 တွင် မြန်မာဗုဒ္ဓဘာသာသာသနာ့ဗိမာန်ကြီးကျောင်း Bergen Street, Brooklyn, New York တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲ နှင့် 10.4.2016 တွင် Douglaston Manor, New York တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော သူငယ်ချင်း၊ ဆွေမျိုး မိတ်သင်္ဂဟများအားအထူးကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
Dr. အောင်မျိုးအေး - Dr. သုသုအောင်

## ကမ္ဘာ့ဌာန်းရိပ်သာ-လေးထပ်-သိမ်-ဓမ္မာရုံတော်ကြီး ကျောင်းဒကာ ကျောင်းအမ-ခံယူနိုင်ကြပါပြီ

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်တည်ဆောက်သည့် ဝိပဿနာ ကမ္ဘာ့ဌာန်းရိပ်သာ အတွင်း၌ လေးထပ် - သိမ် - ဓမ္မာရုံတော်ကြီးကို တည်ဆောက်လျက်ရှိရာ တစ်ဦးချင်းဖြစ်စေ အများစုပေါင်း ဖြစ်စေ အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်း ကုသိုလ်ယူနိုင် ကြပါပြီ။

၁။ သိမ်အလှူ - ကျောင်းအလှူ - ဒုတ်တံတိုင်းအလှူ - ပဒေသာပင်အလှူ - ၅၀၀၀ဝိ/ကျပ်စီ
၂။ ယောဂီများ အတွက် ဆွမ်းစား ကျောင်းသုံး ပရိဘောဂအစုံ - သိန်း (၄၀)
၃။ သံဃာဆောင် အခန်းသေး (၃) ခန်း ရှိရာ တစ်ခန်းလျှင် (ကမ္ပည်းထိုးပေးမည်) - (၃၅) သိန်း
၄။ သံဃာဆောင် အခန်းကြီး (၃) ခန်း ရှိရာ တစ်ခန်းလျှင် (ကမ္ပည်းထိုးပေးမည်) - (၆၅) သိန်း
၅။ လေးထပ်ရှိရာ တစ်ထပ်လျှင် သိန်း (၁၆၀) လေးထပ် တစ်ကျောင်းလုံး - သိန်း (၁၄၄၀)

**ဆက်သွယ်ရန်**
ကိုးဘွဲ့ရ သာသနာ့ပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၈ ၇၀ ၇၇ ၉၆၉ ၊ ၀၉-၇၀ ၇၀ ၈၈ ၉၆၉ ၊ ၀၉-၂၁ ၁၀ ၃၀၅ ၊ ၀၉-၇၀၇ ၆၆၆၆ ၇၀

**DADDY (ဒယ်ဒီ)**
**ဂေါ်ရန်ဂျီကျွန်း**
၇၀၀၀ဝိ/- ဇိုက်ငြိမ်း (၂ည ၃ ရက်)
မေ - ၂၉၊ ဇွန် - ၃ ထွက်မည်။

**ရွှေလမ်းငွေလမ်း ● ချောင်းသာ ● နေ့ခင်း**

| | |
|---|---|
| ● ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက် | H 100000/ G 70000 |
| ● ဝက်ကိုင်း၊ မန္တလေး၊ မြင်ဦးလွင်၊ နီးဘုရား၊ စီးခုတ်ရေပြာအိုင်၊ ရွှေဘို (၃)ရက် | H 100000/ G 70000 |
| ● တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထန်မံ၊ မြဝတီ (၄)ရက် | H 110000/ G 70000 |
| ● ပုဂံ၊ စွယ်တော်လေးဆူ၊ မန္တလေး၊ မြင်ဦးလွင် ... (၆)ရက် | H 180000/ G 110000 |
| ● ရှမ်း၊ မြောက်ဦး၊ စစ်တွေ၊ ပေလီ၊ ကမ်းသာယာ ... (၇)ရက် May 20 - | G 170000/ M 120000 |

Ph: 09-421041017, 09-799499896, 09-776076976

**CREATION STRENGTH Co., Ltd. မှ ကြီးမှူးကျင်းပသော**

## အရစ်ကျဝယ်ယူနိုင်သော ကွန်ဒိုများ၊ တိုက်ခန်းများ၊ မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချမည့်ပြပွဲကြီး

# THE BEST OF MYANMAR HOUSING, LIFESTYLE & CAR SHOW

နေ့ရက်- ၂၈.၄.၂၀၁၆ မှ ၁.၅.၂၀၁၆ အထိ အချိန်- နံနက် (၉း၀၀) နာရီမှ ည (၆း၀၀) နာရီထိ နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
ပါဝင်ပြသလိုသော ကုမ္ပဏီကြီးများဆက်သွယ်ရန် - ဖုန်း - ၀၉-၄၅၀၀၄၅၀၀၃၊ ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၁၆၁၁၁




# POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် အရိုးအကြောနှင့်ပတ်သက်သော ရောဂါများ၊ အဆစ်အမြစ်ရောင်ခြင်း၊ ကြိုးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။




MM Reg No. 1809AA6180
MADE IN FINLAND

- City Mart ဆိုင်ခွဲများ ၊ စိန်ဂေဟာဆိုင်ခွဲများ ၊ CAPITAL hypermarket ၊ Gandamar Wholesale ၊ RUBY MART ၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၃၀၄

၂၀၁၆ ခုနှစ် ၊ မေလ ထွက်ပြီ။

- Stock Exchange အပေါ် ပညာရှင်အမြင်
- အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း
- စားပွဲမှာထိုင်ရင်းပြုလုပ်နိုင်တဲ့ ယောဂလေ့ကျင့်ခန်းများ
- ၂၄ / ၇ ခေါင်းဆောင်မှု
- လူငယ်နှင့် ခြေလှမ်းများ




တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ ၁၉၂၊ အဘယာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၂၄၄၇
၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်

## 21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ပြည်လမ်းဉ္ဇီးဝါဂါကွင်းရှေ့/ ကမ္ဘာအေးဘုရားလမ်း/ဗိုလ်ချုပ်လမ်းတောကူရာရှေ့/ပန်းဆိုးတန်း ဂုံတံတား)
ပုသိမ် (မဟာဗန္ဓုလလမ်းမကြီးပေါ် ပုသိမ်တက္ကသိုလ်အဝင်လမ်းထောင့်)
မိတ္ထီလာ (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမပေါ် သိဒ္ဓိအောင်လမ်းထောင့်)
ပြည် (ရန်ကုန်ပြည်လမ်းမပေါ် ဇေယျာဝတီလမ်းထောင့်/နဝဒေးလမ်းဆုံ)
မုံရွာ (နာရီစင်လမ်းဆုံ)
လားရှိုး (ပြည်တော်စုလမ်းမ လမ်းလေယာဉ်ကွင်းမဟာဗျူဟာထောင့်)
ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း/ ၁၁၅မိုင်နားနေစခန်းအနီး/ နေပြည်တော် TOLL-GATE)

KING MAKER

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201




T.Club It's cool!
၂၀၁၆ ခုနှစ်၊ မေလထုတ် ထွက်ပြီ
www.facebook.com/TClubMyanmar

စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါသည်။ မရပါက တူဒေးစာအုပ်တိုက် ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၈၃၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၀၉ ၇၃၁၀၉၈၁၃ သို့မှာပါ။ ၁,၀၀၀ ကျပ်

## တိုက်ခန်းရောင်းမည်

ပုဇွန်တောင်မြို့နယ်၊ YMBA အနီး ပေ(၁၅×၆၀)၊ ပ-ထပ်၊ ပါကေးခင်း၊ 2BR, 2AC (မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ)ကြွေပြားခင်း၊ ပြင်ဆင်ပြီး၊ ပြတင်းပေါက် သံပန်းတံခါးတပ်ပြီး၊ ဘိုထိုင်
ဖုန်း-၀၉-၃၀၂၅၆၃၃၂၊ ၀၉-၄၅၀၇၁၉၈၀၈

## ကောင်းဆုဝေကျောင်းတိုက် ကျောင်းဝင်ခွင့်ဖောင်များ ထုတ်ယူနိုင်ခြင်း

အကြီးတန်းအောင်မြင်ပြီးနှင့် ဓမ္မာစရိယဘွဲ့ရပြီး ရဟန်းသံဃာတော်များကို အင်္ဂလိပ်ဘာသာစကား ရေး၊ ဖတ်၊ ပြော နားလည်ကျွမ်းကျင်မှုလေးမျိုးကို ကောင်းဆုဝေကျောင်းတိုက်(မင်္ဂလာဒုံမြို့နယ်)၌ ကျောင်းနေ သံဃာအဖြစ် လက်ခံပြီး သင်ကြားပေးမည် ဖြစ်ပါသည်။ နှစ်ဆန်း(၃)ရက် ၁၉-၄-၂၀၁၆ ရက်မှစတင်ပြီး ဝင်ခွင့်ဖောင်များ လာရောက်ထုတ်ယူ နိုင်ပါသည်။

၄၃(ပုလဲ)၊ ၁၀၂ကား ဂိတ်ဆုံးစီး၊ ကောင်းဆုဝေကျောင်းတိုက်၊
ကုန်းတလပေါင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၈၀၄၇၁၂၂၊ ၀၉-၄၅၃၅၂၉၁၀၀၊
၀၉-၄၅၀၀၆၅၀၂၀

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA)အဘိဓမ္မာသင်တန်းများဖွင့်လှစ်မည်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(YMBA) အသင်းခန်းမတွင် ၁၃၇၈ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ ၇-၅-၂၀၁၆ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

သင်တန်းတွင် အဘိဓမ္မာဆရာကြီး ဦးမြင့်စိုး(ဓမ္မစရိယ)၊ ပါဠိပါရဂူ၊ တွဲဖက်ပါမောက္ခဦးစီး၍အဘိဓမ္မာဆရာကြီးများက ပို့ချပေးသွားမည်ဖြစ်ပါသည်။ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှစတင်၍ သင်ကြားပေးသွားမည် ဖြစ်ပါသည်။ ၉-၁၀-၂၀၁၆ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။ သင်တန်းတက်လိုသူများသည် (YMBA) အသင်းရုံး၊ ၇၅/၇၇၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်တွင် သင်တန်းဝင်လျှောက်လွှာများ အခမဲ့ထုတ်ယူနိုင်ပါသည်။

(YMBA)အသင်းချုပ်ကဖွင့်လှစ်သော အဘိဓမ္မာသင်တန်းတွင် အောင်မြင်သူများအား ကလျာဏယုဝနှင့် ကလျာဏယုဝတီ အောင်လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အဘိဓမ္မာဆရာကြီး ဦးကျော်ထွန်း၏ ဆုချီးမြှင့်ငွေကျပ်တစ်သိန်းစီကို ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့
**YMBA** အသင်းချုပ်

## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးထွန်းကြည် (ဦးစီးမှူး-ငြိမ်း၊ ဆည်မြောင်း) နှင့် ချစ်သောမေမေ ဒေါ်ခင်သန့်စင်(ဒု-ကြီး/မှူး-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)တို့၏ ၂၆-၄-၂၀၁၆ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများစွာဖြင့် ပြီးပြည့်စုံသော အနာဂတ်ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - အိရွှေစင်ထွန်း**B.E(IT)M.Sc (Information System) NTU Singapore**
သားငယ် - အောင်ကိုထွန်း **B.Sc(Hons)Nautical Science, Myanmar Maritime University**

## ပြင်ဆင်ပြီး/ကွန်ဒိုတိုက်ခန်းရောင်းမည်

၁။ စမ်းချောင်း၊ ပေ(၁၅×၆၀)4.F(၅လွှာ)၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ အိပ်ခန်း(၂)၊ ဘိုထိုင်၊ သံပန်းဆန်းရှိတ်၊ ကောနစ်အားလုံး အထူးပြင်ဆင်ပြီး၊ တိုက်သန့် (နေရာကောင်း)။
၂။ စမ်းချောင်း၊ ပေ(၁၂½×၅၀) မြေညီ (ထပ်ခိုး)ပါ၊ MBR(1) Aircon (2)၊ ရေပူရေအေး၊ ဘိုထိုင်၊ ကြွေပြားပြည့်၊ အားလုံးပြင်ဆင်ပြီး၊ တိုက်ခန်း(သန့်) လမ်းမအနီး။
၃။ စမ်းချောင်းပေ(၂၅×၅၀)၊ 2.F (၃လွှာ)၊ ကျွန်းပါကေး၊ MBR(1),BR(1)ဖုန်းကောနစ်၊ဘိုထိုင်၊ကြွေပြား၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်း(သစ်) ဓာတ်လှေကားပါ။
(ပွဲစားမလို) ဖုန်း-၀၉-၇၈၉၉၅၉၁၂၀၊ ၀၉-၄၂၀၁၂၈၈၇၅

KBZSC

## မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ စတော့ရှယ်ယာ ရောင်းဝယ်လိုသူများအား ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံ၌ ပထမဆုံးပေါ်ထွက်ခဲ့သည့် ရန်ကုန်စတော့ အိတ်ချိန်း၌ စတော့ရှယ်ယာ ရောင်းဝယ်ခြင်းအား ၂၅. ၃. ၂၀၁၆ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခွင့်ပြုခဲ့ရာ မကြာမီကာလတွင် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ စတော့ရှယ်ယာများအား ရင်းနှီးမြှုပ်နှံလိုသူ ပြည်သူအများသို့ ရောင်းဝယ်ခွင့်ပြုသွားတော့မည်ဖြစ်ပါသည်။

၂။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပက်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်စာရင်း ( Trading Account ) တစ်ခုဖွင့်လှစ်ရန် မလွဲမသွေ လိုအပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ KBZ ဘဏ်ခွဲအသီးသီးသို့ ဆက်သွယ်ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| ရန်ကုန်တိုင်းဒေသကြီး | မြန်မာစင်တာဘဏ်ခွဲ ၊ အင်းယားလမ်းဘဏ်ခွဲ ၊ ရန်ကင်းဘဏ်ခွဲ ၊ တက္ကသိုလ်လမ်းဘဏ်ခွဲ (၂) ၊ ဗိုလ်မြတ်ထွန်းလမ်းဘဏ်ခွဲ ၊ ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ ၊ ဒဂုံစင်တာဘဏ်ခွဲ ၊ ၇ မိုင်ဘဏ်ခွဲ ၊ ၉ မိုင်ဘဏ်ခွဲ ၊ ခိုင်ရွှေဝါလမ်းဘဏ်ခွဲ ၊ လမင်းသာယာကွန်ဒိုဘဏ်ခွဲ ၊ ဆော်လီကွေ့ဘဏ်ခွဲ ၊ ထီးတန်းဘဏ်ခွဲ ၊ သစ္စာလမ်းဘဏ်ခွဲ သုမင်္ဂလာလမ်းဘဏ်ခွဲ ၊ မြောက်ဥက္ကလာဘဏ်ခွဲ(၂) ၊ စံပြဈေးဘဏ်ခွဲ ၊ မြောက်ဒဂုံဘဏ်ခွဲ(၃) ၊ လှိုင်သာယာဘဏ်ခွဲ(၄) ၊ လှိုင်သာယာဘဏ်ခွဲ(၅) ၊ |
| မန္တလေးတိုင်းဒေသကြီး | မန္တလေးဘဏ်ခွဲ(၁) ၊ မန္တလေးဘဏ်ခွဲ(၂) ၊ မန္တလေးဘဏ်ခွဲ(၃) ၊ မန္တလေးဘဏ်ခွဲ(၄) ၊ မင်္ဂလာဈေးဘဏ်ခွဲ ၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ ၊ မန္တလေးဘဏ်ခွဲ(၇) ၊ မန္တလေးဘဏ်ခွဲ(၈)၊ မန္တလေးဘဏ်ခွဲ(၉)၊ မန္တလေး ဘဏ်ခွဲ(၁၀)၊ မိတ္ထီလာဘဏ်ခွဲ(၁)၊ မိတ္ထီလာဘဏ်ခွဲ(၂)၊ မိတ္ထီလာဘဏ်ခွဲ(၃)၊ မိတ္ထီလာဘဏ်ခွဲ(၄)၊ မိတ္ထီလာဘဏ်ခွဲ(၅)၊ |
| ပဲခူးတိုင်းဒေသကြီး | ပဲခူးဘဏ်ခွဲ(၂) ၊ |
| စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာဘဏ်ခွဲ(၁) ၊ မုံရွာဘဏ်ခွဲ(၂)၊ |
| မကွေးတိုင်းဒေသကြီး | မကွေးဘဏ်ခွဲ(၁) ၊ မကွေးဘဏ်ခွဲ(၂)၊ |
| နေပြည်တော်တိုင်းဒေသကြီး | နေပြည်တော်ဘဏ်ခွဲ(၁) ၊ နေပြည်တော်ဘဏ်ခွဲ(၂) ၊ နေပြည်တော်ဘဏ်ခွဲ(၃) ၊ နေပြည်တော်ဘဏ်ခွဲ(၄) ၊ |
| ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်ဘဏ်ခွဲ(၁) ၊ ပုသိမ်ဘဏ်ခွဲ(၂) ၊ |
| ရှမ်းပြည်နယ်တောင်ပိုင်း | တောင်ကြီးဘဏ်ခွဲ(၁) ၊ တောင်ကြီးဘဏ်ခွဲ(၂) ၊ တောင်ကြီးဘဏ်ခွဲ(၃) ၊ |
| ရှမ်းပြည်နယ်မြောက်ပိုင်း | မူဆယ်ဘဏ်ခွဲ(၁) ၊ |
| မွန်ပြည်နယ် | မော်လမြိုင်ဘဏ်ခွဲ(၁) ၊ မော်လမြိုင်ဘဏ်ခွဲ(၂) ၊ မော်လမြိုင်ဘဏ်ခွဲ(၃) ၊ |

၃။ Trading Account ဖွင့်လှစ်လိုသူမည်သူမဆို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဘဏ်စာရင်း ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် အထက်ပါဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

၄။ လူကြီးမင်းတို့အနေဖြင့် မြန်မာ့နှစ်ကူးအခါသမယ၌ စတော့ရှယ်ယာရောင်းချခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းကာ စီးပွားလာဘ်လာဘများ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

KBZ Stirting Coleman Co.,Ltd.
အခန်းအမှတ် (၁၀၅)၊ မြေညီထပ်၊ Strand Square ၊ အမှတ်(၅၃)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။



## ဆရာဦးအောင်မြင့် (သချာ်) စီစဥ်ညွှန်ကြားသော... အောင်ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း

၅၆၊ ၇၈၊ ၈၉၊ ၁၀ တန်း

- ဘော်ဒါ
- ရှယ်ပိုင်း
- CAMP

Since 1968

ဧပြီလ (၂၁) ရက်နေ့ ဖွင့်ပြီ။

PH: 09 43089485, 09 4200044659, 09 421132073, 01 647697

Green Card ရှိသော ဆရာ၊ ဆရာမများ Guide များ လာရောက်လျှောက်ထားနိုင်သည်။

ကိုယ်ပိုင်အထက်တန်းကျောင်းတက်သူများအတွက်

ဘော်ဒါဆောင်နေ ကျောင်းသားကျောင်းသူများအတွက်

---

## ပုဗ္ဗဗာဟု — ပုံမှန်ထုတ်ဝေသော ဗဟုသုတမဂ္ဂဇင်း

Email: knowledgelight16@gmail.com

မြတ်စာပေတိုက်မှ ထုတ်ဝေသည်။

---

ဖိုးဖိုးဘွားဘွားပြည်ကြီးနှင့်ဘွားဘွားဒေါ်ကြီးတို့၏မျိုးဆက်များ တွေ့ဆုံပွဲဖိတ်ကြားလွှာ

---

## Y.E.S. International English Language Centre

Since 1994

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် အဲ့ကြို အဲ့ရများအတွက်

**Basic Spoken English**
- Sat & Sun - 12:30-3:30 pm — 2 Apr
- Mon to Thurs-10:00-12:00 am — 25 Apr
- Mon to Thurs-3:00-5:00 pm — 25 Apr
- Mon to Thurs-5:30-7:00 pm — 25 Apr
- Sat & Sun - 9:00-12:00 am — 30 Apr
- Sat & Sun - 12:30-30:30 pm — 30 Apr

**Pre-Intermediate English**
- Mon toThurs 1:00-3:00pm — 25 Apr
- Sat & Sun - 12:30-3:30 pm — 30 Apr

**Vocabulary Enrichment Course**
- Mon to Thurs 3:30-5:00pm — 25 Apr

**Grammar Foundation Course**
- Mon to Thurs - 10:00-12:00am — 25 Apr
- Sat & Sun - 9:00-12:00 pm — 30 Apr

**Structure & Written Expression**
- Sat & Sun - 9:00-12:00 am — 23 Apr
- Mon to Thurs - 1:00-3:00 pm — 25 Apr
- Sat & Sun - 3:30-6:30 pm — 30 Apr

**Basic Writing Course**
- San & Sun - 3:45 - 6:15 pm — 30 Apr

TOEFL, SAT, IELTS, API, AWC, IE, VEC.

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

---

## လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်း (Human Resource Management Training)

MYANMAR'S LAND — Success, Motivation and Management Institute

HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက်...

8-5-2016 စမည်။

Every Sun : 2 pm to 5 pm (2 Months) Limited Seats !

မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်း အသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။



Lecturer
ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)

ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဥ်သင်ကြားပို့ချပေးသည်။

Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland

Can Contact : 01 503172, 09 259290274, 09 259290273, 09 32350785, 09 43121060

---

## NAY LIN AUNG — FINANCE & ACCOUNTANCY ACADEMY

Enroll May 1

# LCCI(UK) Level I,II & III

For December 2016 Exam

CPA Part-I (42 Batch)

Tel: 01 556425, 09 30167272, 09 971490303, 09 961655155

---

## YCTC Business Institute

Executive Seminar in Issues in Logistics & Supply Chain Industry

Speaker : Mr. Syed Ali, Senior Regional Director, Purchasing And Supply Association Singapore (PASAS)

သင်တန်းနေရာ — Seminar Room, YCTC Business Institute

ရက်/အချိန် — May 21 (Sat) : 9:00 am to 5:00 pm; May 22 (Sun) : 9:00 am to 5:00 pm

PASAS (S'pore) မှ Certificate ပေးအပ်ချီးမြှင့်ပါမည်။

Enroll Now! 01-393076, 09-420118100, 09-250640429

( Park Royal Hotel အနီး)

---

## The 1st Japanese SME Technology Exhibition

Date: 28th and 29th April 2016,
Time: 28th 10 am – 5 pm, 29th 10 am – 3 pm

Site: Myanmar Engineering Society (headquarters bldg : Function Hall) Hlaing Universities Campus, Hlaing Township Thamine College St.,Yangon

Contact : TEL 09-49275951, 09-798396208

Charge: Free

organized: Business Support Co., Ltd
co-organized: AJMMC Association of Japan Myanmar Mutual Cooperation

---

## Think in English

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသောကျောင်းသားကျောင်းသူများ

Pre University Course ဖွင့်ပါပြီ။

- Presentation skills
- Report writing
- Interpreting data
- And other critical thinking skills

မေ ၃ ရက် ဖွင့်မည်

Tel: 09425026102 No.3 U Weik Zar Street Pazundaung Yangon info@thinkinenglish.co

---

## D FASHION

Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်

ဖက်ရှင်ဒီဇိုင်းသင်တန်း

**Course (I)**
- အမျိုးသမီးစကတ်အမျိုးမျိုး
- Blouses,Shirt အမျိုးမျိုး
- ဂါဝန်အမျိုးမျိုး

**Course (II)**
- ဘောင်းဘီအမျိုးမျိုး
- ဂျက်ကက်
- ကုတ်အမျိုးမျိုး

**Course (III)**
- ဖယောင်းတိုက်ဝတ်စုံအမျိုးမျိုး

**Course (IV)**
- အမျိုးသား Vest, T-Shirt, Shirt, Jacket, Coat, Trouser

ဒီဇိုင်းများတီထွင်ဆွဲစားခြင်း
- Illustration
- Designer's Tool
- Principal of Design
- Present/Past/Future Silhouette

Pattern များရေးဆွဲလေ့ကျင့်ခြင်း (Pattern Drafting)
ဝိတ်သားဖြင့်လက်တွေ့ချုပ်လုပ်ခြင်း (Cutting & Making)
အသေးစိတ်အလှဆင်ခြင်းအမျိုးမျိုး (Detail by Triming)

LEVELတိုင်းအတွက်

U,အေးနန်းမြင့်(B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)နှင့် ဒေါ်နိုင်နိုင်
တို့မှစနစ်အကျဆုံး စင်တီမီတာတိုင်းတာနည်းဖြင့် စာတွေ့လက်တွေ့သင်ကြားသည်။

☎: 206148, 09-503 4163

# ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရှင်ဖြစ်လာတဲ့ လက်စတာစီးတီးအသင်းကွင်းလယ်ကစားသမား မာရက်ဇ်




ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့ကပေးအပ်တဲ့ ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပရီမီယာလိဂ်ကလပ် လက်စတာစီးတီးအသင်းမှ မာရက်ဇ်က ဆွတ်ခူးရရှိခဲ့ပါတယ်။

ကွင်းလယ်ကစားသမား မာရက်ဇ်ဟာ ပရီမီယာလိဂ်ပွဲစဉ်(၃၄)ပွဲမှာ သွင်းဂိုး ၁၇ ဂိုး အထိ သွင်းယူပေးနိုင်ခဲ့တဲ့အပြင် အခြားကစားသမားတွေ ဂိုးသွင်းနိုင်အောင်လည်း ဂိုးဖန်တီးပေးမှု ၁၁ ကြိမ်အထိ ဖန်တီးပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး လည်းဖြစ်ပါတယ်။

အဲဒါကြောင့် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့ကပေးတဲ့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို အယ်လ်ဂျီးရီးယားကြယ်ပွင့် မာရက်ဇ်က ထိုက်ထိုက်တန်တန်ဆွတ်ခူးသွားခဲ့တာဖြစ်ပါတယ်။ ပီအက်ဖ်အေရဲ့ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကိုတော့ အသက်(၂၀)အရွယ်ရှိ စပါးအသင်းကွင်းလယ်ကစားသမား ဒီလီအယ်လ်လီက ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကိုတော့ မန်စီးတီးတိုက်စစ်မှူး ခရစ္စတီယန်ဆန်က ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးလူငယ်ကစားသမားဆုကိုတော့ ဆန်းဒါးလန်းအသင်းက အသက်(၂၀)အရွယ်ရှိ တိုက်စစ်မှူး ဘတ်မက်ဒ်က ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အသက်(၂၅)နှစ်အရွယ်ရှိကွင်းလယ်ကစားသမား မာရက်ဇ်ဟာ ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို စပါးအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး ဟယ်ရီကိန်း၊ အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်၊ ဝက်စ်ဟမ်းတိုက်စစ်မှူး ပါရက်၊ လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီနှင့် ကန်တီတို့ကိုကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်တယ်။

မာရက်ဇ်ဟာ ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၂၇၉၅ မိနစ် ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၇ ဂိုး၊ ဂိုးဖန်တီးပေးမှု ၁၁ ကြိမ်၊ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ၃၀၀၈ မိနစ်ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၂၄ ဂိုး၊ ဂိုးဖန်တီး ပေးမှု တစ်ကြိမ်၊ တိုက်စစ်မှူး ဗာဒီဟာ ၂၉၅၉ မိနစ်ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၂၂ ဂိုး၊ ဂိုးဖန်တီးပေးမှုခြောက်ကြိမ်၊ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ۞

# အား/ကာသိပ္ပံ(ရန်ကုန်) နွေရာသီအားကစားသင်တန်း အားကစားနည်း ၁၆ မျိုး သင်ကြား


နွေရာသီဘတ်စကက်ဘောသင်တန်း၌ လူငယ်လေးများ သင်ယူနေစဉ်။

**နေပြည်တော် မေ ၂၅**

ကျောင်းနေအရွယ် ကလေးသူငယ်များ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်မှုတို့ကို အထောက်အကူပြုစေရန် အား/ကာသိပ္ပံ(ရန်ကုန်)က နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ နွေရာသီအားကစားသင်တန်းများကို မေ ၂၅ ရက်မှ စတင်ကာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ နွေရာသီအားကစားသင်တန်းများအဖြစ် ဘောလုံး၊ ဘတ်စကက်ဘော၊ ရေကူး၊ ကြက်တောင်၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တင်းနစ်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ **စာမျက်နှာ ၁၃ ကော်လံ ၄ သို့** ❖

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ သရက်ခြံသမားများ လေဒဏ်၊ မိုးသီးဒဏ်ကြောင့် အရှုံးပေါ်၊ အချဉ်ဖတ်ကို နေ့၊ ည လှီးနေရ
စာမျက်နှာ - ၁၅

မြန်မာ-ထိုင်း ချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ကျင်းပ
စာမျက်နှာ - ၁၉

အစိုးရသစ်နှင့် ပုဂ္ဂလိက ဆက်ဆံရေးသစ်
စာမျက်နှာ - ၂၀

ပြည်သူများ အပန်းဖြေနိုင်ရန် ကျုံးတောင်ဘက်ခြမ်းတွင် အခမဲ့ဥယျာဉ်တစ်ခု တည်ဆောက်မည်
စာမျက်နှာ - ၂၁

